# လောကကို သုညဆိုက်အောင်သာ ကြည့်ပါ

## (စူဠသုညတသုတ္တန် တရားဒေသနာတော်)

### ဖားအောက်တောရဆရာတော်



**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**

**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။

အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။

မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏။

ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်

အဓွန့်ရှည်စွာ တည်ပါစေသတည်း။

သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


နိဒါနကထာ . . . . . . . . . . . . . . . . . . . . . . . . . . . ဆ
နိဗ္ဗာနဓာတုသုတ္တန်
(သဥပါဒိသေသနိဗ္ဗာနဓာတ် + အနုပါဒိသေသနိဗ္ဗာနဓာတ်) . . . ဇ
အဋ္ဌကထာ၏ရှင်းလင်းချက် . . . . . . . . . . . . . . . . . . . . . ဋ္ဌ
အကြောင်းပရိယာယ်တစ်မျိုး -- . . . . . . . . . . . . . . . . . . . ဍ္ဎ
နိရောဓသစ္စာ . . . . . . . . . . . . . . . . . . . . . . . . . . . ပ
အဇာတသုတ္တန် . . . . . . . . . . . . . . . . . . . . . . . . . . တ
ပထမနိဗ္ဗာနပဋိသံယုတ္တသုတ် . . . . . . . . . . . . . . . . . . . . န
ဒုတိယနိဗ္ဗာနပဋိသံယုတ္တသုတ် . . . . . . . . . . . . . . . . . . . ဖ
အင်္ဂုဝဏ္ဏသုတ္တန်ကောက်နုတ်ချက် . . . . . . . . . . . . . . . . . . ဗ
အာသဝက္ခယသုတ္တန် . . . . . . . . . . . . . . . . . . . . . . . . ဝ
ပပါတသုတ္တန် . . . . . . . . . . . . . . . . . . . . . . . . . . ဟ
တိုက်တွန်းချက် ဉယျောဇဉ် . . . . . . . . . . . . . . . . . . . . . ဤ
**လောကကို သုညဆိုက်အောင်သာ ကြည့်ပါ** . . . . . . . . . . . . . . ၁
လောကကို သုညဖြစ်အောင် ကြည့်ပါ . . . . . . . . . . . . . . . . . ၃
ပုဗ္ဗယောဂကျင့်စဉ် . . . . . . . . . . . . . . . . . . . . . . . . ၁၀
သောတာနုဂတသုတ္တန် ကောက်နုတ်ချက် . . . . . . . . . . . . . . . ၁၁
ရှင်သေမင်း မမြင်နိုင်သူ . . . . . . . . . . . . . . . . . . . . . . ၂၀
စူဠသုညတသုတ္တန် နိဒါန်း . . . . . . . . . . . . . . . . . . . . . ၂၁
ပုဗ္ဗာရုံကျောင်း၏ သုညတသဘာဝ . . . . . . . . . . . . . . . . . . ၃၀
အရညသညာ . . . . . . . . . . . . . . . . . . . . . . . . . . . ၃၂
ရွာဟူသောအမှတ်သညာမှ ဆိတ်သုဉ်းမှုသဘော . . . . . . . . . . . ၃၅
လူဟူသော အမှတ်သညာမှ ဆိတ်သုဉ်းမှုသဘော . . . . . . . . . . . ၃၅

**အကြောင်းအရာ** **စာမျက်နှာ**

ပထဝီသညာ .............................. ၄၂

**အာနာပါနကမ္မဋ္ဌာန်းပိုင်း** .................... ၄၉

ခန္ဓာကိုယ် အနေအထား.......................... ၄၉
ဝင်လေထွက်လေဆိုတဲ့ ကမ္မဋ္ဌာန်းအာရုံပေါ်သို့
    သတိကို ရှေးရှုကပ်ထားပါ......................... ၅၁
ပြည့်စုံရမည့် အင်္ဂါ (၃)ရပ် ......................... ၅၂
ပယ်ရှားရမည့်အင်္ဂါ (၂)ရပ် ........................ ၅၆
သတိမြဲပါစေ ............................... ၅၇
အရှည် – အတို .............................. ၅၈
အစ-အလယ်-အဆုံး အကုန်လုံးကို ထင်ထင်ရှားရှားသိအောင် ရှုပါ ၆၀
ဝင်လေထွက်လေ ထိသည့်နေရာ .................... ၆၁
ကကစူပမာ = လွှဥပမာ ......................... ၆၂
ဧဠမာပက = စပါးခြင်သမား ရေတွက်နည်း ............. ၆၄
သမာဓိကို ထူထောင်ပါ ........................ ၆၆
ရုပ်ဟူသည် .................................. ၆၈
သစ္စာလေးပါးကို သိရန် ......................... ၇၂
ကူဋ္ဌာဂါရသုတ္တန် ............................. ၈၀
မဟာနိဒါနသုတ္တန် ............................. ၈၃
အဋ္ဌကထာကြီးများ၏ ရှင်းလင်းချက် .................. ၈၇
သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိရှိရေးအတွက်သာ ........ ၈၉
ဖောင်ဥပမာရှိသောတရား......................... ၉၀
အစ-အလယ်-အဆုံးကို ထင်ထင်ရှားရှား သိအောင် ကျင့်ပါ..... ၉၁
ငြိမ်သက် သိမ်မွေ့ခြင်း - ငြိမ်းခြင်း .................. ၉၃
အာနာပါနနိမိတ်၏ ပေါ်စအချိန် .................... ၉၅
ပရိကမ္မနိမိတ် - ဥဂ္ဂဟနိမိတ် ..................... ၁၀၁

**အကြောင်းအရာ** **စာမျက်နှာ**

ပဋိဘာဂနိမိတ် ........................... ၁၀၂
ပြိုးပြိုးပြက် တလက်လက် တောက်ပလတ်သော် .......... ၁၀၅
ဤသို့ မကြာခဏ ဆင်ခြင်ပါ .................. ၁၀၇
ကုမ္မောပမသုတ္တန် ......................... ၁၀၉
မနောဒွါရ = ဘဝင်မနောအကြည်ဆိုတာ ဘာလဲ? ......... ၁၁၃
ဈာန်နှင့် အဘိညာဏ် ထူးခြားချက်................... ၁၂၀
ဥပစာရသမာဓိနှင့် အပ္ပနာဈာန်သမာဓိတို့၏ ထူးခြားချက် ..... ၁၂၃
အပရိဇာနနသုတ္တန် ကောက်နုတ်ချက် .............. ၁၂၆
ပထမဈာန်သို့............................. ၁၃၀
ဝသီဘော် ငါးတန် ......................... ၁၃၂
ဂါဝီဥပမာသုတ္တန် မှတ်ချက် ................... ၁၃၃
ဒုတိယဈာန်သို့ ........................... ၁၃၅
သတိပြုရန် အချက်တစ်ရပ် .................... ၁၃၇
ဗောဇ္ဈင် (၇)ပါး ညီမျှရေး .................... ၁၃၈
တတိယဈာန်သို့ ........................... ၁၄၀
စတုတ္ထဈာန်သို့ ........................... ၁၄၂
(၃၂)ကောဋ္ဌာသသို့........................... ၁၄၇
လမ်းသုံးသွယ် ........................... ၁၅၂
ပဋိကူလမနသိကာရလမ်း .................... ၁၅၄
ဩဒါတ = အဖြူရောင်ကသိုဏ်း ................. ၁၆၂
နီလကသိုဏ်း + ပီတကသိုဏ်း.................... ၁၆၆
အညိုရောင်ကသိုဏ်း + အဝါရောင်ကသိုဏ်း............. ၁၆၆
လောဟိတ = အနီရောင်ကသိုဏ်း ................. ၁၆၇
ဗဟိဒ္ဓ သက်မဲ့လောကသို့ ..................... ၁၆၈
ယောနိသောမနသိကာရတစ်မျိုး ................. ၁၇၀

## ဃ ☸ လောကကို သုညဆိုက်အောင်သာ ကြည့်ပါ (စူဠသုညတသုတ္တန်)

**အကြောင်းအရာ** **စာမျက်နှာ**


ပထဝီကသိုဏ်း . . . . . . . . . . . . . . . . . . . . . . . . . . ၁၇၁
ပထဝီသညာ . . . . . . . . . . . . . . . . . . . . . . . . . . ၁၇၃
နွားလားဥသဘ၏ သားရေပမာ . . . . . . . . . . . . . . . . . . . ၁၇၅
ပူပန်မှုတွေ ငြိမ်းအေး ရပ်စဲသွားပြီ . . . . . . . . . . . . . . . . . . ၁၇၈
တစ်ခုတည်းသော ပူပန်မှု . . . . . . . . . . . . . . . . . . . . . . ၁၇၉
အာကာသာနဉ္စာယတနစျာန်သို့ . . . . . . . . . . . . . . . . . . . . ၁၈၃
အာပေါကသိုဏ်း = ရေကသိုဏ်း . . . . . . . . . . . . . . . . . . . ၁၈၄
တေဇောကသိုဏ်း = မီးကသိုဏ်း . . . . . . . . . . . . . . . . . . . ၁၈၅
ဝါယောကသိုဏ်း = လေကသိုဏ်း . . . . . . . . . . . . . . . . . . . ၁၈၅
အာလောကကသိုဏ်း = အလင်းရောင်ကသိုဏ်း . . . . . . . . . . . ၁၈၆
အာကာသကသိုဏ်း = ကောင်းကင်ကသိုဏ်း . . . . . . . . . . . . ၁၈၆
အာကာသာနဉ္စာယတနစျာန် ရရှိရေးအတွက် ဆင်ခြင်ရန် . . . . . ၁၈၇
သုညတနှင့် အသုညတသဘော . . . . . . . . . . . . . . . . . . . ၁၉၃
ဝိညာဏဉ္စာယတနသညာသို့ . . . . . . . . . . . . . . . . . . . . ၁၉၇
အာကိဉ္စညာယတနသညာသို့ . . . . . . . . . . . . . . . . . . . . ၂၀၄
နေဝသညာနာသညာယတနသညာသို့ . . . . . . . . . . . . . . . . ၂၁၁
အာဠာရရသေ့နှင့် ဥဒကရသေ့ . . . . . . . . . . . . . . . . . . . ၂၁၇
သဟမ္ပတိဗြဟ္မာ . . . . . . . . . . . . . . . . . . . . . . . . . ၂၁၈
ဃဋိကာရဗြဟ္မာ . . . . . . . . . . . . . . . . . . . . . . . . . ၂၁၉
ကာလဒေဝိလရသေ့ . . . . . . . . . . . . . . . . . . . . . . . . ၂၂၄
အနိမိတ္တစေတောသမာဓိ . . . . . . . . . . . . . . . . . . . . . ၂၂၉

**ဝိပဿနာပိုင်း** . . . . . . . . . . . . . . . . . . . . . . . . . ၂၃၁

ရုပ်ကမ္မဋ္ဌာန်းပိုင်း . . . . . . . . . . . . . . . . . . . . . . . . ၂၃၅
စိတ်ကမ္မဋ္ဌာန်း အကျဉ်းနည်း . . . . . . . . . . . . . . . . . . . ၂၃၆

**အကြောင်းအရာ** **စာမျက်နှာ**

ဧကဒေသ = တစ်စိတ်တစ်ဒေသဟူသည် ............... ၂၃၉
အတိတ်ဇာတ်လမ်း .......................... ၂၄၂
မာန်မာနကို ချိုးနှိမ်ရန် ....................... ၂၄၄
မဟာဂေါပါလကသုတ္တန်အဆို ..................... ၂၅၆
ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာများ ........... ၂၆၁
ဝါယောဓာတ်က စရှုပုံ ........................ ၂၆၂
ထိုင်တိုင်း သမာဓိကို ထူထောင်ပါ ................ ၂၆၃
ဓာတ်သဘောတရား (၁၂)ခုကို ရှုပုံ .................. ၂၆၄
ဒေသနာစဉ်အတိုင်း ရှုပါ ...................... ၂၇၁
သဘာဝလက္ခဏာကို ဦးစားပေး ရှုပါ ................. ၂၇၅
အဖြူရောင် အတုံးအခဲ ....................... ၂၇၆
အကြည်အတုံးအခဲ .......................... ၂၇၇
ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်သည့် ဉာဏ်ရောင်တော် ..... ၂၈၁
ရုပ်ပရမတ်တွေကို စတင် သိမ်းဆည်းပုံ ............... ၂၈၅
ရုပ်ဃန = ရုပ်တုံးရုပ်ခဲကို ဖြိုခွဲပါ ................ ၂၈၇
နာမ်ကမ္မဋ္ဌာန်းပိုင်း .......................... ၂၈၉
အပရိဇာနနသုတ္တန် ........................ ၂၉၄
အဇ္ဈတ္တကာယ + ဗဟိဒ္ဓကာယ .................... ၂၉၅
အနုလောမပဋိစ္စသမုပ္ပါဒ် ...................... ၂၉၅
ပဋိလောမပဋိစ္စသမုပ္ပါဒ် ...................... ၂၉၇
ပဋိစ္စသမုပ္ပါဒ် ရှုကွက် – သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ...... ၂၉၈
အကြောင်းတရား ငါးပါး ...................... ၃၀၀
အကြောင်းတရားတွေကို သိမ်းဆည်းပုံစနစ်တစ်ခု .......... ၃၀၁
သမုဒယဓမ္မာနုပဿီ ......................... ၃၀၆
အတိတ်မှ အတိတ်သို့ ......................... ၃၀၉

အကြောင်းအရာ | စာမျက်နှာ

ဝယဓမ္မာနုပဿီပိုင်း ........................... ၃၁၁
အနိမိတ္တစေတောသမာဓိ ........................ ၃၁၅
မရှိတဲ့ပူပန်မှုနှင့် ရှိတဲ့ပူပန်မှု ........................ ၃၁၇
အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်ရခြင်း၏ အကြောင်းရင်း........... ၃၂၅
အဆင့်မြင့်သော သုညတသဘာဝ ................... ၃၃၄
အလွန်မြတ်ဆုံးသော သုညတ ..................... ၃၃၅
ဘုရားရှင်၏ တိုက်တွန်းတော်မူချက် .................. ၃၃၆
ကြည်ညိုဖွယ်ရာ ရဟန်းတော်တစ်ပါး.................. ၃၄၀
မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွှန်း.................. ၃၄၅

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါနကထာ

ဘုရားရှင်သည် ဤ**စူဠသုညတသုတ္တန်**တွင် အဆင့်ဆင့်သော သုညတသဘာဝများကို အရဟတ္တဖလသမာပတ်တည်းဟူသော အသာဆုံး အမြတ်ဆုံးဖြစ်သည့် သုညတဖလသမာပတ်ကို အထွတ်တပ်ကာ ဟောကြားထားတော်မူခဲ့၏။ ယင်းအရဟတ္တဖလသမာပတ် အဝင်အပါဖြစ်သော လေးဆင့်သော အရိယမဂ်ဉာဏ်, လေးဆင့်သော အရိယဖိုလ်ဉာဏ်တို့၏ အာရုံသည်ကား **အသင်္ခတဓာတ်** အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးပင် ဖြစ်ပေ၏။

ဘုရားရှင်သည် **ဓမ္မသင်္ဂဏီပါဠိတော်**တွင် ပရမတ်တရားတို့ကို —

၁။ **သင်္ခတာ ဓမ္မာ - သင်္ခတတရား** (၁၀၉၁။၁၄၅၅။)
၂။ **အသင်္ခတာ ဓမ္မာ - အသင်္ခတတရား** (၁၀၉၂။၁၄၅၆။)

ဟု ဤကဲ့သို့ နှစ်စုနှစ်ပုံပြုကာ ဟောကြားထားတော်မူခဲ့၏။ ထိုတွင် စိတ်, စေတသိက်, ရုပ်ဟူသည့် ခန္ဓာငါးပါး ပရမတ်တရားတို့ကား ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့က ပေါင်းစု၍ ပြုပြင်ပေးပါမှ အနိုင်နိုင်ဖြစ်ပေါ်လာကြရသော တရားတို့ ဖြစ်ခြင်းကြောင့် သင်္ခတတရားတို့ ဖြစ်ကြ၏။ အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးသည်ကား မည်သည့် အကြောင်းတရားတွေကမျှ ပြုပြင်လို့ ဖြစ်ပေါ်လာရသည့်တရား မဟုတ်ခြင်းကြောင့် အသင်္ခတတရားမည်၏။ (အဘိ၊၁၊၂၁၉။) ဤတွင် **အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီး**နှင့် ပိဋကတ်စာပေတွင် လာရှိသော နိဗ္ဗာန်အကြောင်းအရာများကို

ဤ**စူဠသုညတသုတ္တန်**ကို ဖတ်ရှုရာ၌ ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်နိုင်ရန် ရည်သန်လျက် ဆက်လက်ကာ ရေးသားတင်ပြအပ်ပါသည်။

**နိဗ္ဗာနဓာတုသုတ္တန်** (ဣတိဝုတ်ပါဠိတော်)

## (သဉပါဒိသေသနိဗ္ဗာနဓာတ် + အနုပါဒိသေသနိဗ္ဗာနဓာတ်)

ဤတရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ဟောကြားတော်မူခဲ့၏။ လူနတ်ပြဟ္မာ သတ္တဝါတို့၏ မြတ်သောအလှူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားရှင်သည် ဟောကြားတော်မူခဲ့၏—ဟု တပည့်တော် အာနန္ဒာသည် ကြားနာခဲ့ရပါသည်ဘုရား —

ရဟန်းတို့ . . . နိဗ္ဗာနဓာတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူကား —

၁။ ခန္ဓာငါးပါး အကြွင်းရှိနေသေးသော **သဉပါဒိသေသနိဗ္ဗာနဓာတ်** လည်း-ကောင်း,

၂။ ခန္ဓာငါးပါး အကြွင်းမရှိတော့သော **အနုပါဒိသေသနိဗ္ဗာနဓာတ်** လည်း-ကောင်း —

ဤနှစ်မျိုးတို့ပင်တည်း။

ရဟန်းတို့ . . . ခန္ဓာငါးပါး အကြွင်းရှိနေသေးသော **သဉပါဒိသေသ-နိဗ္ဗာနဓာတ်**ဟူသည် အဘယ်နည်း?

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းတော်တစ်ပါးသည် မြတ်-သောအလှူ ပူဇော်အထူးကို ခံယူထိုက်သူ, ကိလေသာအာသဝေါ ကုန်ခန်းပြီးသူ, အရိယမဂ်တည်းဟူသော အကျင့်မြတ်ကို ကျင့်သုံးပြီးသူ, ပြုကျင့်အပ်ပြီးသော အရိယမဂ်ကိစ္စရှိသူ,(ဘဝသစ် ခန္ဓာငါးပါးတည်းဟူသော ခန္ဓာဝန်ထုပ်ဝန်ပိုး, ကိလေသာဝန်ထုပ်ဝန်ပိုး, ဘဝသစ်ကို ပြုစီမံတတ်သော ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော အဘိသင်္ခါရဝန်ထုပ်ဝန်ပိုး ဤသုံးမျိုးသော) ဝန်ထုပ်ဝန်ပိုးကို ချထားပြီးသူ, မိမိအကျိုး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးသူ,

ဘဝသံယောဇဉ် ကုန်ခန်းပြီးသူ, အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူ ဖြစ်၏။ ထိုရဟန္တာပုဂ္ဂိုလ်အား (နောက်ဆုံးဘဝ၏ ခန္ဓာငါးပါးကို ဖြစ်စေတတ်သည့် အကြောင်းရင်း ကံသည် မကုန်သေးသမျှ ကာလပတ်လုံး) စက္ခုစသော ဣန္ဒြေငါးပါးတို့သည် တည်ရှိကုန်သည်သာလျှင်တည်း။ ထိုရဟန္တာပုဂ္ဂိုလ်သည် ယင်းဣန္ဒြေငါးပါး တို့၏ (နောင်တစ်ဖန် မဖြစ်သောချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓ ၏ အစွမ်းဖြင့်) မချုပ်ကုန်သေးသောကြောင့်ပင် ရူပါရုံစသည့် နှစ်သက်ဖွယ်, မနှစ်သက်ဖွယ်သော အာရုံကို ခံစား၏၊ ချမ်းသာဆင်းရဲကို ခံစား၏။ ထိုရဟန္တာ ပုဂ္ဂိုလ်အား အကြင် ရာဂကုန်ခန်းမှု, ဒေါသကုန်ခန်းမှု, မောဟကုန်ခန်းမှုသည် ရှိ၏။ ဤ ရာဂ, ဒေါသ, မောဟကုန်ခန်းမှုကိုပင် ခန္ဓာငါးပါး အကြွင်းရှိနေသေးသော သဉပါဒိသေသနိဗ္ဗာနဓာတ်ဟု ဆိုအပ်၏။

ရဟန်းတို့ . . . ခန္ဓာငါးပါးအကြွင်းမရှိသော **အနုပါဒိသေသနိဗ္ဗာနဓာတ်**ဟူသည် အဘယ်နည်း? — ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းတော်တစ်ပါးသည် မြတ်သောအလျှု ပူဇော်အထူးကို ခံယူထိုက်သူ။ ပ ။ အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူ ဖြစ်၏။ ဤအတ္တဘော၌ပင် ထိုရဟန္တာပုဂ္ဂိုလ်အား ခံစားမှု = ဝေဒနာအားလုံးတို့သည် [ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့ကား အရဟတ္တမဂ်ရသည့်အခိုက် ရှေးမဆွကပင် ချုပ်ခဲ့ကြပြီး ဖြစ်ကုန်၏။ ထိုကြောင့် အဗျာကတဝေဒနာတို့ကိုသာ ဆိုလိုသည်။ သို့သော် ဝေဒနာတစ်ခုတည်းသာ ချုပ်သည်မဟုတ်၊ ဝေဒနာနှင့်တကွသော ခန္ဓာငါးပါး အားလုံးတို့သည်ပင် ချုပ်ကြကုန်၏။ (ဣတိဝုတ်၊ဠ၊၁၅၉။) ထိုကြောင့် ဝေဒနာနှင့်တကွသော ခန္ဓာငါးပါး အားလုံးတို့သည်] ရာဂစသည်တို့ဖြင့် မနှစ်သက်အပ်ကုန်မူ၍ (နောင်တစ်ဖန် မဖြစ်သောချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့်) ငြိမ်းအေးကုန်လတ္တံ့။ ရဟန်းတို့ ဤခံစားမှုဟူသမျှတို့၏ ( = ခံစားမှုဟူသမျှတို့နှင့်တကွ ခန္ဓာငါးပါးလုံးတို့၏) နောင်တစ်ဖန် မဖြစ်သောချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓ

သဘောအားဖြင့် ချုပ်ငြိမ်းမှုကိုပင် ခန္ဓာအကြွင်းအကျန်မရှိသော **အနုပါ-ဒိသေသနိဗ္ဗာနဓာတ်**ဟု ဆိုအပ်၏။ ရဟန်းတို့ . . . ထိုနိဗ္ဗာနဓာတ်တို့သည် ဤနှစ်မျိုးတို့တည်း။ ဤအနက်သဘောတရားကို မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်၏။ ထိုသုတ်၌ ဤအနက်သဘောတရားကို —

"တဏှာ ဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုသော သင်္ခါရတရားကို 'ငါ - ငါ့ဟာ'ဟု မမှီသော မစွဲယူသော, လောကဓံ လေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်း မရှိသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော (ဗုဒ္ဓစက္ခု, ဓမ္မစက္ခု, ဒိဗ္ဗစက္ခု, ပညာစက္ခု, သမန္တစက္ခုဟု ခေါ်ဆိုအပ်သော) စက္ခုငါးတန် ဉာဏ်အမြင်ရှိ-တော်မူသော မြတ်စွာဘုရားသည် ဤနှစ်မျိုးသော နိဗ္ဗာနဓာတ်တို့ကို ပြတော်-မူအပ်ကုန်၏။ မှန်၏ — တစ်မျိုးသော **သဉပါဒိသေသနိဗ္ဗာနဓာတ်**သည် ဤမျက်မှောက်သော ခန္ဓာကိုယ်အတ္တဘော၌ ဖြစ်၏။ ခန္ဓာငါးပါး ကြွင်းကျန်-၏။ ဘဝတဏှာ ကုန်ခန်း၏။ ခန္ဓာငါးပါး အကြွင်းမရှိသော **အနုပါဒိသေသ-နိဗ္ဗာနဓာတ်**သည်ကား ခန္ဓာကိုယ် ပျက်စီးပြီးသောအခါ၌ ဖြစ်၏။ ယင်းနိဗ္ဗာန-ဓာတ်၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဘဝဟူသမျှတို့သည် ချုပ်ကုန်၏။

အကြင်ပုဂ္ဂိုလ်တို့သည်ကား အကြောင်းတရားတို့သည် မပြုပြင်အပ်သော = ပြုပြင်ခြင်းကင်းသော ထို**အသင်္ခတဓာတ်** အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို (အရဟတ္တမဂ်, အရဟတ္တဖိုလ်)ပညာဖြင့် သိမြင်သည်ဖြစ်၍ ကိလေ-သာမှ လွတ်မြောက်သောစိတ် ရှိကြကုန်၏။ ဘဝသစ်ကို တွယ်တာတပ်မက်သည့် ဘဝတဏှာ ကုန်ခန်းကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည်ကား အရဟတ္တဖိုလ်တည်းဟူသော တရားအနှစ်သာရကို ရရှိကြကုန်သောကြောင့် ရာဂစသည်-တို့၏ကုန်ရာ **အသင်္ခတဓာတ်** အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်၌ (အရ-ဟတ္တဖလသမာပတ်ကို ဝင်စားလျက်) မွေ့လျော်ကြကုန်၏။ တာဒိဂုဏ်ရှင် ထို ဘုရားသခင်တို့သည် အလုံးစုံသော ဘဝတို့ကို ပယ်စွန့်ကုန်၏"ဟု ဤဂါထာ တရားဒေသနာတော်ကို ဟောကြားမြွက်ဆိုတော်မူ၏။

ဤအနက်သဘောတရားကိုလည်း မြတ်စွာဘုရားသည် ဟောကြား-တော်မူ၏ဟု တပည့်တော်အာနန္ဒာသည် ကြားနာခဲ့ရပါသည်ဘုရား . . .

(ဣတိဝုတ္တက၊ ၂၂ဝ-၂၂၁။)

## အဋ္ဌကထာ၏ရှင်းလင်းချက်

**ယဒိပိ တဿာ ပရမတ္ထတော ဘေဒေါ နတ္ထိ၊ ပရိယာယေန ပန ပညာယတီတိ တံ ပရိယာယဘေဒံ သန္ဓာယ “ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတု-ယော”တိ ဝတွာ ယထာဓိပ္ပေတပ္ပဘေဒံ ဒဿေတုံ “သဉပါဒိသေသာ”-တိအာဒိ ဝုတ္တံ။** (ဣတိဝုတ္တက၊ဌ၊၁၅၇။)

**အထ သဗ္ဗကိလေသက္ခယကရသမတ္ထာရဟတ္တမဂ္ဂဝိသယဘူတမေဝ နိဗ္ဗာနံ ကိလေသာနဉ္စေဝ, တဒနုဝတ္တကာယ တံနိဗ္ဗတ္တိရဟာနဉ္စ ခန္ဓာနံ ပဟာနဉ္စ ကိစ္စဒွယကရတ္တာ ဒွိဓာ ဘိန္နံ ဟောတိ။ နိတရမဂ္ဂတ္တယ ဝိသယဘူတံ၊ ဒိဋ္ဌေဝ ဓမ္မေ ဓဝံ ပရိနိဗ္ဗာနဿ အပ္ပစ္စယတ္တာတိ ဒဋ္ဌဗ္ဗံ။**

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာဂဏ္ဌိ၊ ၂ဝ၂။ )

ဤအထက်ပါ ဣတိဝုတ္တကအဋ္ဌကထာနှင့် ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာဂဏ္ဌိ-တို့၏ ဆိုလိုရင်းသဘောတရားမှာ ဤသို့ဖြစ်၏ —

**လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။ —** ဟူသော အဘိဓမ္မတ္ထသင်္ဂဟ အာရမ္မဏသင်္ဂဟစကားနှင့်အညီ မဂ်စိတ်လေးပါး + ဖိုလ်စိတ်လေးပါးဟူသည့် လောကုတ္တရာ စိတ်စေတသိက်တရားစုတို့သည် **နိဗ္ဗာန်**ကို ဧကန်အာရုံပြုကြ၏။ အရဟတ္တဖိုလ်စိတ်သည်လည်း **နိဗ္ဗာန်**ကိုပင် ဧကန်အာရုံပြု၏။ ယင်းနိဗ္ဗာန်ကား **ဓမ္မသင်္ဂဏီပါဠိတော်** (အဘိ၊၁၊၂၁၉။)၌ ဘုရားရှင် ဟောထား-တော်မူသော **အသင်္ခတဓာတ်** နိဗ္ဗာန်တရားတော်မြတ်ပင် ဖြစ်ပေသည်။ ကံ-စိတ်-ဥတု-အာဟာရ စသော အကြောင်းတရား၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစသော အကြောင်းတရားတို့ကြောင့် ယင်းအသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးက ဖြစ်ပေါ်လာရသည်ကား မဟုတ်၊ မည်သည့် တစ်စုံတစ်ခုသော အကြောင်းတရားကမျှ ပြုပြင်လို့ ဖြစ်ပေါ်လာရသော

တရားမျိုးမဟုတ်ဘဲ နိစ္စထာဝရ အမြဲတည်ရှိနေသည် ဓာတ်သဘာဝတစ်ခုသာ ဖြစ်ခြင်းကြောင့် **အသင်္ခတဓာတ်**ဟု ယင်းနိဗ္ဗာန်ကို ခေါ်ဆိုခြင်းဖြစ်၏။

ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စနစ်တကျ စီးဖြန်းနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ရင့်ကျက်လာသော ဝိပဿနာဉာဏ်တို့၏အဆုံး၌ အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာကြ၏။ ယင်းအရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကား ယင်းအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံပြုနေကြ၏။

အထက်ပါ **နိဗ္ဗာနဓာတုသုတ္တန်**တွင် ဘုရားရှင်က **သဉပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်**ဟု နိဗ္ဗာနဓာတ်နှစ်မျိုးကို ဟောကြားထားတော်မူ၏။ အထက်ပါ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာဂဏ္ဌိက — သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်, အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သည့် **အသင်္ခတဓာတ်** နိဗ္ဗာန်တရားတော်မြတ်ကို ရည်ရွယ်တော်မူ၍ သဉပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်တို့ကို ဟောကြားတော်မူခဲ့သည် မဟုတ်ကြောင်းကိုလည်းကောင်း, အရဟတ္တမဂ် အရဟတ္တဖိုလ်၏ အာရုံဖြစ်သည့် **အသင်္ခတဓာတ်** နိဗ္ဗာန်တရားတော်မြတ်ကိုသာ ရည်ရွယ်တော်မူ၍ ယင်းသဉပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ် နှစ်မျိုးတို့ကို ဟောကြားတော်မူခဲ့ကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြထား၏။ အောက်မဂ်သုံးပါး, အောက်ဖိုလ်သုံးပါးတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်မှာ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ကိလေသာအပူမီး အားလုံးတို့၏ ငြိမ်းအေးခြင်းသဘော, နောင်တစ်ဖန် မဖြစ်သောချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုသဘော၏ အကြောင်းတရား မဖြစ်သောကြောင့် ယင်းအရိယာသူတော်ကောင်း သုံးမျိုးတို့၏ စုတိ၏နောက်တွင် ခန္ဓာငါးပါးတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်း၏ အကြောင်းတရားလည်း မဟုတ်သောကြောင့် — ဟု အကြောင်းပြထား၏။

သို့အတွက် အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကိုသာလျှင် ရည်ရွယ်တော်မူ၍ ယင်းသဉပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်တို့ကို ဟောကြားတော်မူခဲ့သည်ဟု မှတ်သားပါလေ။ သို့သော် ထိုသို့ ဟောကြားတော်မူရာ၌ အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်၌ ပရမတ္ထအနက်သဘောအားဖြင့် ထိုကဲ့သို့ ကွဲပြားမှုကား မရှိပေ။ ထိုသို့ ကွဲပြားမှု မရှိသော်လည်း အကြောင်းပရိယာယ်အားဖြင့် ထင်ရှားသောကြောင့် ထိုအကြောင်းပရိယာယ်၏ ကွဲပြားမှုကို ရည်ရွယ်တော်မူကာ နိဗ္ဗာနဓာတ် နှစ်မျိုးရှိကြောင်းကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်ဟု အထက်ပါ ဣတိဝုတ္တကအဋ္ဌကထာက ရှင်းလင်းတင်ပြထားပေသည်။

## အကြောင်းပရိယာယ်တစ်မျိုး —

ရဟန္တာအရှင်မြတ်တို့၏ အရဟတ္တမဂ် အရဟတ္တဖိုလ်စိတ်တို့ကား အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကိုပင် အာရုံပြုကြ၏။ ထိုအသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်က တစ်နည်းဆိုရသော် ယင်းအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံပြုရသော အရဟတ္တမဂ်ဉာဏ်က ကိလေသာတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင် ပယ်ရှားပေး၏။ ဤသဘောတရားကိုပင် ရည်ရွယ်၍ — **နိဗ္ဗာနဉ္စ အာဂမ္မ တဏှာ အသေသာ ဝိရဇ္ဈတိ နိရုဇ္ဈတိ။** (အဘိ၊၄၊၂၁၀၆။) = နိဗ္ဗာန်ကို အစွဲပြု၍ အကြောင်းပြု၍ တဏှာသည် (တဏှာနှင့်တကွသော ကိလေသာသည်) အကြွင်းအကျန်မရှိ ကုန်စင်အောင် ချုပ်၏ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာက ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။ တစ်ဖန် ကိလေသာ အစိုဓာတ် အစေးဓာတ် မရှိသဖြင့် အထူးသဖြင့် ဘဝသစ်ကို တွယ်တာတပ်မက်မှု တဏှာ အစိုဓာတ် အစေးဓာတ် မရှိတော့သဖြင့် ရဟန္တာမဖြစ်မီက ထူထောင်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည်လည်း အကျိုးပေးနိုင်သည့် စွမ်းအင်များ ကုန်ခန်းသွားရကား ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် ဘဝသစ်ဟူသည့် ခန္ဓာငါးပါးတို့လည်း ဖြစ်ခွင့် မရှိနိုင်သောကြောင့် ခန္ဓာတို့လည်း ချုပ်ငြိမ်းသွားကြ၏။

သို့အတွက် ယင်းအရဟတ္တမဂ်က ခန္ဓာတို့ကိုလည်း ပယ်သတ်လိုက်၏။ ယင်းသို့ ကိလေသာကို ပယ်သတ်ခြင်း, ခန္ဓာကို ပယ်သတ်ခြင်းဟူသည့် ကိစ္စနှစ်ရပ်ကို ယင်းအရဟတ္တမဂ် အရဟတ္တဖိုလ်၏ အာရုံဖြစ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်က ရွက်ဆောင်ပေး၏။ တစ်နည်းဆိုရ-သော် ယင်းအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အာရုံယူရသော အရဟတ္တမဂ်ဉာဏ်က အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရား-တော်မြတ်၏ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိအကူအညီဖြင့် ကိလေသာကို ပယ်သတ်ခြင်း, ခန္ဓာကို ပယ်သတ်ခြင်းဟူသည့် လုပ်ငန်းကိစ္စရပ် နှစ်ခုကို ရွက်ဆောင်ပေးလိုက်၏။

ကိလေသာကို ပယ်သတ်ခြင်းကို ကိလေသပရိနိဗ္ဗာန်ဟုလည်းကောင်း, သဉပါဒိသေသနိဗ္ဗာနဓာတ်ဟုလည်းကောင်း ခေါ်ဆို၏။ ခန္ဓာကို ပယ်သတ်-ခြင်းကို ခန္ဓပရိနိဗ္ဗာန်ဟုလည်းကောင်း, အနုပါဒိသေသနိဗ္ဗာနဓာတ်ဟုလည်း-ကောင်း ခေါ်ဆို၏။ — ဤကဲ့သို့သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အစွဲပြု၍ ကိလေသာတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းဟူသော အကြောင်းပရိယာယ်တစ်မျိုးအားဖြင့် သဉပါ-ဒိသေသနိဗ္ဗာနဓာတ်ဟုလည်းကောင်း, ခန္ဓာတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းဟူသော အကြောင်းပရိယာယ်တစ်မျိုးအားဖြင့် အနုပါဒိ-သေသနိဗ္ဗာနဓာတ်ဟုလည်းကောင်း နိဗ္ဗာနဓာတ် နှစ်မျိုးကို ဟောကြားသွား-တော်မူခြင်း ဖြစ်ပေသည်။ (ဣတိဝုတ္တက၊၄၁၁၅၇။)

## နိရောဓသစ္စာ

**ပစ္စယတော ဝယဒဿနေန နိရောဓသစ္စံ ပါကဋံ ဟောတိ ပစ္စယာ-နုပ္ပါဒေန ပစ္စယဝတံ အနုပ္ပါဒါဝဗောဓတော။** (ဝိသုဒ္ဓိ၊၂၊၂၆၇။)

ဤအထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ အဖွင့်နှင့်အညီ — အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အစွဲပြု၍ အကြောင်းပြု၍ (အရဟတ္တမဂ်ဉာဏ်ကြောင့်) ကိလေသာတို့၏ တစ်နည်းဆိုရသော် အဝိဇ္ဇာ,

တဏှာ, ဥပါဒါန်ဟူသော ကိလေသဝဋ်တရားတို့နှင့် ဘဝသစ်ကို ဖြစ်စေ-တတ်သော သင်္ခါရ, ကံဟူသော ကမ္မဝဋ်တရားတို့၏ အကြွင်းအကျန်မရှိ ကုန်စင်အောင် ချုပ်ငြိမ်းမှုဟူသော **သဉပါဒိသေသနိဗ္ဗာနဓာတ်**၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသော အကြောင်းတရားတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် ( = သဉပါဒိသေသနိဗ္ဗာနဓာတ်ကြောင့်) အကျိုး-ခန္ဓာငါးပါးတို့၏ နောင်တစ်ဖန်မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုဟူသော **အနုပါဒိသေသနိဗ္ဗာန-ဓာတ်** – ဤနှစ်မျိုးသော နိဗ္ဗာနဓာတ်တို့သည်လည်း **နိရောဓသစ္စာတရား**ပင် ဖြစ်ကြသည်။ သို့သော် ယင်းနိရောဓသစ္စာသည်ကား လောကုတ္တရာအရိယ-မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာတရားကား မဟုတ်-ပေ။

**အဝိဇ္ဇာသမုဒယာ ရူပသမုဒယော . . .**
**အဝိဇ္ဇာနိရောဓာ ရူပနိရောဓော . . .** (ပဋိသံ၊၅၃။)

ဤသို့ စသည်ဖြင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စသည်တို့၌ ဟောကြားထား တော်မူအပ်သည့် ဉဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်တို့ဖြင့် ထိုးထွင်း သိမြင်အပ်သော ဝိပဿနာဉာဏ်တို့၏ အာရုံဖြစ်သော **နိရောဓသစ္စာ**တရား သာ ဖြစ်ပေသည်။ ယင်းနိရောဓသစ္စာကား လောကီတရားဟုလည်းကောင်း, လောကုတ္တရာတရားဟုလည်းကောင်း မခေါ်ဆိုထိုက်သော သစ္စာတစ်မျိုး ဖြစ်၏။ သဉပါဒိသေသနိဗ္ဗာနဓာတ်ဟူသည် ကိလေသာတို့၏ ချုပ်ငြိမ်းမှု မရှိမှု သဘာဝတစ်မျိုးသာ ဖြစ်၏။ အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူသည်မှာလည်း ခန္ဓာတို့၏ ချုပ်ငြိမ်းမှု မရှိမှု သဘာဝတစ်မျိုးသာ ဖြစ်၏။ ယင်းသဉပါဒိသေသ-နိဗ္ဗာနဓာတ်နှင့် အနုပါဒိသေသနိဗ္ဗာနဓာတ်တို့ကား အရဟတ္တမဂ်နှင့် အသင်္ခ-တဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ဟူသည့် အကြောင်းတရား ထင်ရှားရှိသော **သပ္ပစ္စယ**တရားမျိုးဖြစ်၏။

## တ ☸ လောကကို သုညဆိုက်အောင်သာ ကြည့်ပါ (စူဠသုညတသုတ္တန်)

လောကုတ္တရာ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အသခ်တဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးသည်ကား **လောကုတ္တရာ နိရောဓသစ္စာ**တရားတော်ကြီး ဖြစ်ပေသည်။ ယင်းအသခ်တဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို ဘုရားရှင်က **အသင်္ခတဓာတု** = အကြောင်းတရားတို့သည် မပြုပြင်အပ်သော ဓာတ်သဘာဝဟုလည်းကောင်း, **အပ္ပစ္စယ** = အကြောင်းမရှိသော တရားဟုလည်းကောင်း ဓမ္မသင်္ဂဏီ ပါဠိတော် (အဘိ၊၁၊၂၁၉။) စသည်တို့၌ ဟောကြားထားတော်မူခဲ့၏။ ဤကဲ့သို့သော ဟောကြားထားတော်မူသည့် အကြောင်းအရာတို့နှင့် ဆက်စပ်၍ နားလည်သင့် နားလည်ထိုက်သော အကြောင်းတရားတို့ကို ပိုမိုသဘောပေါက် နားလည်နိုင်ရန် အောက်ဖော်ပြပါ သုတ္တန်တို့ကို ဆက်လက်ကာ တင်ပြအပ်ပါသည်။ —

**အဇာတသုတ္တန်** (ခုဒ္ဒကပါဌ၊ ၂၂၀။)
**(တတိယနိဗ္ဗာနပဋိသံယုတ္တသုတ်၊** ဥဒါန၊၁၇၈။**)**

[တစ်ချိန်ဝယ် ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးစံနေတော်မူ၏။ တစ်နေ့တွင် ဘုရားရှင်သည် များစွာသော အကြောင်းပရိယာယ်တို့ဖြင့် သံသရာဝဋ်ဆင်းရဲဒုက္ခ၌ ထင်ရှားတည်ရှိနေသည့် အပြစ်အာဒီနဝကို ထင်ရှားဖော်ပြတော်မူကာ ထိုသံသရာဝဋ်ဆင်းရဲဒုက္ခ၏ ငြိမ်းအေးခြင်းစသည်တို့၏ အစွမ်းဖြင့် အသခ်တဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်နှင့် ဆက်စပ်နေသော တရားဒေသနာတော်ကို ဟောကြားပြသ ဆိုဆုံးမတော်မူအပ်သည်ရှိသော် တရားနာပရိသတ် ဖြစ်ကြကုန်သော ရဟန်းတော်တို့၏ သန္တာန်ဝယ် — "ဘုရားရှင်သည် ဤသံသရာကြီးကို အဝိဇ္ဇာစသော အကြောင်းတရားတို့ဖြင့် အကြောင်းတရား ထင်ရှားရှိသော **သဟေတုကတရား** = **သပ္ပစ္စယတရား**ဟု ဟောကြားတော်မူအပ်၏။ အသခ်တဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီး၏ ထိုကဲ့သို့ ငြိမ်းအေးရခြင်း၏ တစ်စုံတစ်ခုသော အကြောင်းတရားကို ဟောကြားတော်မမူအပ်ပေ။ ယင်းကဲ့သို့ အကြောင်းတရား ထင်ရှားမရှိသည့် ထိုအသခ်တဓာတ် အငြိမ်း-

ခာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်း-အားဖြင့် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ်သည့် ပရမတ္ထအနက်သဘောအားဖြင့် ရအပ်ပါသနည်း"ဟု ဤကဲ့သို့သော စိတ်အကြံအစည်သည် ထင်ရှားဖြစ်ပေါ်ခဲ့၏။ ထိုအခါ ဘုရားရှင်က ထို-ရဟန်းတို့၏သန္တာန်ဝယ် ဖြစ်ပေါ်နေသည့် ယုံမှားသံသယကို ပယ်ဖျောက်ခြင်း အကျိုးငှာလည်းကောင်း, "ဤလောကဝယ် အချို့သော သာသနာပ သမဏ ဗြာဟ္မဏတို့ကလည်း – နိဗ္ဗာန် နိဗ္ဗာန်ဆိုသည့် စကားလုံးကို အသုံးပြုကြ၏။ ယင်းတို့ ပြောဆိုကြသော နိဗ္ဗာန်ကား စကားအရာမှာသာ တည်ရှိနေ၏။ ယင်းတို့ ပြောဆိုသော နိဗ္ဗာန်မည်သည်ကား ပရမတ္ထသဘောအားဖြင့် မရ-အပ်သည့် သဘောရှိခြင်းကြောင့် တကယ်ထင်ရှား ရှိသည်ကား မဟုတ်"ဟု လောကာယတကျမ်းကို လေ့လာလိုက်စားသူတို့ကဲ့သို့ ချွတ်ယွင်းဖောက်ပြန် မမှန်သော အကျင့်ကို ကျင့်လေ့ ရှိကြကုန်သော, သာသနာတော်၏ ပြင်ပဝယ် အမျိုးမျိုးသော မိစ္ဆာဒိဋ္ဌိအယူ ရှိကြကုန်သော သူတို့၏ မိစ္ဆာဝါဒကို ချိုးဖဲ့ ဖျက်ဆီးရန်အလို့ငှာလည်းကောင်း, အသင်္ခတခာတ် မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီး၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏အဖြစ်ကို ထင်ရှား ပြတော်မူခြင်းငှာလည်းကောင်း, ထိုအသင်္ခတခာတ် မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီး၏ သံသရာဝဋ္ဋ်ဆင်းရဲဒုက္ခအဝဝမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်မှု စသည့် စွမ်းအားရှိန်စော် အာနုဘော်ရှိသည်၏ အဖြစ်ကို ထင်ရှားပြတော်မူခြင်းငှာလည်းကောင်း နှစ်သက်ဝမ်းမြောက်သည့် ပီတိစွမ်းဟုန်ကြောင့် ဥဒါန်းကျူးရင့်သည်၏ အစွမ်းဖြင့် ဤအဇာတသုတ္တန်ကို ဥဒါန်းပါဠိတော်, ဣတိဝုတ်ပါဠိတော်တို့၌ ဟောကြားတော်မူခြင်း ဖြစ်ပေ-သည်။ (ဣတိဝုတ္တက၊၄၁၅၄။ ဥဒါန၊၄၁၃၅၆-၃၅၇။)]

ဤ**အဇာတသုတ္တန်**တရားဒေသနာတော်ကို ဘုန်းတော်ကြီးမြတ်တော်-မူသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ ပူဇော်အထူးကို ခံယူ-တော်မူထိုက်သော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏ – ဟု တပည့်-တော် အာနန္ဒာသည် ကြားနာခဲ့ရပါသည်ဘုရား . . .

**“အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။**

(ဥဒါန၊၁၇၈။ ဣတိဝုတ္တက၊၂၂၀။)

= ရဟန်းတို့ . . . (အကြောင်းတရားတို့၏ ညီညွတ်မှုကြောင့်) ဖြစ်ပေါ်-လာရမှု မရှိသော, (အကြောင်းတရားတို့ကြောင့်) ထင်ရှားဖြစ်နေမှု မရှိသော, (အကြောင်းတရားတို့က) ပြုလုပ်ထားမှု မရှိသော, (အကြောင်းတရားတို့က) ပြုစီရင်ထားမှု မရှိသော နိဗ္ဗာန်တရားတော်မြတ်သည် (= အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်သည်) ရှိ၏။

ရဟန်းတို့ . . . (အကြောင်းတရားတို့၏ ညီညွတ်မှုကြောင့်) ဖြစ်ပေါ် လာရမှု မရှိသော, (အကြောင်းတရားတို့ကြောင့်) ထင်ရှားဖြစ်နေမှု မရှိသော, (အကြောင်းတရားတို့က) ပြုလုပ်ထားမှု မရှိသော, (အကြောင်းတရားတို့က) ပြုစီရင်ထားမှု မရှိသော ဤအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်-မြတ်သည် အကယ်၍ မရှိပါမူ ဤလောက၌ (အကြောင်းတရားတို့၏ ညီ-ညွတ်မှုကြောင့်) ဖြစ်ပေါ်လာရမှု ရှိသော, (အကြောင်းတရားတို့ကြောင့်) ထင်ရှားဖြစ်နေမှုရှိသော, (အကြောင်းတရားတို့က) ပြုလုပ်ထားမှုရှိသော, (အကြောင်းတရားတို့က) ပြုစီရင်ထားမှုရှိသော ခန္ဓာငါးပါးမှ ထွက်မြောက်-ရာသည် မထင်ရှားလေရာ။

ရဟန်းတို့ . . . (အကြောင်းတရားတို့၏ ညီညွတ်မှုကြောင့်) ဖြစ်ပေါ်-လာရမှု မရှိသော, (အကြောင်းတရားတို့ကြောင့်) ထင်ရှားဖြစ်နေမှု မရှိသော, (အကြောင်းတရားတို့က) ပြုလုပ်ထားမှု မရှိသော, (အကြောင်းတရားတို့က) ပြုစီရင်ထားမှု မရှိသော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော် မြတ်သည် ရှိ၏။ ထို့ကြောင့်သာလျှင် (အကြောင်းတရားတို့၏ ညီညွတ်မှု-ကြောင့်) ဖြစ်ပေါ်လာရမှု ရှိသော, (အကြောင်းတရားတို့ကြောင့်) ထင်ရှား

ဖြစ်နေမှု ရှိသော, (အကြောင်းတရားတို့က) ပြုလုပ်ထားမှု ရှိသော, (အကြောင်းတရားတို့က) ပြုစီရင်ထားမှု ရှိသော ခန္ဓာငါးပါးမှ ထွက်မြောက်ရာသည် ထင်ရှား၏။ — ဤအနက်သဘောကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ ထိုသုတ်၌ ဤအနက်သဘောကို —

"(အကြောင်းတရားတို့၏ ညီညွတ်မှုကြောင့်) ဖြစ်ပေါ်လာရမှု ရှိသော, (အကြောင်းတရားတို့ကြောင့်) ထင်ရှားဖြစ်နေမှုရှိသော, (အကြောင်းတရားတို့က) ပြုလုပ်ထားမှု ရှိသော, (အကြောင်းတရားတို့က) ပြုစီရင်ထားမှု ရှိသော, မခိုင်ခံ့သော, အိုခြင်းတရား သေခြင်းတရားတို့နှင့် ရောစပ်နေသော, ရောဂါအပေါင်းတို့၏ တည်နေရာ အသိုက်သဖွယ်ဖြစ်သော, ပျက်စီးခြင်း သဘောတရားရှိသော, (ကဗဠီကာရာဟာရ, မနောသဉ္စေတနာဟာရ, ဖဿာဟာရ, ဝိညာဏာဟာရတည်းဟူသော) အာဟာရလေးပါးနှင့် ဘဝကို တွယ်တာတပ်မက်သည့် တဏှာလျှင် ဖြစ်ကြောင်း အမွန်အစရှိသော ထိုခန္ဓာငါးပါးကို နှစ်သက်မြတ်နိုးခြင်းငှာ မသင့်တော်ပေ။

ထိုခန္ဓာငါးပါး သက္ကာယတရား၏ ထွက်မြောက်ရာဖြစ်သော, (ဘဝသစ်ကို ပြုစီရင်တတ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတည်းဟူသော) ကိလေသာ အဘိသင်္ခါရတရားတို့၏ ငြိမ်းအေးရာဖြစ်သော, ကြံစည်စိတ်ကူးမှု တက္ကဉာဏ်၏ အာရုံမဟုတ်သော, မြဲမြဲခိုင်ခံ့မှု = နိစ္စထာဝရတည်တံ့မှုရှိသော, (အကြောင်းတရားတို့၏ ညီညွတ်မှုကြောင့်) ဖြစ်ပေါ်လာရမှု မရှိသော, (အကြောင်းတရားတို့ကြောင့်) ကောင်းစွာ ထင်ရှားဖြစ်နေမှု မရှိသော, စိုးရိမ်ရခြင်း သောကတရားလည်း မရှိသော, ကိလေသာမြူ အညစ်အကြေးကင်းစင်သော, သံသရာဝဋ်ဆင်းရဲဒုက္ခ၏ နှိပ်စက်မှုကို ခံယူရသူတို့ ရရှိအောင်ကျင့်အပ်သော တရားဖြစ်သော, ဒုက္ခတရား အားလုံးတို့၏ ချုပ်ရာဖြစ်သော, သင်္ခါရတရားတို့၏ ငြိမ်းအေးရာဖြစ်သော အသခ်တဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးသည်ကား ချမ်းသာလှဘိ၏"ဟု —

ဤဂါထာ တရားဒေသနာတော်တို့ကို ဟောကြားမိန့်ဆိုတော်မူအပ်၏။ ဤအနက်သဘောကိုလည်း ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်

ဟောကြားပြသ ဆိုဆုံးမတော်မူအပ်၏ — ဟု တပည့်တော် အာနန္ဒာသည် ကြားနာခဲ့ရပါသည်ဘုရား . . . (ဥဒါန၊၁၇၈။ ဋ္ဌကထာ၊၂၂၀။)

**နိဗ္ဗာနဉ္စိ အာရမ္မဏံ ကတွာ ပဝတ္တမာနာ သမ္မာဒိဋ္ဌိအာဒယော အရိယ-မဂ္ဂဓမ္မာ အနဝသေသတော ကိလေသေ သမုစ္ဆိန္ဒန္တိ၊ တေနေတ္ထ သဗ္ဗသပိ ဝဋ္ဋဒုက္ခဿ အပ္ပဝတ္တိ အပဂမော နိဿရဏံ ပညာယတိ။**

(ဥဒါန၊၄၃၅။ ဋ္ဌကထာ၊၄၁၅၅။)

= အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော သမ္မာဒိဋ္ဌိအစရှိကုန်သော အရိယမဂ်တရား-တို့သည် အကြွင်းအကျန်မရှိ ကုန်စင်အောင် ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်ကြကုန်၏ = (သဥပါဒိသေသနိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်ကြ-ကုန်၏)။ ထိုသို့ ကံ-ကိလေသာတို့ အရိယမဂ်တရားတို့ကြောင့် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းသွားခြင်းကြောင့် (အကြောင်း ကံ-ကိလေသာတို့ ချုပ်ငြိမ်း-သွားခြင်းကြောင့် ဘဝသစ်ဟူသည့် အကျိုးခန္ဓာတို့လည်း ပရိနိဗ္ဗာနစုတိ၏နောက်၌ ဖြစ်နိုင်ခွင်း မရှိကြတော့သဖြင့်) ဤအရာ၌ အလုံးစုံသော သံသရာ-ဝဋ္ဋဆင်းရဲဒုက္ခ၏ မဖြစ်ခြင်း ကင်းခြင်း ထွက်မြောက်ခြင်းသည် ထင်ရှားလာ-ပေသည် = (အနုပါဒိသေသနိဗ္ဗာနဓာတ်သည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏ဟု ဆိုလိုပေသည်။) (ဥဒါန၊၄၃၅။ ဋ္ဌကထာ၊၄၁၅၅။)

**ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ်** (ဥဒါန၊၁၇၇။)

တပည့်တော် အာနန္ဒာသည် ဘုရားရှင်၏ ထံတော်မှောက်မှ ဤသို့ နာခံမှတ်သား ဆောင်ထားခဲ့ရပါသည်ဘုရား . . .

အခါတစ်ပါး၌ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် သာဝတ္ထိ-ပြည်မွန်၌ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတိုက်-တော်၌ သီတင်းသုံးစံနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို (အသင်္ခတဓာတ် အငြိမ်းဓာတ်) နိဗ္ဗာန်တရားတော်မြတ်ကြီးနှင့်စပ်သော တရားစကားတော်ဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် နိဗ္ဗာန်ရောက်ကြောင်း

အကျင့်ကောင်းကို ဆောက်တည်စေကာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်-ကောင်းကို ကျင့်သုံးရန် ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုရဟန်းတော်တို့-သည် ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမတော်မူအပ်သော တရားစကား-တော်ကို အရိုအသေပြု၍ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် ဒေသနာ-တော်ကို မိမိ၏ စိတ်အစဉ်သို့ ရောက်အောင် ကောင်းစွာ ဆောင်ပြီးလျှင် နားစိုက်ကာ တရားတော်ကို နာယူကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိရှိတော်မူသည် ဖြစ်၍ ထိုသို့ သိတော်မူသော အချိန်၌ —

"ရဟန်းတို့ . . . အကြင် နိဗ္ဗာန်အရပ်၌ ပထဝီဓာတ်သည် မရှိ၊ အာ-ပေါဓာတ်သည် မရှိ၊ တေဇောဓာတ်သည် မရှိ၊ ဝါယောဓာတ်သည် မရှိ။ (ဓာတ်ကြီးလေးပါး မရှိက ဓာတ်ကြီးလေးပါးကို မှီတွယ်ဖြစ်ပေါ်လာရသည့် ဥပါဒါရုပ်လည်း မရှိဟု ဆိုလိုသည်။ ရုပ်တရားမရှိဟု ဆိုသဖြင့် ရုပ်တရား ထင်ရှားရှိသည့် ကာမဘဝ, ရူပဘဝတို့လည်း မရှိဟု ဆိုလို၏။ ယင်းကာမ-ဘဝ, ရူပဘဝတို့၌ အကျုံးဝင်သော သင်္ခတတရားအားလုံး မရှိဟု ဆိုလိုပေ-သည်။) အာကာသာနဉ္စာယတနစျာန်သည် မရှိ၊ ဝိညာဏဉ္စာယတနစျာန်-သည် မရှိ၊ အာကိဉ္စညာယတနစျာန်သည် မရှိ၊ နေဝသညာနာသညာယတန-စျာန်သည် မရှိ၊ (အရူပဘဝလည်း မရှိဟု ဆိုလိုသည်၊) ပစ္စုပ္ပန်လောက, တမလွန်လောကလည်း မရှိ၊ နှစ်ပါးစုံသော လ-နေ-တို့သည်လည်း မရှိကုန်။ [**ဣမိနာ အာလောကသဘာဝတံယေဝ နိဗ္ဗာနဿ ဒဿေတိ။**(ဥဒါန၊ဋ၊၃၅၄။) = လ-နေ-တို့ မရှိဟူသော စကားရပ်ဖြင့် (အသင်္ခတ)နိဗ္ဗာန်တရားတော်မြတ်၏ အရောင်အလင်း သဘောတရားရှိသည်ကိုသာလျှင် ညွှန်ပြ၏။] ထိုနိဗ္ဗာန်-တရားတော်မြတ်သည် ရှိသည်သာတည်း။

ရဟန်းတို့ . . . ထိုနိဗ္ဗာန်၌လည်း တစ်စုံတစ်ခုသော ဘဝမှ လာခြင်းကို ငါဘုရား ဟောကြားတော်မမူ။ တစ်စုံတစ်ခုသော ဘဝသို့ သွားခြင်းကိုလည်း ငါဘုရား ဟောကြားတော်မမူ။ တစ်စုံတစ်ခုသော အရပ်၌ တည်ခြင်းကိုလည်း ငါဘုရား ဟောကြားတော်မမူ။ ထိုနိဗ္ဗာန်မှ ရွေ့လျောစုတေခြင်းကိုလည်း

ငါဘုရား ဟောကြားတော်မမူ။ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါဘုရား ဟောကြားတော်မမူ။ ထိုနိဗ္ဗာန်သည် တည်ရာနေရာလည်း မရှိ၊ ဖြစ်ခြင်း-သဘောလည်း မရှိ၊ အာရုံပြုမှုလည်း မရှိ (အာရုံမယူတတ်သည့် အနာရမ္မဏ တရားဟု ဆိုလိုသည်။) ဤ (အသင်္ခတဓာတ် အငြိမ်းဓာတ်) နိဗ္ဗာန်သဘော-တရားသည်သာ သံသရာဝဋ်ဆင်းရဲဒုက္ခ၏ အဆုံးပင်တည်း”— ဟု ဤဥဒါန်း စကားကို ကျူးရင့်တော်မူ၏။ (ဥဒါန၊၁၇၇။)

## ဒုတိယနိဗ္ဗာနပဋိသံယုတ္တသုတ်

တပည့်တော် အာနန္ဒာသည် ဘုရားရှင်၏ ထံတော်မှောက်မှ ဤသို့ နာခံမှတ်သား ဆောင်ထားခဲ့ရပါသည်ဘုရား . . .

အခါတစ်ပါးဝယ် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် သာဝတ္ထိ-ပြည်မွန်ဝယ် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတိုက်-တော်၌ သီတင်းသုံးစံနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို (အသင်္ခတဓာတ် အငြိမ်းဓာတ်) နိဗ္ဗာန်တရားတော်မြတ်ကြီးနှင့်စပ်သော တရားစကားတော်ဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ဆောက်တည်စေကာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ကျင့်သုံးရန် ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုရဟန်းတော်တို့-သည် ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမတော်မူအပ်သော တရားစကား တော်ကို အရိုအသေပြု၍ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် ဒေသနာ တော်ကို မိမိ၏ စိတ်အစဉ်သို့ ရောက်အောင် ကောင်းစွာ ဆောင်ပြီးလျှင် နားစိုက်ကာ တရားတော်ကို နာယူကြကုန်၏။ —

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိရှိတော်မူ-သည်ဖြစ်၍ ထိုသို့ သိတော်မူသော အချိန်၌ —

“တဏှာ၏ ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော (အသင်္ခတဓာတ် အငြိမ်းဓာတ်) နိဗ္ဗာန်တရားတော်မည်သည်ကား မြင်နိုင်ခဲသော တရားတည်း။ မှန်၏ —(အသင်္ခတဓာတ် အငြိမ်းဓာတ်) နိဗ္ဗာန်တရားတော်မြတ်သည်ကား

မြင်ခြင်းငှာ လွယ်ကူသော တရားမဟုတ်။ (အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ) နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် (သစ္ဆိကိရိယာဘိသမယ = သစ္ဆိကိရိယပဋိဝေဓ = အာရမ္မဏပဋိဝေဓအားဖြင့်) ထိုးထွင်း၍ သိအပ်၏၊ (ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသောအားဖြင့် (= ပရိညာဘိသမယ = ပရိညာပဋိဝေဓအားဖြင့်) ထိုးထွင်း၍ သိအပ်၏။ မဂ္ဂသစ္စာကို ပွားသောအားဖြင့် (= ဘာဝနာဘိသမယ = ဘာဝနာပဋိဝေဓအားဖြင့်) ထိုးထွင်း၍ သိအပ်၏။ တဏှာဟူသော သမုဒယ-သစ္စာကိုလည်း ပယ်သောအားဖြင့် (= ပဟာနာဘိသမယ = ပဟာနပဋိဝေဓ အားဖြင့်) ထိုးထွင်း၍ သိအပ်၏။ ဤသို့ သစ္စာလေးပါးကို အရိယမဂ်ပညာဖြင့် သိသူ မြင်သူအား ရာဂစသော ကြောင့်ကြမှု မရှိနိုင်တော့ပြီ"ဟု ဤဝမ်းမြောက်ဖွယ် ဥဒါန်းစကားကို ကျူးရင့်တော်မူ၏။ (ဥဒါန၊၁၇၇-၁၇၈။)

## အဂ္ဂိဝစ္ဆသုတ္တန်ကောက်နုတ်ချက် (မ၊၂၊၁၅၄။)

[အခါတစ်ပါးဝယ် ဘုရားရှင်သည် သာဝတ္ထိပြည်မွန်ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးစံနေတော်မူ၏။ ထိုအခါ အဂ္ဂိဝစ္ဆနွယ်ဖွား ပရိဗိုဇ်တစ်ဦးသည် ဘုရားရှင် ရှိတော်မူရာအရပ်သို့ ချဉ်းကပ်ကာ သိလိုသော မေးခွန်းအရပ်ရပ်တို့ကို ဘုရားရှင်အား လျှောက်ထားမေးမြန်းခဲ့၏။ ထို မေးခွန်းတို့တွင် ကိလေသာတို့မှ လွတ်မြောက်သော စိတ်ဓာတ်ရှိတော်မူသော ( = သဉပါဒိသေသနိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်တော်မူပြီးသော) ရဟန္တာ အရှင်မြတ်နှင့် ဆက်စပ်နေသည့် မေးခွန်းများလည်း ပါဝင်ခဲ့ကြ၏။ ယင်း မေးခွန်းနှင့် အဖြေတို့မှာ အောက်ပါအတိုင်း ဖြစ်ကြပေသည်။]

၁။ အရှင်ဂေါတမ . . . ဤကဲ့သို့ ကိလေသာတို့မှ လွတ်မြောက်သော စိတ်ရှိသော ရဟန်းတော်သည် အဘယ်အရပ်၌ဥပါဒ်, အဘယ်ဘုံဘဝ၌ ပဋိ-သန္ဓေအားဖြင့် ဖြစ်ပါသနည်းဟု လျှောက်ထား၏။

ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟူသော ဤစကားကို ပြောဆိုဖို့ရန် မသင့်ဟု ဘုရားရှင်က မိန့်ကြားတော်မူ၏။

၂။ အရှင်ဂေါတမ . . . ထိုသို့ဖြစ်ပါမူ ပဋိသန္ဓေအားဖြင့် မဖြစ်ပါသလောဟု လျှောက်ထားပြန်၏။

ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် မဖြစ်ဟူသော ဤစကားကိုလည်း ပြောဆိုဖို့ရန် မသင့်ဟု ဘုရားရှင်က မိန့်ကြားတော်မူ၏။

၃။ အရှင်ဂေါတမ . . . ထိုသို့ဖြစ်ပါမူ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ပါသလောဟု လျှောက်ထားပြန်၏။

ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ဟူသော ဤစကားကိုလည်း ပြောဆိုဖို့ရန် မသင့်ဟု ဘုရားရှင်က မိန့်ကြားတော်မူပြန်၏။

၄။ အရှင်ဂေါတမ . . . ထိုသို့ဖြစ်ပါမူ ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ပါသလောဟု လျှောက်ထားပြန်၏။

ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း ပြောဆိုဖို့ရန် မသင့်ဟု ဘုရားရှင်က မိန့်ကြားတော်မူပြန်၏။

၁။ "အရှင်ဂေါတမ . . . ဤကဲ့သို့ ကိလေသာတို့မှ လွတ်မြောက်သော စိတ်ရှိသော ရဟန်းတော်သည် အဘယ်အရပ်၌ာန, အဘယ်ဘုံဘဝ၌ ပဋိသန္ဓေအားဖြင့် ဖြစ်ပါသနည်း"ဟု မေးမြန်းလျှောက်ထားခဲ့သည်ရှိသော် —

"ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟူသော ဤစကားကို ပြောဆိုဖို့ရန် မသင့်"ဟုဆို၏။

၂။ "အရှင်ဂေါတမ . . . ထိုသို့ဖြစ်ပါမူ ပဋိသန္ဓေအားဖြင့် မဖြစ်ပါသလော"ဟု မေးမြန်း လျှောက်ထားခဲ့သည်ရှိသော် —

"ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် မဖြစ်ဟူသော ဤစကားကိုလည်း ပြောဆိုဖို့ရန် မသင့်"ဟုဆို၏။

၃။ "အရှင်ဂေါတမ . . . ထိုသို့ဖြစ်ပါမူ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ပါသလော"ဟု မေးမြန်း လျှောက်ထားခဲ့သည်ရှိသော် —

"ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ဟူသော ဤစကားကိုလည်း ပြောဆိုဖို့ရန် မသင့်"ဟု ဆို၏။

၄။ "အရှင်ဂေါတမ . . . ထိုသို့ဖြစ်ပါမူ ပဋိသန္ဓေအားဖြင့် ဖြစ်သည်-လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ပါသလော"ဟု မေးမြန်းလျှောက်-ထားခဲ့သည်ရှိသော် —

"ဒါယကာတော် ဝစ္ဆ . . . ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူသော ဤစကားကိုလည်း ပြောဆိုဖို့ရန် မသင့်"ဟု ဆို၏။

အရှင်ဂေါတမ . . . ဤအရာ၌ တပည့်တော်သည် နားမလည်ခြင်းသို့ ရောက်ခဲ့ပါ၏။ ဤအရာ၌ တပည့်တော်သည် တွေဝေခြင်းသို့ ရောက်ခဲ့ပါ၏။ အရှင်ဂေါတမ . . . ရှေ့ပိုင်းက ပြောခဲ့သော စကားဖြင့်လည်း တပည့်တော်-မှာ ဖြစ်ပေါ်လာသော စိတ်ကြည်လင်ခြင်းမျှသည်လည်း ယခုအခါမှာ ကွယ်-ပျောက်ခဲ့ပါလေပြီဟု လျှောက်ထား၏။

ဒါယကာတော် ဝစ္ဆ . . . သင်၏သန္တာန်ဝယ် မသိနားမလည်ခြင်း သဘောတရား ထင်ရှားဖြစ်ပေါ်လာဖို့ရန် ထိုက်တန်လှပါပေ၏၊ တွေဝေခြင်း-ငှာ ထိုက်တန်လှပါပေ၏။ ဒါယကာတော် ဝစ္ဆ . . . အကြောင်းတရား ထင်ရှား ဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံ, အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရား ချုပ်ငြိမ်းပုံဟူသော ဤကြောင်း-ကျိုးဆက်-နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရား၏ ဖြစ်စဉ်, ချုပ်စဉ်သဘောတရားသည်-ကား နက်လည်း နက်နဲ၏၊ မြင်လည်း မြင်နိုင်ခဲ၏၊ မဂ်ဆိုက် ဖိုလ်ဆိုက် ထိုးထွင်းသိလည်း သိနိုင်ခဲ၏၊ ငြိမ်လည်း ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ ကြံစည်စိတ်ကူးမှုဖြင့် သက်ဝင်အပ်, သိအပ်သော တရားလည်းမဟုတ်၊ သိမ်လည်း သိမ်မွေ့၏၊ ပညာရှိတို့သာ သိစွမ်းနိုင်၏။ ထိုကြောင်း-ကျိုးဆက်-နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရား၏ ဖြစ်စဉ်, ချုပ်စဉ်သဘောတရားကို သာသနာ့အယူဝါဒမှ အခြားတစ်ပါးသော အယူဝါဒရှိသော, သာသနာ့အယူ-ဝါဒမှ အခြားတစ်ပါးသော အယူဝါဒကို နှစ်သက်မြတ်နိုးခြင်းရှိသော, သာသ-

နာ့အယူဝါဒမှ အခြားတစ်ပါးသော အယူဝါဒကို ကြိုက်နှစ်သက်နေသော, သာသနာ့အယူဝါဒမှ အခြားတစ်ပါးသော အယူဝါဒ ကျင့်စဉ်အရပ်ရပ်၌ မှားမှားယွင်းယွင်း လုံ့လကြိုးကုတ် အားထုတ်လျက်ရှိသော, သာသနာတော်မှ အခြားတစ်ပါးသော ဒိဋ္ဌိဘောင်၌ တင်ထားအပ်သော ဆရာရှိသော သင်ကဲ့-သို့သော ပုဂ္ဂိုလ်တစ်ယောက်သည် သိနိုင်ဖို့ရန် ခက်ခဲလှ၏။

ဒါယကာတော် ဝစ္ဆ . . . ထိုသို့ဖြစ်ပါမူ ဤအရာ၌ သင့်ကိုသာလျှင် ငါဘုရားရှင် မေးမြန်းတော်မူပေအံ့ — သင်ဒါယကာတော် သဘောကျသည့်-အတိုင်း ဖြေကြားပါလော့ . . .

ဒါယကာတော် ဝစ္ဆ . . . ထို ငါပြောဆိုမေးမြန်းမည့် စကားကို သင် အဘယ်သို့ မှတ်ထင်သနည်း? အကယ်၍ သင်၏ရှေ့၌ မီးသည် တောက်-လောင်နေငြားအံ့၊ "ငါ၏ရှေ့၌ ဤမီးသည် တောက်လောင်နေ၏"ဟု သင်-သည် သိနိုင်ရာပါအံ့လောဟု မေးမြန်းတော်မူလိုက်၏။

"အရှင်ဂေါတမ . . . အကယ်၍ တပည့်တော်၏ရှေ့၌ မီးသည် တောက်လောင်နေငြားအံ့၊ ငါ၏ ရှေ့၌ ဤမီးသည် တောက်လောင်နေ၏"-ဟု တပည့်တော်သည် သိနိုင်ရာပါ၏ဟု လျှောက်ထားလိုက်၏။

ဒါယကာတော် ဝစ္ဆ . . . "သင်၏ ရှေ့၌ တောက်လောင်နေသော ဤမီးသည် အဘယ်အရာဝတ္ထုကို အစွဲပြု၍ တောက်လောင်နေပါသနည်း"ဟု သင့်ကို အကယ်၍ မေးငြားအံ့၊ ဒါယကာတော် ဝစ္ဆ . . . ဤသို့ မေးမြန်း-ခဲ့သည်ရှိသော် သင်သည် အဘယ်သို့လျှင် ဖြေကြားရာပါသနည်း"ဟု မေး-မြန်းတော်မူပြန်၏။

အရှင်ဂေါတမ . . . "သင်၏ ရှေ့၌ တောက်လောင်နေသော ဤမီး-သည် အဘယ်အရာဝတ္ထုကို အစွဲပြု၍ တောက်လောင်နေပါသနည်း"ဟု တပည့်တော်ကို အကယ်၍ မေးငြားအံ့၊ အရှင်ဂေါတမ ဤသို့ မေးမြန်း-ခဲ့သည်ရှိသော် တပည့်တော်သည် —"ငါ၏ ရှေ့၌ တောက်လောင်နေသော ဤမီးသည် မြက်ထင်းလောင်စာကို အစွဲပြု၍ တောက်လောင်နေပါ၏"ဟု ဖြေကြားပါအံ့ဟု လျှောက်ထား၏။

ဒါယကာတော် ဝစ္ဆ . . . "အကယ်၍ သင်၏ ရှေ့၌ တောက်လောင်-နေသော ထိုမီးသည် ငြိမ်းသွားငြားအံ့၊ သင်သည် ငါ၏ရှေ့၌ တောက်လောင်နေသော ဤမီးသည် ငြိမ်းသွား၏"ဟု သိနိုင်ရာပါအံ့လောဟု မေးမြန်းတော်-မူပြန်၏။

အရှင်ဂေါတမ . . . "တပည့်တော်၏ ရှေ့၌ တောက်လောင်နေသော ထိုမီးသည် ငြိမ်းသွားငြားအံ့၊ "ငါ၏ရှေ့၌ တောက်လောင်နေသော ဤမီးသည် ငြိမ်းသွားပြီ"ဟု တပည့်တော်သည် သိနိုင်ရာပါ၏ဟု လျှောက်ထားပြန်၏။

ဒါယကာတော် ဝစ္ဆ . . . "အကယ်၍ သင်၏ရှေ့၌ ငြိမ်းအေးသွားသော မီးသည် ဤအရပ်မှ အဘယ်အရပ်သို့ သွားပါသနည်း၊ အရှေ့အရပ်သို့လည်း-ကောင်း၊ တောင်အရပ်သို့လည်းကောင်း၊ အနောက်အရပ်သို့လည်းကောင်း၊ မြောက်အရပ်သို့လည်းကောင်း သွားလေသလော"ဟု အကယ်၍ သင့်ကို မေးငြားအံ့၊ ဒါယကာတော် ဝစ္ဆ . . . ဤသို့ မေးသည်ရှိသော် သင်သည် အဘယ်သို့လျှင် ဖြေကြားရာပါအံ့နည်းဟု မေးမြန်းတော်မူပြန်၏။

အရှင်ဂေါတမ . . . သွား၏ဟူသော ခေါ်ဆိုနိုင်သည့် အရေအတွက်သို့ မရောက်ရှိတော့ပါ။ အရှင်ဂေါတမ . . . ထိုမီးသည် အကြင် မြက်ထင်း-လောင်စာကို အစွဲပြု၍ တောက်လောင်ခဲ့၏။ ထိုမြက်ထင်းလောင်စာ၏ ကုန်ခန်းသွားခြင်းကြောင့်လည်းကောင်း၊ အခြားတစ်ပါးသော မီးလောင်စာ၏ မရှိခြင်းကြောင့်လည်းကောင်း၊ လောင်စာမရှိသည်ဖြစ်၍ ငြိမ်းအေးသွားပြီ ဟူသော ခေါ်ဝေါ်ရေတွက်ခြင်းသို့သာလျှင် ရောက်ရှိသွားပါ၏ဟု လျှောက်-ထားလိုက်လေသည်။

ဒါယကာတော် ဝစ္ဆ . . . ဤဥပမာအတူသာလျှင် အကြင် ရုပ်ဖြင့်။ ပ ။ အကြင် ဝေဒနာဖြင့်။ အကြင် သညာဖြင့်။ အကြင် သင်္ခါရတို့ဖြင့်။ အကြင် ဝိညာဏ်ဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုရုပ် ။ ပ ။ ဝေဒနာ။ သညာ။ သင်္ခါရ။ ဝိညာဏ်ကို မြတ်စွာဘုရားသည် ပယ်ရှားအပ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီး ဖြစ်၏၊ တစ်ဖန် မဖြစ်အောင် ပြုအပ်ပြီး ဖြစ်၏၊ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်းသဘော မရှိတော့ချေ။

## လ ☸ လောကကို သုညဆိုက်အောင်သာ ကြည့်ပါ (စူဠသုညတသုတ္တန်)

ဒါယကာတော် ဝစ္ဆ . . . ရုပ်။ ပ ။ ဝေဒနာ။ သညာ။ သင်္ခါရ။ ဝိညာဏ်ကို ကောင်းစွာ ကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာ-သမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟူသော ခေါ်ဝေါ်နိုင်သည်၏ အဖြစ်သို့လည်း မ-ရောက်၊ ပဋိသန္ဓေအားဖြင့် မဖြစ်ဟူသော ခေါ်ဝေါ်နိုင်သည်၏ အဖြစ်သို့-လည်း မရောက်၊ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်၏, မဖြစ်လည်း မဖြစ်ဟူသော ခေါ်ဝေါ်နိုင်သည်၏ အဖြစ်သို့လည်း မရောက်၊ ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူသော ခေါ်ဝေါ်နိုင်-သည်၏ အဖြစ်သို့လည်း မရောက်ဟု မိန့်ကြားတော်မူလိုက်၏။ (အနုပါဒိ-သေသနိဗ္ဗာနဓာတ်သို့ ဝင်စံသွားတော်မူပြီဟု ဆိုလို၏။)

ဤသို့ မိန့်ကြားတော်မူအပ်သည်ရှိသော် ဝစ္ဆအနွယ်ဖြစ်သော (အဂ္ဂိဝစ္ဆ) ပရိဗိုဇ်သည် မြတ်စွာဘုရားကို — "အရှင်ဂေါတမ . . . ဥပမာသော်ကား ရွာ၏လည်းကောင်း, နိဂုံး၏လည်းကောင်း, မနီးမဝေးသော အရပ်၌ အင်-ကြင်းပင်ကြီးသည် ရှိလေရာ၏၊ ထိုအင်ကြင်းပင်ကြီး၏ မမြဲသော သဘော-ကြောင့် အခက်အရွက်တို့သည် ပျက်စီးကုန်ရာ၏၊ အခွံအပွေးတို့သည် ပျက်စီးကုန်ရာ၏၊ အကာတို့သည် ပျက်စီးကုန်ရာ၏။ ထိုအင်ကြင်းပင်ကြီးသည် နောင်အခါ၌ ကင်းသော အခက်, အရွက်၊ ကင်းသော အခွံ, အပွေး၊ ကင်းသော အကာရှိသည်ဖြစ်၍ အနှစ်သက်သက်သာ တည်နေသကဲ့သို့ ဤဥပမာအတူသာလျှင် အရှင်ဂေါတမ၏ တရားစကားတော်သည် အခက်အရွက်မှ ကင်းပါပေ၏၊ အခွံ, အပွေးမှ ကင်းပါပေ၏၊ အကာမှ ကင်းပါပေ၏၊ အနှစ်သက်သက်၌ တည်ရှိနေပါပေ၏။ — (ဟုလျှောက်ထားလေသည်။)

(မ၊၂၊၁၅၄-၁၅၆။)

ဤ ဝစ္ဆအနွယ်ဖွား အဂ္ဂိဝစ္ဆပရိဗိုဇ်ကြီးသည် နောက်ပိုင်းကာလဝယ် တရားတော်ကို အလွန် နှစ်ခြိုက်သဖြင့် သာသနာဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုပြီးနောက် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို အပြင်းအထန် ကြိုးစားအားထုတ်တော်မူလေရာ —

၁။ ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ဉာဏ်၊
၂။ နတ်မျက်စိကဲ့သို့ အဝေးအနီး ရှိသမျှ အာရုံအမျိုးမျိုးတို့ကို မြင်သိနိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ်ဉာဏ်၊
၃။ ကိလေသာ အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သည့် အာသဝက္ခယဉာဏ် ( = အရဟတ္တမဂ်ဉာဏ်)

ဤဝိဇ္ဇာဉာဏ်သုံးပါးတို့ကို ရရှိတော်မူသည့် ကိလေသာအာသဝေါကင်းကွာသည့် ရဟန္တာအရှင်မြတ်ကြီးတစ်ပါး ဖြစ်သွားတော်မူပေသည်။

(မ၊၂၊၁၆၄-၁၆၅။)

ဤကျမ်းစာငယ်ကို ဖတ်ရှုနေသော အသင်သူတော်ကောင်းသည်လည်း အကယ်၍ ကိလေသာအာသဝေါကင်းစင်သည့် ရဟန္တာသခင် အရှင်မြတ်တစ်ပါး ဖြစ်လိုပါက ရဟန္တာဖြစ်ရေးအတွက် သို့မဟုတ် အရိယာသူတော်ကောင်းတစ်ဦး ဖြစ်ရေးအတွက် တစ်နည်းဆိုရသော် သဥပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်တို့သို့ ဝင်စံနိုင်ရေးအတွက် မည်သည့်တရားတို့ကို ရှေးဦးစွာ သိရှိအောင် ကြိုးစားအားထုတ်ရမည်နည်း?— အဖြေကို သိလိုပါက အောက်ပါ အာသဝက္ခယသုတ္တန်ကို ဆက်လက်ဖတ်ရှုကြည့်ပါ။

## အာသဝက္ခယသုတ္တန်

(သံ၊၃၊၃၈၀။ သုတ္တန်နံပါတ်-၁၀၉၅။)

**ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော အပဿတော။ ကိဉ္စ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ?။**

**‘ဣဒံ ဒုက္ခ’န္တိ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ၊ ‘အယံ ဒုက္ခသမုဒယော’တိ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ၊ ‘အယံ ဒုက္ခနိရောဓော’တိ ဇာနတော ပဿတော အာသဝါနံ**

**ခယော ဟောတိ၊ 'အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'တိ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။ ဧဝံ ခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။**

**တသ္မာတိဟ ဘိက္ခဝေ "က္ကဒံ ဒုက္ခ"န္တိ ယောဂေါ ကရဏီယော၊ "အယံ ဒုက္ခသမုဒယော"တိ ယောဂေါ ကရဏီယော၊ "အယံ ဒုက္ခနိရောဓော"တိ ယောဂေါ ကရဏီယော၊ "အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"တိ ယောဂေါ-ကရဏီယောတိ။** (သံ၊၃၊၃၈၀။)

ရဟန်းတို့ . . . သိသောသူအား, မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဟောကြားတော်မူ၏။ မသိသောသူအား, မမြင်-သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဟောကြားတော်-မမူ။ ရဟန်းတို့ . . . အဘယ်တရားကို သိသောသူအား, မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ထင်ရှားဖြစ်ပေါ်လာပါသနည်း?

ရဟန်းတို့ . . . "ဤကား ဒုက္ခအရိယသစ္စာတရားတည်း"ဟု သိသော-သူအား, မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ထင်ရှား ဖြစ်ပေါ်လာ၏။ "ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာတရား တည်း"ဟု သိသောသူအား, မြင်သောသူအား အာသဝေါတရားတို့၏ ကုန်-ခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။ "ဤကား ဒုက္ခချုပ်ရာ နိရောဓအရိယ-သစ္စာတရားတည်း"ဟု သိသောသူအား, မြင်သောသူအား အာသဝေါတရား တို့၏ ကုန်ခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။ "ဤကား ဒုက္ခချုပ်ရာ နိရောဓ = နိဗ္ဗာန်သို့ရောက်ကြောင်း ကျင့်စဉ်ဖြစ်သည့် မဂ္ဂအရိယသစ္စာတရားတည်း"ဟု သိသောသူအား ဤသို့ မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်း-သည် ထင်ရှားဖြစ်ပေါ်လာ၏။ — ရဟန်းတို့ . . . ဤသို့သိသောသူအား ဤသို့ မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ထင်ရှားဖြစ် ပေါ်လာ၏။

ရဟန်းတို့ . . . ထို့ကြောင့် ဤသာသနာတော်မြတ်အတွင်း၌ သင်တို့-

သည် "ဤကား ဒုက္ခအရိယသစ္စာတရားတည်း"ဟု သိအောင် ကြိုးစားအားထုတ်ကြပါ။ "ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာတရားတည်း"ဟု သိအောင် ကြိုးစားအားထုတ်ကြပါ။ "ဤကား ဒုက္ခချုပ်ရာ နိရောဓအရိယသစ္စာတရားတည်း"ဟု သိအောင် ကြိုးစားအားထုတ်ကြပါ။ "ဤကား ဒုက္ခချုပ်ရာ နိရောဓ = နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ်ဖြစ်သည့် မဂ္ဂအရိယသစ္စာတရားတည်း"ဟု သိအောင် ကြိုးစားအားထုတ်ကြပါဟု မိန့်ကြားတော်မူ၏။ (သံ၊၃၊၃၈၀။)

**ပပါတသုတ္တန်** (သံ၊၃၊၃၉၁။)

အခါတစ်ပါး၌ မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးစံနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် — "ရဟန်းတို့ . . . နေ့သန့်စင်ရန် အလို့ငှာ ပဋိဘာနတောင်ထွတ်သို့ သွားကြကုန်အံ့"ဟု ရဟန်းတို့ကို မိန့်ကြားတော်မူလတ်သော် "မှန်ပါ့ မြတ်စွာဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်လည်ကာ လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာကုန်သော ရဟန်းတို့နှင့်အတူ ပဋိဘာနတောင်ထွတ်သို့ ချဉ်းကပ်တော်မူ၏။

ရဟန်းတော်တစ်ပါးသည် ပဋိဘာနတောင်ထွတ်အရပ်၌ ကြီးစွာသော ချောက်ကမ်းပါးကို မြင်ရ၍ ဘုရားရှင်အား " မြတ်စွာဘုရား ဤချောက်ကမ်းပါးသည် ကြီးမားလေစွ၊ မြတ်စွာဘုရား. . . ဤချောက်ကမ်းပါးသည် အလွန်ကြောက်မက်ဖွယ်ကောင်းလေစွ၊ မြတ်စွာဘုရား . . . ဤချောက်ကမ်းပါးထက် ပို၍လည်း ကြီးမားသော, ပို၍လည်း ကြောက်မယ်ဖွယ်ကောင်းသော အခြားသော ချောက်ကမ်းပါးသည် ရှိပါသေးသလော"ဟု ဤစကားကို လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က — "ချစ်သားရဟန်းတို့ . . . ဤချောက်ကမ်းပါးထက် ပို၍လည်း ကြီးမားသော, ပို၍လည်း ကြောက်မက်ဖွယ်ကောင်းသော အခြားသော ချောက်ကမ်းပါးသည် ရှိသေးသည်သာတည်း"ဟု မိန့်ကြားတော်မူလိုက်၏။

## ၄ ☸ လောကကို သုညဆိုက်အောင်သာ ကြည့်ပါ (စူဋသုညတသုတ္တန်)

မြတ်စွာဘုရား . . . ဤချောက်ကမ်းပါးထက် ပို၍လည်း ကြီးမားသော, ပို၍လည်း ကြောက်မက်ဖွယ်ကောင်းသော အခြားသော ချောက်ကမ်းပါးဟူ-သည် အဘယ်ပါနည်းဟု ပြန်လည် လျှောက်ထားပြန်၏။ ထိုအခါ ဘုရားရှင်-က ဤသို့ မိန့်ကြားတော်မူ၏။

ချစ်သားရဟန်းတို့ . . . အချို့ အချို့ကုန်သော အကြင် သမဏတို့-သည်လည်းကောင်း, အကြင် ဗြာဟ္မဏတို့သည်လည်းကောင်း "ဤကား ဒုက္ခ-အရိယသစ္စာတရားတည်း"ဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား မသိကြကုန်၊ "ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာတရားတည်း"ဟု ဟုတ်တိုင်း မှန်စွာ ကွဲကွဲပြားပြား မသိကြကုန်၊ "ဤကား ဒုက္ခချုပ်ရာ နိရောဓအရိယ-သစ္စာတရားတည်း"ဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား မသိကြကုန်၊ "ဤကား ဒုက္ခချုပ်ရာ နိရောဓ = နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ်ဖြစ်သည့် မဂ္ဂ-အရိယသစ္စာတရားတည်း"ဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား မသိကြကုန်။ ထို သမဏ + ဗြာဟ္မဏဟူသမျှတို့သည် ပဋိသန္ဓေ တည်နေရမှု = ဇာတိ တရားကို ထင်ရှားဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍ နေကြလေကုန်၏၊ အိုရမှု = ဇရာတရားကို ထင်ရှားဖြစ်စေတတ်-ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော။ ပ ။ ပူဆွေးရမှု = သောကတရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်းရဲရမှု = ဒေါမနဿတရား, ပြင်းစွာပူပန်ရမှု = ဥပါ-ယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍ နေကြလေကုန်၏။

ထို သမဏ + ဗြာဟ္မဏတို့သည် ပဋိသန္ဓေ တည်နေရမှု = ဇာတိတရား ကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍ နေကြလေကုန်သောကြောင့်, အိုရမှု = ဇရာတရားကို ထင်ရှား

ဖြစ်စေတတ်ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှား ဖြစ်စေတတ်-ကုန်သော။ ပ ။ ပူဆွေးရမှု = သောကတရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်းရဲရမှု = ဒေါမနဿတရား, ပြင်းစွာပူပန်ရမှု = ဥပါယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်း-ရပ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ကြကုန်သောကြောင့် — ပဋိသန္ဓေတည်နေရမှု = ဇာတိတရားကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ကြကုန်၏။ အိုရမှု = ဇရာတရားကို ထင်ရှား ဖြစ်စေတတ်ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှား ဖြစ်စေတတ်ကုန်သော။ ပ ။ ပူဆွေးရမှု = သောကတရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်-ဆင်းရဲရမှု = ဒေါမနဿတရား, ပြင်းစွာပူပန်ရမှု = ဥပါယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ကြကုန်၏။

ထိုသမဏ + ဗြာဟ္မဏတို့သည် ပဋိသန္ဓေ တည်နေရမှု = ဇာတိတရားကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ကြလေကုန်သောကြောင့်, အိုရမှု = ဇရာတရားကို ထင်ရှား ဖြစ်စေတတ်ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှား ဖြစ်စေတတ်ကုန်သော။ ပ ။ စိုးရိမ်ရမှု = သောကတရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်းရဲရမှု = ဒေါမနဿ-တရား, ပြင်းစွာပူပန်ရမှု = ဥပါယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်-ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ကြလေကုန်သောကြောင့် — ပဋိသန္ဓေတည်နေရမှု = ဇာတိတရားတည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း ကျရောက်ကြရကုန်၏။ အိုရမှု = ဇရာတရားတည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း ကျရောက်ကြရကုန်၏။ သေရမှု = မရဏတရားတည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း ကျ-

ရောက်ကြရကုန်၏။ စိုးရိမ်ရမှု = သောကတရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်းရဲရမှု = ဒေါမနဿတရား, ပြင်းစွာပူပန်ရမှု = ဥပါယာသတရားတည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း ကျရောက်ကြရကုန်၏။ ထိုသူတို့သည် ပဋိသန္ဓေတည်နေရမှု, အိုရမှု, သေရမှု, စိုးရိမ်ရမှု, ငိုကြွေးရမှု, ကိုယ်ဆင်းရဲရမှု, စိတ်ဆင်းရဲရမှု, ပြင်းစွာပူပန်ရမှုဟူသော ဆင်းရဲဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ကြကုန်ဟု ငါဘုရားဟောကြားတော်မူ၏။

ရဟန်းတို့ . . . အချို့သော အကြင်သမဏတို့သည်လည်းကောင်း, အချို့သော အကြင်ဗြာဟ္မဏတို့သည်လည်းကောင်း —"ဤကား ဒုက္ခအရိယသစ္စာတရားတည်း"ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိကြကုန်၏။ "ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာတရားတည်း"ဟု ။ ပ ။ "ဤကား ဒုက္ခချုပ်ရာ နိရောဓအရိယသစ္စာတရားတည်း"ဟု။ ပ ။ "ဤကား ဒုက္ခချုပ်ရာ နိရောဓ = နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်ဖြစ်သည့် မဂ္ဂအရိယသစ္စာတရားတည်း"ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိကြကုန်၏။

ထိုသမဏ + ဗြာဟ္မဏတို့သည် ပဋိသန္ဓေတည်နေရမှု = ဇာတိတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်းတို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်မှု မရှိကြကုန်။ အိုရမှု = ဇရာတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော။ ပ ။ စိုးရိမ်ရမှု = သောကတရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်းရဲရမှု = ဒေါမနဿတရား, ပြင်းစွာပူပန်ရမှု = ဥပါယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်မှု မရှိကြလေကုန်။

ထိုသမဏ + ဗြာဟ္မဏတို့သည် ပဋိသန္ဓေတည်နေရမှု = ဇာတိတရားကို

ထင်ရှားဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရ တရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်-ခြိုက်မှု မရှိကြကုန်သောကြောင့် အိုရမှု = ဇရာတရားကို ထင်ရှားဖြစ်စေ တတ်ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှားဖြစ်စေတတ်ကုန်-သော။ ပ ။ စိုးရိမ်ရမှု = သောကတရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်းရဲရမှု = ဒေါမနဿတရား, ပြင်းစွာ ပူပန်ရမှု = ဥပါယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်-တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်မှု မရှိကြလေကုန်သောကြောင့် —

ပဋိသန္ဓေတည်နေရမှု = ဇာတိတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို မပြုစု မပျိုးထောင်-ကြကုန်။ အိုရမှု = ဇရာတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော။ ပ ။ စိုးရိမ်ရမှု = သောက တရား, ငိုကြွေးရမှု = ပရိဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်း-ရဲရမှု = ဒေါမနဿတရား, ပြင်းစွာပူပန်ရမှု = ဥပါယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရား တို့ကို မပြုစု မပျိုးထောင်ကြကုန်။

ထိုသမဏ + ဗြာဟ္မဏတို့သည် ပဋိသန္ဓေတည်နေရမှု = ဇာတိတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရ တရားတို့ကို မပြုစု မပျိုးထောင်ကြကုန်သောကြောင့်, အိုရမှု = ဇရာတရားကို ထင်ရှားဖြစ်စေတတ်ကုန်သော။ ပ ။ သေရမှု = မရဏတရားကို ထင်ရှား ဖြစ်စေတတ်ကုန်သော။ ပ ။ စိုးရိမ်ရမှု = သောကတရား, ငိုကြွေးရမှု = ပရိ-ဒေဝတရား, ကိုယ်ဆင်းရဲရမှု = ဒုက္ခတရား, စိတ်ဆင်းရဲရမှု = ဒေါမနဿ တရား, ပြင်းစွာပူပန်ရမှု = ဥပါယာသတရားတို့ကို ထင်ရှား ဖြစ်စေတတ်ကုန်-သော ကုသိုလ်ကံ = သင်္ခါရ, အကုသိုလ်ကံ = သင်္ခါရတရားတို့ကို မပြုစု မပျိုးထောင်ကြကုန်သောကြောင့် ပဋိသန္ဓေတည်နေရမှု = ဇာတိတရား

တည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း မကျရောက်ကြရကုန်၊ အိုရမှု = ဇရာတရားတည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း မကျရောက်ကြရကုန်၊ သေရမှု = မရဏတရားတည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း မကျ-ရောက်ကြရကုန်၊ စိုးရိမ်ရမှု, ငိုကြွေးရမှု, ကိုယ်ဆင်းရဲရမှု, စိတ်ဆင်းရဲရမှု, ပြင်းစွာ ပူပန်ရမှုတည်းဟူသော ချောက်ကမ်းပါးထဲသို့လည်း မကျရောက်-ကြရကုန်။

ထိုသူတို့သည် ပဋိသန္ဓေ တည်နေရမှု, အိုရမှု, သေရမှု, စိုးရိမ်ရမှု, ငိုကြွေးရမှု, ကိုယ်ဆင်းရဲရမှု, စိတ်ဆင်းရဲရမှု, ပြင်းစွာပူပန်ရမှုတည်းဟူသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြရကုန်၏ဟု ငါဘုရား ဟောကြား-တော်မူ၏။

ရဟန်းတို့ . . . ထိုကြောင့် ဤသာသနာတော်မြတ်အတွင်း၌ သင်တို့-သည် — "ဤကား ဒုက္ခအရိယသစ္စာတရားတည်း"ဟု သိအောင် ကြိုးစား အားထုတ်ကြပါ။ "ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာတရား-တည်း"ဟု။ ပ ။ "ဤကား ဒုက္ခချုပ်ရာ နိရောဓ = အရိယသစ္စာတရားတည်း" ဟု။ ပ ။ "ဤကား ဒုက္ခချုပ်ရာ နိရောဓ = နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ် ဖြစ်သည့် မဂ္ဂအရိယသစ္စာတရားတည်း"ဟု သိအောင် ကြိုးစားအားထုတ်ကြ-ပါဟု မိန့်ကြားတော်မူ၏။ (သံ၊၃၊၃၉၁-၃၉၃။)

## တိုက်တွန်းချက် ဥယျောဇဉ်

ဤမျှဆိုလျှင် **သဉပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်** ဟူသော နှစ်မျိုးသော နိဗ္ဗာနဓာတ်သို့ ဝင်စံနိုင်ရေးအတွက် လေးဆင့်သော မဂ်ဉာဏ်, လေးဆင့်သော ဖိုလ်ဉာဏ်တို့ဖြင့် **အသင်္ခတဓာတ်** အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံယူနိုင်အောင် ကြိုးပမ်းရတော့မည် ဖြစ်၏။ ထိုသို့ ကြိုးပမ်းရာ၌ အရဟတ္တမဂ်တိုင်အောင်သော အရိယမဂ်တရားတို့က လောကုတ္တရာ နိရောဓသစ္စာဖြစ်သည့် အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန် တရားတော်မြတ်ကြီးကို အာရုံယူကာ ကိလေသာအာသဝေါတရားတို့ကို

အကြွင်းအကျန်မရှိ ကုန်စင်အောင် ပယ်ရှားလိုက်ပါမှ **သဥပါဒိသေသနိဗ္ဗာန-ဓာတ်**သို့ ဝင်စံနိုင်မည် ဖြစ်ပေသည်။ သဥပါဒိသေသနိဗ္ဗာနဓာတ်သို့ ဝင်စံနိုင်-သော ရဟန္တာသခင် အရှင်မြတ်သည်သာလျှင် ပရိနိဗ္ဗာနစုတိသို့ ဆိုက်ရောက်သွားသောအခါ **အနုပါဒိသေသနိဗ္ဗာနဓာတ်**သို့ ဝင်စံနိုင်မည် ဖြစ်ပေသည်။

ဤအထက်တွင် တင်ပြထားသော **အာသဝက္ခယသုတ္တန်**စသည့် အရပ်-ရပ်သော သုတ္တန်တရားဒေသနာတော်တို့က လောကုတ္တရာနိရောဓသစ္စာတရားတော်မြတ်ကြီး အဝင်အပါ အရိယသစ္စာလေးရပ် တရားမြတ်တို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဝိပဿနာသမ္မာဒိဋ္ဌိ, အရိယမဂ္ဂသမ္မာဒိဋ္ဌိ ဉာဏ်ပညာတို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်သောသူ၏ သန္တာန်၌သာလျှင် ကိလေသာအာသဝေါတရားတို့ ကုန်ခန်းနိုင်ကြောင်းကို ညွှန်ပြလျက် ရှိပေသည်။

ထိုကြောင့် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ရေးအတွက် ရှေးဦးစွာ အရိယ-သစ္စာလေးရပ် တရားမြတ်တို့ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် သိအောင် ကြိုးပမ်းရတော့မည် ဖြစ်ပေသည်။ အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက်သိမြင်ရေးအတွက် ညွှန်ကြားပြသလျက်ရှိသော သုတ္တန်ပေါင်းများစွာတို့တွင် ယခု စာဖတ်သူတို့၏လက်ဝယ် ရောက်ရှိနေသော **စူဠသုညတသုတ္တန်**သည်လည်း တစ်ခု အပါအဝင် ဖြစ်ပေသည်။

ယင်းစူဠသုညတသုတ္တန်တွင် အရိယသစ္စာလေးရပ် တရားမြတ်တို့ကို အသိကြီး သိတော်မူကာ ကိလေသာအပူမီးတို့မှ အငြိမ်းကြီး ငြိမ်းတော်မူပြီးသော ဘုရားရှင်သည် ကိလေသာအပူမီးတို့မှ ဆိတ်သုဉ်းရာ သင်္ခါရတရား-တို့မှ ဆိတ်သုဉ်းရာဖြစ်သည့် အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရား-တော်မြတ်ကြီးကို အာရုံယူလျက်ရှိသော တကယ့် သုညတအစစ် အဖြစ်ကြီး ဖြစ်ပေသော **အရဟတ္တဖိုလ်သမာပတ်**တည်းဟူသော အမြတ်ဆုံးဖြစ်သည့် **သုညတ**ဓာတ်ကို အထွတ်တပ်ကာ အဆင့်ဆင့်သော သုညတတရားတို့ကို ဟောကြားထားတော်မူခဲ့၏။ ထိုတွင် သမထပိုင်းဆိုင်ရာ သုညတတရားများ-

လည်း ပါဝင်ကြ၏။ **အနိမိတ္တစေတောသမာဓိ** အမည်ရသည့် ဝိပဿနာပိုင်းဆိုင်ရာ သုညတတရားများလည်း ပါဝင်ကြ၏။ ဝိပဿနာပိုင်းဆိုင်ရာ သုညတတရားကို ဘုရားရှင်က **အနိမိတ္တစေတောသမာဓိ**ဟု အမည်တပ်ကာ ဟောကြားထားတော်မူ၏။ ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး = ရုပ်တရား + နာမ်တရားတည်းဟူသော ဒုက္ခသစ္စာတရား၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတည်းဟူသော သမုဒယသစ္စာတရားတို့၌ — ခိုင်မြဲသည့် နိစ္စဟူသော အမှတ်နိမိတ်, ချမ်းသာသည့် သုခဟူသော အမှတ်နိမိတ်, မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တဟူသော အမှတ်နိမိတ်, တင့်တယ်သည့် သုဘဟူသော အမှတ်နိမိတ်တို့မှ ဆိတ်သုဉ်းနေသည့် သဘာဝကို ဝိပဿနာဉာဏ်က ထိုးထွင်းသိမြင်နေသဖြင့် ယင်းဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော သမာဓိက ယင်းဒုက္ခသစ္စာ, သမုဒယသစ္စာ အမည်ရသည့် သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့မဟုတ် အနတ္တအခြင်းအရာ သို့မဟုတ် အသုဘအခြင်းအရာ၌ ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေသောကြောင့် ယင်းဝိပဿနာသမာဓိကို **အနိမိတ္တစေတောသမာဓိ**ဟု အမည်တပ်ကာ ဘုရားရှင်က ဟောကြားထားတော်မူပေသည်။ ယင်းအနိမိတ္တစေတောသမာဓိအမည်ရသည့် ဝိပဿနာသမာဓိကို ရင့်ကျက်အောင် အဆင့်ဆင့်ပွားများအားထုတ်ပါမှ လေးပါးသော မဂ်ဉာဏ်, လေးပါးသော ဖိုလ်ဉာဏ်တို့သို့ ဆိုက်ရောက်မည် ဖြစ်သည်။ ယင်းမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့တွင် အသာဆုံး အမြတ်ဆုံးဖြစ်သည့် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပါမှ အသာဆုံး အမြတ်ဆုံးဖြစ်သည့် အရဟတ္တဖိုလ်သမာပတ်တည်းဟူသော **သုညတဖလသမာပတ်**ကို ဝင်စားနိုင်မည် ဖြစ်ပေသည်။

ယခု စာဖတ်သူတို့၏ လက်ဝယ် ရောက်ရှိနေသော ဤကျမ်းစာငယ်တွင် သမထပိုင်းဝယ် သမထပိုင်းဆိုင်ရာ အာရုံတို့ကို သုညဆိုက်အောင် ကြည့်ရှုပွားများအားထုတ်ပုံ နည်းစနစ်များကိုလည်းကောင်း, ဝိပဿနာပိုင်း၌ ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်ကြကုန်သော ဒုက္ခသစ္စာ, သမုဒယသစ္စာ အမည်-

ရသည့် အကြောင်းတရားနှင့်တကွသော ရုပ်နာမ်ဓမ္မ = သင်္ခါရလောကကို သုညဆိုက်အောင် ကြည့်ရှုပုံ နည်းစနစ်များကိုလည်းကောင်း အကျဉ်းချုပ်ကာ တင်ပြထားပါသည်။ ဤမျှ သေးငယ်သော ကျမ်းစာငယ်တစ်စောင်အတွင်း၌ သမထပိုင်းဆိုင်ရာ, ဝိပဿနာပိုင်းဆိုင်ရာ ကျင့်စဉ်အရပ်ရပ်တို့ကို ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် မတင်ပြနိုင်ခြင်းကိုကား စာဖတ်သူ သူတော်ကောင်း အပေါင်းတို့သည် နားလည်ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်အပ်ပါသည်။ အကယ်၍ သမထပိုင်း, ဝိပဿနာပိုင်းဆိုင်ရာ ကျင့်စဉ် အရပ်ရပ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုပါက **နိဗ္ဗာနဂါမိနိပဋိပဒါ** — အမည်ရသော ကျမ်းစာကြီးငါးတွဲ၌လည်းကောင်း, **နိဗ္ဗာနဂါမိနိပဋိပဒါ – (အကျဉ်း)** အမည်ရ-သော ကျမ်းစာငယ် (၉)တွဲ၌လည်းကောင်း ကြည့်ရှုကြပါလေကုန်။

**ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။**
**တံ တေ ဓမ္မံ ဣဓညာယ၊ အစ္ဆိဒုံ ဘဝဗန္ဓနံ။** (သံ၊၁၊၃၂။)

= အကြင် အရဟတ္တဖိုလ်၏ အာရုံဖြစ်သော **အသင်္ခတဓာတ် အငြိမ်း-ဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီး**၌ ရုပ်-နာမ်ဓမ္မ = သင်္ခါရတရားမှန်သမျှသည် အကြွင်းအကျန်မရှိ ကုန်စင်အောင် ချုပ်ငြိမ်းလျက်ရှိ၏။ ရုပ်-နာမ်ဓမ္မ = သင်္ခါရတရားမှန်သမျှမှ စင်စစ် ဆိတ်သုဉ်းနေသည့် အမြတ်ဆုံးသော သုညတ သဘာဝတစ်ခု ဖြစ်၏။ ထိုအရဟတ္တဖိုလ်ပိုင်ရှင် ရဟန္တာသခင် အရှင်မြတ် တို့သည် ဤဘုရားရှင်၏ သာသနာတော်မြတ်အတွင်း၌ ထိုအမြတ်ဆုံးသော **သုညတဓမ္မ**ကို အရဟတ္တမဂ်ပညာ, အရဟတ္တဖိုလ်ပညာဖြင့် ထိုးထွင်းသိမြင် တော်မူကြကုန်သည်ဖြစ်၍ ဘဝမှ မလွတ်မြောက်အောင် နှောင်ဖွဲ့ထားတတ်-သည့် သံယောဇဉ်အနှောင်အဖွဲ့မှန်သမျှကို အကြွင်းအကျန်မရှိ ကုန်စင်-အောင် ဖြတ်တောက်တော်မူနိုင်ကြလေကုန်ပြီ။ (သံ၊၁၊၃၂။)

ဤကျမ်းစာငယ်ကို ဖတ်ရှုနေသော အသင်သူတော်ကောင်းသည်လည်း ရုပ်-နာမ်ဓမ္မ = သင်္ခါရလောကကို **သုညသို့ဆိုက်အောင်** အဆင့်ဆင့်သော ဝိပဿနာပညာ, အဆင့်ဆင့်သော အရိယမဂ်ပညာတို့ဖြင့် ကြည့်ရှုနိုင်သဖြင့်

## ၃၂ ☸ လောကကို သုညဆိုက်အောင်သာ ကြည့်ပါ (စူဠသုညတသုတ္တန်)

သံသရာဝဋ်ဆင်းရဲဒုက္ခအဝဝမှ အပြီးတိုင် ကျွတ်လွတ် ထွက်မြောက်ရာ ဖြစ်-တော်မူသည့် မဟာအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီး-ကို စင်စစ် အသာဆုံး အမြတ်ဆုံး သုညတဖြစ်သည့် အရဟတ္တဖိုလ်သမာ-ပတ်ဖြင့် မျက်မှောက်ပြုကာ သဉပါဒိသေသနိဗ္ဗာနဓာတ်သို့ ဝင်စံနိုင်ပါစေ-သောဝ်၊ ထိုသဉပါဒိသေသနိဗ္ဗာနဓာတ်မှ တစ်ဆင့်တက်ကာ ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်၌ ဘဝသစ်ဟူသည့် ခန္ဓာငါးပါးတို့၏ အကြွင်းအကျန်မရှိ ကုန်စင်အောင် ချုပ်ငြိမ်းသည့် အနုပါဒိသေသနိဗ္ဗာနဓာတ်သို့လည်း ဝင်စံနိုင် ပါစေသောဝ်ဟု မေတ္တာမွန်ဖြင့် ဆန္ဒပြုလျက် —

**ဖားအောက်တောရဆရာတော်**

ဖားအောက်တောရ
စိတ္တလတောင်ကျောင်း
ကောဇာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်
ခရစ်သက္ကရာဇ် ၂၀၀၆-ခုနှစ်၊ မတ်လ (၄)ရက်
တနင်္ဂနွေနေ့

# အလှူမြတ်တား သုံးပါးအန္တရာယ်

## (ဘုရားရှင်နှင့် ဝစ္ဆပရိဗိုဇ်တို့၏ ဆွေးနွေးခန်း)

## (ဝစ္ဆဂေါတ္တသုတ္တန်)

## တရားဦးပလ္လင်

၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်ရွာမှ ကွယ်လွန်သွားသူ ဒါယကာကြီး ဦးမောင်ပိန်အား ရည်စူး၍ ကျန်ရစ်ခဲ့သူ ဒေါ်ခင်ကြည်အမှူးရှိတဲ့ မိသားစုတို့က ဖားအောက်တောရစကြံ-ကျောင်း၌ သမထ-ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတော်မူတဲ့ သံဃာ-တော်တို့အား ရည်စူး၍ သံဃိကကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်း ပူဇော်ကြပါတယ်။ ထိုကျောင်းဆောက်လုပ်လှူဒါန်းသည့်ပွဲ၌ ဆွမ်းအစရှိတဲ့ လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်း ဆက်ကပ် လှူဒါန်း ပူဇော်ကြပါတယ်။ ထိုကောင်းမှုကုသိုလ်တို့ရဲ့ အဖို့ဘာဂကို ဒါယကာကြီး ဦးမောင်ပိန်အမှူးရှိတဲ့ (၃၁)ဘုံ၌ ကျင်လည်ကြတဲ့ သတ္တဝါတို့အားလည်း ကုသိုလ်အဖို့ဘာဂကို အမျှ-ရကြပါစေခြင်းအကျိုးငှာ ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေလိုတယ်လို့ လျှောက်ထားကြတယ်။

အလားတူပဲ မော်လမြိုင်မြို့မှ ဒါယကာ မောင်ကျော်မြင့်မိသားစုတို့က-လည်း သက်န်းအစရှိတဲ့ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ် လှူဒါန်းတဲ့ အတွက် ဒီနေ့ ကြုံကြိုက်နေတဲ့အတွက် ပေါင်း၍ ရေစက်ချမယ်လို့ လျှောက်-

ထားကြတယ်။ ထိုကျောင်းအလှူ, ဆွမ်းအလှူ, သင်္ကန်းအလှူ အလှူဒါနပွဲ၌ ဝမ်းမြောက်ဖွယ်, အမှတ်ရဖွယ်ဖြစ်တဲ့ အနုမောဒနာတရားတစ်ပုဒ် ချီးမြှင့်ပေးတော်မူပါလို့ လျှောက်ထားကြတဲ့အတွက် ဒီနေ့ အနုမောဒနာတရားကလေးတစ်ပုဒ် နာကြားကြည့်ကြရအောင်။ ပရိတ်တရားတော်ကလေးတစ်ပုဒ်နဲ့ပဲ နိဒါန်းပျိုးကြရအောင် –

**မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။**
**ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ'မုတ္တမံ။**
**ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။**

**မဟာကာရုဏိကော** = ကြီးမြတ်သော ကရုဏာရှိတော်မူသော။ **နာထော** = ပြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကိုးကွယ်အားထားရာအစစ် အဖြစ်ကြီး ဖြစ်တော်မူသော ဘုရားမြတ်စွာသည်။ **သဗ္ဗပါဏိနံ** = ခပ်သိမ်းဥဿုံအလုံးစုံကုန်သော သတ္တဝါအပေါင်းတို့၏။ **ဟိတာယ** = လောကီ လောကုတ္တရာ အကျိုးစီးပွား ချမ်းသာအလို့ငှာ။ **သဗ္ဗာ ပါရမီ** = ခပ်သိမ်းဥဿုံ အလုံးစုံသော ပါရမီတော်မြတ်အပေါင်းကို။ **ပူရေတွာန** = ဖြည့်ကျင့်ဆည်းပူးတော်မူပြီး၍။ **ဥတ္တမံ** = မြတ်လှစွာသော။ **သမ္ဗာသမ္ဗောဓိ** = အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်မြတ်သို့။ **ပတ္တော** = ရောက်ရှိတော်မူခဲ့လေပြီ။ **ဧတေန သစ္စဝဇ္ဇေန** = ဝစီမဂ်လာ ဤသစ္စာစကားကို ပြောဆိုရခြင်းကြောင့်။ **တေ တုမှာကံ** = သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အား။ **သဒါ** = နေ့ရော ညဉ့်ပါ ဘယ်ခါမလပ် အခါခပ်သိမ်း။ **သောတ္ထိ** = ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်။ **ဟောတု** = မုချမသွေ ဖြစ်ပါစေသတည်း။

## (သာဓု သာဓု သာဓုပါဘုရား . . . )

ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းသော ကာလပတ်လုံး အသက်ကို စွန့်လွှတ် လှူဒါန်းခြင်း, သားမယားတို့ကို စွန့်လွှတ် လှူဒါန်းခြင်း, ပစ္စည်းကို စွန့်လွှတ် လှူဒါန်းခြင်း အစရှိတဲ့ ဒါနပါရမီ အခြေခံ၍ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်

တော်မူခဲ့တယ်။ ဘာဦးတည်ချက်နဲ့ ဖြည့်ကျင့်ခဲ့သလဲ? သဗ္ဗညုတဉာဏ်ရဖို့ရန် ရည်ရွယ်တောင့်တပြီးတော့ ကောင်းမှုကုသိုလ်တွေကို ဖြည့်ကျင့်ခဲ့တယ်။ ထိုဝစီမင်္ဂလာ မှန်ကန်တဲ့ သစ္စာစကားကြောင့် သင်သတ္တဝါအပေါင်းတို့သည် ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေလို့ သစ္စာပြုနေတဲ့ ဂါထာ-ကလေးတစ်ပုဒ် ဖြစ်ပါတယ်။

## မှန်မြတ်သော ဦးတည်ချက်

ဒီနေ့ ကျောင်းအစရှိတဲ့, သင်္ကန်းအစရှိတဲ့, ဆွမ်းအစရှိတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစုကို လှူဒါန်းနေတဲ့ ပုဂ္ဂိုလ်တွေလည်း ဦးတည်ချက်တစ်ခုခုတော့ ရှိသင့်တယ်နော်။ ဦးတည်ချက်များစွာတို့တွင် အဆင့်အတန်း အမြင့်ဆုံး ဦးတည်-ချက်ကတော့ သမ္မာသမ္ဗောဓိဉာဏ်လို့ ခေါ်ဆိုအပ်တဲ့ သဗ္ဗညုတဉာဏ် အထွတ်တပ်ထားတဲ့ အရဟတ္တမဂ်ဉာဏ်ကို ရဖို့ရန် ရည်ရွယ်တောင့်တပြီး ကောင်းမှုကုသိုလ် ပြုခဲ့မယ်ဆိုရင်တော့ အဆင့်အတန်း အမြင့်ဆုံး ဒါနတစ်ခု, အဆင့်အတန်း အမြင့်ဆုံး ဦးတည်ချက်တစ်ခု ဖြစ်ပါတယ်။

ဒီထက်တစ်ဆင့် နိမ့်လိုက်ရင်တော့ ပစ္စေကဗောဓိဉာဏ်ရရှိရေးအတွက် ရည်ရွယ်တောင့်တပြီး ကောင်းမှုကုသိုလ် ပြုခဲ့မယ်ဆိုရင်တော့ ဒုတိယ အကောင်းဆုံးသော ဦးတည်ချက်တစ်ခု ဖြစ်တယ်။ တတိယ အကောင်းဆုံး ဦးတည်ချက်ကတော့ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးတို့ကဲ့သို့ အဂ္ဂသာဝကဗောဓိဉာဏ် ရရှိရေးအတွက် ရည်ရွယ်တောင့်-တပြီးတော့ ကောင်းမှုကုသိုလ်တွေ ပြုခဲ့မယ်ဆိုရင်တော့ ထိုဦးတည်ချက်က တတိယအကောင်းဆုံး ဦးတည်ချက် ဖြစ်ပါတယ်။

ဒီထက်တစ်ဆင့် နိမ့်လိုက်တဲ့ အချိန်အခါမှာ အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်မဟာကစ္စည်းအစရှိတဲ့ မထေရ်ကျော် ပုဂ္ဂိုလ်မြတ်ကြီး-တို့ကဲ့သို့ မဟာသာဝကဗောဓိဉာဏ်ကို ရည်ရွယ်တောင့်တပြီး ကောင်းမှုကု-သိုလ်ထူးတွေကို ဆည်းပူးရှာဖွေခဲ့မယ်ဆိုရင်လည်း ထိုဦးတည်ချက်သည် စတုတ္ထအကောင်းဆုံး ဦးတည်ချက်တစ်ခု ဖြစ်ပါတယ်။

ဒီထက်တစ်ဆင့် နိမ့်လိုက်တော့ ရိုးရိုးသာဝကတွေပေါ့။ မဂ်ဉာဏ် ဖိုလ်-ဉာဏ် နိဗ္ဗာန်ကို ရရှိသွားတော်မူတဲ့ ပကတိသာဝကဗောဓိဉာဏ်ကို ရည်ရွယ်တောင့်တပြီး ကောင်းမှုကုသိုလ်တစ်ခုကို ပြုစုပျိုးထောင်ခဲ့မယ်ဆိုရင်တော့ ထိုပြုစုပျိုးထောင်နေတဲ့ ကောင်းမှုကုသိုလ် ထိုဦးတည်ချက်မျိုးကိုတော့ ပဥ္စမ အကောင်းဆုံးသော ဦးတည်ချက်လို့တော့ သတ်မှတ်နိုင်ပါတယ်။

အဲဒီ ဦးတည်ချက်တွေကနေပြီးတော့ နောက်ထပ် ပုံစံတစ်မျိုး အနေအားဖြင့် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတွေကို ရည်ရွယ်တောင့်-တပြီး ကောင်းမှုကုသိုလ်တွေကို ပြုခဲ့မယ်ဆိုရင်လည်း မဖြစ်နိုင်ဘူးလား? ဖြစ်နိုင်ပါတယ်။ သို့သော် ကောင်းမှုကုသိုလ်ပြုတဲ့ အချိန်အခါမှာ မိမိတို့ ရည်ရွယ်တောင့်တတဲ့ ဦးတည်ချက်အတိုင်း ဖြစ်နိုင်ရေးအတွက် အလှူခံပုဂ္ဂိုလ်ဘက်မှာ ရှိရမယ့် အင်္ဂါရပ်တွေလည်း ရှိကြတယ်။ အလှူပေးတဲ့ ပုဂ္ဂိုလ်ဘက်မှာ ထင်ရှားရှိနေရမယ့် အင်္ဂါရပ်တွေလည်း ရှိကြတယ်။ အဲဒီ အင်္ဂါရပ်တွေနဲ့ ပတ်သက်လို့ သဘောပေါက်အောင် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်မှာ လာရှိတဲ့ **ဝစ္ဆဂေါတ္တသုတ္တန်**ကလေးကို အတိုချုပ်ပြီးတော့ ပြောကြရအောင် -

## ဝစ္ဆဂေါတ္တပရိဗိုဇ်၏ မေးခွန်း (၄) ရပ်

တစ်ချိန်မှာ ဝစ္ဆအနွယ်မှာ ဖွားမြင်တဲ့အတွက်ကြောင့် ဝစ္ဆဂေါတ္တပရိဗိုဇ် အမည်ရတဲ့ ပရိဗိုဇ်တစ်ဦးက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ မြတ်စွာ-ဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ အမှတ်ရဖွယ် စကားတွေ ပြောဆိုကြတယ်။ ပြောဆိုပြီးဆုံးစေပြီးတဲ့ အချိန်အခါမှာ မြတ်စွာဘုရားကို သူက လျှောက်ထားတယ်။ ဘယ်လို လျှောက်ထားလဲ?

**သုတံ မေတံ ဘော ဂေါတမ သမဏော ဂေါတမော ဧဝမာဟ – ‘မယှမေဝ ဒါနံ ဒါတဗ္ဗံ၊ နာညေသံ ဒါနံ ဒါတဗ္ဗံ၊ မယှမေဝ သာဝကာနံ ဒါနံ ဒါတဗ္ဗံ၊ နာညေသံ သာဝကာနံ ဒါနံ ဒါတဗ္ဗံ၊ မယှမေဝ ဒိန္နံ မဟပ္ဖလံ၊ နာညေသံ ဒိန္နံ မဟပ္ဖလံ၊ မယှမေဝ သာဝကာနံ ဒိန္နံ မဟပ္ဖလံ၊ နာညေသံ သာဝကာနံ ဒိန္နံ မဟပ္ဖလ’န္တိ။** (အံ၊၁၊၁၆၁။)

**ဘော ဂေါတမ** = အိုအရှင် ဂေါတမ . . .။ **မေ** = ဘုရားတပည့်တော်သည်။ **တံ** = ဤစကားကို။ **သုတံ** = ကြားနာဖူးပါ၏။

"အရှင်ဂေါတမ . . . တပည့်တော် ဒီစကားကို ကြားဖူးနေတယ်"။ ဘယ်လို ကြားဖူးသလဲ?

**သာမဏော ဂေါတမော** = ရဟန်းဂေါတမသည်။ **ဧဝံ** = ဤသို့။ **အာဟ** = ပြောဆို၍ နေပါ၏။

"အရှင်ဂေါတမက ဒီလို ပြောတယ်ဆိုတဲ့ စကားကလေးတစ်ခုကို တပည့်တော် ကြားနေတယ်"။ ဒီလို ပြောတယ်ဆိုတာက ဘယ်လိုလဲ?

**မယှမေဝ** = ငါဘုရားရှင်အားသာလျှင်။ **ဒါနံ** = အလှူဒါနကို။ **ဒါတဗ္ဗံ** = ပေးလှူသင့် ပေးလှူထိုက်ပေ၏။ **အညေသံ** = ငါဘုရားရှင်မှ တစ်ပါးသော အခြားအခြားသော ပုဂ္ဂိုလ်တို့အား။ **ဒါနံ** = အလှူဒါနကို။ **န ဒါတဗ္ဗံ** = မပေး-လှူသင့် မပေးလှူထိုက်ပေ။ **မယှမေဝ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်သာဝကတို့အားသာလျှင်။ **ဒါနံ** = အလှူဒါနကို။ **ဒါတဗ္ဗံ** = ပေးလှူသင့် ပေး-လှူထိုက်ပေ၏။ **အညေသံ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်သာဝကမှ အခြားတစ်ပါးဖြစ်ကြကုန်သော သာဝကတို့အား။ **ဒါနံ** = အလှူဒါနကို။ **န ဒါတဗ္ဗံ** = မပေးလှူသင့် မပေးလှူထိုက်ပေ။ **မယှမေဝ** = ငါဘုရားရှင်အားသာလျှင်။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိပေ၏။ **အညေသံ** = အခြားတစ်ပါးသော ပုဂ္ဂိုလ်တို့အား။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **န မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များ-မြတ်တဲ့အကျိုး မရှိပေ။ **မယှမေဝ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်-သာဝကတို့အားသာလျှင်။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိပေ၏။ **အညေသံ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်သာဝကမှ အခြားတစ်ပါးကုန်သော သာဝကတို့အား။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **န မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များ-မြတ်တဲ့အကျိုး မရှိပေ။ **ဣတိ ဧဝံ** = ဤသို့လျှင်။ **သမဏော ဂေါတမော** =

ရဟန်းဂေါတမသည်။ **အာဟ** = ပြောဆို၍ နေပါပေ၏။ **ဣတိ ဧတံ ဝစနံ** = ဤကဲ့သို့သော စကားကို။ **မေ** = ဘုရားတပည့်တော်သည်။ **သုတံ** = ကြားနာ၍ နေရပါပေ၏။

**ဝစ္ဆဂေါတ္တပရိဗိုဇ်** = ဝစ္ဆအနွယ်မှာဖြစ်တဲ့ ပရိဗိုဇ်ကြီးက မြတ်စွာဘုရားကို လျှောက်ထားတဲ့ စကားပဲနော်။

"မြတ်စွာဘုရား . . . တပည့်တော်တော့ ဒီလို ကြားနေတယ်။ ရဟန်းဂေါတမဟာ ငါဘုရားကိုသာလျှင် အလှူဒါန ပေးလှူထိုက်တယ်။ ငါဘုရားမှ တစ်ပါး အခြားတစ်ပါးသော အခြားအခြားသော ပုဂ္ဂိုလ်တွေအား အလှူဒါန-ကို မပေးလှူထိုက်ဘူး။ ငါဘုရားရှင်ရဲ့ တပည့်သာဝကတွေကိုသာ အလှူဒါန-ကို ပေးလှူထိုက်တယ်။ ငါဘုရားရှင်ရဲ့ တပည့်သာဝကမှ အခြားတစ်ပါးသော ပုဂ္ဂိုလ်တွေရဲ့ တပည့်သာဝကတွေကို မပေးလှူထိုက်ဘူး။ ငါဘုရားရှင်အား ပေးလှူမှသာလျှင် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိတယ်။ အခြား-အခြားသော ပုဂ္ဂိုလ်တွေအား ပေးလှူခဲ့ရင် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး မရှိဘူး။ ငါဘုရားရှင်ရဲ့ တပည့်သာဝကတွေကို ပေးလှူမှသာလျှင် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိတယ်။ အခြားအခြားသော ဂိုဏ်းဆရာတွေရဲ့ တပည့်သာဝကတွေကို ပေးလှူခဲ့မယ်ဆိုရင် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး မရှိဘူးလို့ ရဟန်းဂေါတမက ပြောနေတယ်လို့ တပည့်တော်ကြားနေရပါတယ်" ဆိုပြီးတော့ သူက လျှောက်ထားတယ်။ အဲဒီလို လျှောက်ထားပြီးတဲ့အခါမှာ သူ့စကားကတော့ မဆုံးသေးဘူး။ မြတ်စွာဘုရားကို ဆက်လက်ပြီး သူက လျှောက်ထားပြန်တယ်။ ဘယ်လို လျှောက်ထားလဲ?

**ယေ တေ ဘော ဂေါတမ ဧဝမာဟံသု 'သမဏော ဂေါတမော ဧဝမာဟ မယှမေဝ ဒါနံ ဒါတဗ္ဗံ၊ နာညေသံ ဒါနံ ဒါတဗ္ဗံ။ မယှမေဝ သာဝကာနံ ဒါနံ ဒါတဗ္ဗံ၊ နာညေသံ သာဝကာနံ ဒါနံ ဒါတဗ္ဗံ။ မယှမေဝ ဒိန္နံ မဟပ္ဖလံ၊ နာညေသံ ဒိန္နံ မဟပ္ဖလံ။ မယှမေဝ သာဝကာနံ ဒိန္နံ မဟပ္ဖလံ၊ နာညေသံ သာဝကာနံ ဒိန္နံ မဟပ္ဖလ'န္တိ။** (အံ၊၁၊၁၆၁။)

**ဘော ဂေါတမ** = အိုအရှင် ဂေါတမ . . .။ **ယေ တေ** = အကြင်ပုဂ္ဂိုလ်တို့သည်ကား။ **ဧဝံ** = ဤသို့။ **အာဟံသု** = ပြောဆိုကြကုန်၏။

ဒီလိုပြောတယ်။ ဘယ်လိုလဲ?

**သမဏော ဂေါတမော** = ရဟန်းဂေါတမသည်။ **ဧဝံ** = ဤသို့။ **အာဟ** = ပြောဆို၍ နေပါ၏။ **မယှမေဝ** = ငါဘုရားအားသာလျှင်။ **ဒါနံ** = အလှူဒါနကို။ **ဒါတဗ္ဗံ** = ပေးလှူသင့် ပေးလှူထိုက်ပေ၏။ **အညေသံ** = အခြားတစ်ပါးသော ပုဂ္ဂိုလ်တို့အား။ **ဒါနံ** = အလှူဒါနကို။ **န ဒါတဗ္ဗံ** = မပေးလှူသင့် မပေးလှူထိုက်ပေ။ **မယှမေဝ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်သာဝကတို့အားသာလျှင်။ **ဒါနံ** = အလှူဒါနကို။ **ဒါတဗ္ဗံ** = ပေးလှူသင့် ပေးလှူထိုက်ပေ၏။ **အညေသံ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်သာဝကမှ တစ်ပါးကုန်သော အခြားအခြားသော ပုဂ္ဂိုလ်တို့၏ တပည့်သာဝကတို့အား။ **ဒါနံ** = အလှူဒါနကို။ **န ဒါတဗ္ဗံ** = မပေးလှူသင့် မပေးလှူထိုက်ပေ။ **မယှမေဝ** = ငါဘုရားအားသာလျှင်။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိပေ၏။ **အညေသံ** = အခြားတစ်ပါးသော ပုဂ္ဂိုလ်တို့အား။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **န မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး မရှိပေ။ **မယှမေဝ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်သာဝကတို့အားသာလျှင်။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိပေ၏။ **အညေသံ သာဝကာနံ** = ငါဘုရားရှင်၏ တပည့်သာဝကမှ အခြားတစ်ပါးကုန်သော ပုဂ္ဂိုလ်တို့၏ တပည့်သာဝကတို့အား။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနသည်။ **န မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး မရှိပေ။ **ဣတိ ဧဝံ** = ဤသို့လျှင်။ **ယေ တေ** = အကြင်ပုဂ္ဂိုလ်တို့သည်။ **အာဟံသု** = ပြောဆို၍ နေကြပါကုန်၏။

"အရှင်ဂေါတမက ပြောနေတယ်။ ငါ့ကိုသာလျှင် အလှူဒါနပေးလှူရမယ်။ တခြားတခြားသော ပုဂ္ဂိုလ်တွေအား အလှူဒါန မပေးလှူရဘူး။ ငါဘုရားရှင်ရဲ့ တပည့်သာဝကတွေကိုသာလျှင် အလှူဒါန ပေးလှူရမယ်။ တခြားတခြားသော ပုဂ္ဂိုလ်တွေရဲ့ တပည့်သာဝကတွေကို အလှူဒါန မပေး-

လှူရဘူး။ ငါဘုရားရှင်ကို လှူမှသာလျှင် အကျိုးကြီးတယ်။ တခြားတခြားသော ပုဂ္ဂိုလ်တွေကို လှူခဲ့ရင် အကျိုးမကြီးဘူး။ ငါဘုရားရှင်ရဲ့ တပည့်သာဝကတွေကို ပေးလှူမှသာလျှင် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိတယ်။ တခြား-တခြားသော ပုဂ္ဂိုလ်တွေရဲ့ တပည့်သာဝကတွေကို ပေးလှူခဲ့မယ်ဆိုရင် ကြီး-ကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး မရှိဘူးလို့ အကြင်ပုဂ္ဂိုလ်တွေက ပြောနေကြတယ်" အဲဒီလို ပြောတဲ့ပုဂ္ဂိုလ်တွေသည် ဘာဖြစ်လဲ?

**၁။ ကစ္စိ တေ ဘောတော ဂေါတမဿ ဝုတ္တဝါဒိနော?** (အံ၊၁၊၁၆၁။)

**ဘော ဂေါတမ** = အရှင်ဂေါတမ . . . ။ **ကစ္စိ** = အသို့ပါနည်း? **တေ** = ထိုပုဂ္ဂိုလ်တို့သည်။ **ဘောတော ဂေါတမဿ** = အရှင်ဂေါတမအား။ **ဝုတ္တ-ဝါဒိနော** = အမှန်ကို ပြောဆို၍နေတဲ့ ပုဂ္ဂိုလ်တို့သည်။ **ဟောန္တိ** = ဖြစ်ကြပါကုန်သလား?

"အဲဒီလို ပြောနေတဲ့ ပုဂ္ဂိုလ်တွေဟာ အရှင်ဂေါတမကို အမှန်အတိုင်း ပြောနေတဲ့ ပုဂ္ဂိုလ်တွေ ဟုတ်ကြပါရဲ့လား?" တစ်ချက်နော်။

**၂။ န စ ပန ဘဝန္တံ ဂေါတမံ အဘူတေန အဗ္ဘာစိက္ခန္တိ။** (အံ၊၁၊၁၆၁။)

**ပန** = နောက်တစ်မျိုးသော်ကား။ **ဘဝန္တံ ဂေါတမံ** = အရှင်ဂေါတမကို။ **အဘူတေန** = မဟုတ်မမှန်သော စကားဖြင့်။ **ကစ္စိ န စ အဗ္ဘာစိက္ခန္တိ** = မစွပ်စွဲဘဲ ရှိကြပါကုန်ရဲ့လား?

"အဲဒီလို ပြောနေတဲ့ ပုဂ္ဂိုလ်တွေဟာ အရှင်ဂေါတမကို မဟုတ်မမှန် မစွပ်စွဲဘဲ ရှိကြပါကုန်ရဲ့လား?" နောက်တစ်ခု –

**၃။ ဓမ္မဿ စာနုဓမ္မံ ဗျာကရောန္တိ၊** (အံ၊၁၊၁၆၁။)

**ဓမ္မဿ စ** = အရှင်ဂေါတမ ဟောကြားပြသ ဆိုဆုံးမနေတဲ့တရားကို-လည်း။ **အနုဓမ္မံ** = အစဉ်လျော်ညီတဲ့ တရားကို။ **ကစ္စိ ပန ဗျာကရောန္တိ** = ပြောကြား၍ နေကြပါကုန်သလား?

“အရှင်ဂေါတမ ဟောနေတဲ့တရားကို အစဉ်လိုက်ပြီး ဟောနေတာ ဟုတ်ကြပါရဲ့လား?”

**၄။ န စ ကောစိ သဟဓမ္မိကော ဝါဒါနုပါတော ဂါရယှံ ဌာနံ အာဂစ္ဆတိ?** (အံ၊၁၊၁၆၁။)

**ကောစိ** = တစ်စုံတစ်ခုသော။ **သဟဓမ္မိကော** = အကြောင်းတရားနှင့် တကွသော။ **ဝါဒါနုပါတော** = အရှင်ဂေါတမ ပြောဆိုနေတဲ့ မူရင်းစကားအစဉ် နောက်သို့ အစဉ်ကျရောက်လျက်ရှိသော တစ်ဆင့်ပြောကြားသော စကား- သည်။ **ဂါရယှံ ဌာနံ** = ကဲ့ရဲ့ထိုက်တဲ့ အရာဌာနသို့။ **န စ အာဂစ္ဆတိ** = မရောက်ဘဲ ရှိပါရဲ့လား?

“ဒီပြောနေတဲ့ စကားတွေဟာ အကြောင်းတရားနှင့် လျော်ညီနေသော အရှင်ဂေါတမ ဟောကြားပြသ ဆိုဆုံးမနေတဲ့ မူရင်းစကားနောက်ကို အစဉ်- လိုက်ပြီးတော့ တစ်ဆင့်ပြောကြားနေတဲ့ မကဲ့ရဲ့ထိုက်တဲ့ စကားတွေ ဟုတ်ကြ ပါရဲ့လား”တဲ့။

**အနဗ္ဘက္ခာတုကာမာ ဟိ မယံ ဘဝန္တံ ဂေါတမံ။** (အံ၊၁၊၁၆၁။)

**မယံ** = ဘုရားတပည့်တော်တို့သည်ကား။ **ဘဝန္တံ ဂေါတမံ** = အရှင်ဂေါ- တမကို။ **အနဗ္ဘက္ခာတုကာမာ** = မစွပ်စွဲကြလိုပါကုန်။

“တပည့်တော်တို့ဟာ အရှင်ဂေါတမကို မစွပ်စွဲလိုကြပါဘူး”ဆိုပြီးတော့ ဒီမေးခွန်း (၄)ရပ်ကို သူက မေးတယ်။ အဲဒီလို မေးမြန်းလျှောက်ထားလိုက်တဲ့ အချိန်အခါမှာ မြတ်စွာဘုရားဘက်က ဘာအဖြေပေးတော်မူသလဲ?

**“ယေ တေ ဝစ္ဆ ဧဝမာဟံသု – ‘သမဏော ဂေါတမော ဧဝမာဟ – မယှမေဝ ဒါနံ ဒါတဗ္ဗံ။ ပ ။နာညေသံ သာဝကာနံ ဒိန္နံ မဟပ္ဖလ’န္တိ။** (အံ၊၁၊၁၆၁။)

“ဒကာတော် ဝစ္ဆပရိဗိုဇ် . . . အကြင်ပုဂ္ဂိုလ်တွေဟာ ရဟန်းဂေါတမ- ဟာ ငါ့ကိုသာ ပေးလှူရမယ်။ တခြားတခြားသော ပုဂ္ဂိုလ်တွေကို မပေးလှူ ရဘူး။ ငါဘုရားရှင်ရဲ့ တပည့်သာဝကတွေကိုသာ ပေးလှူရမယ်။ တခြား-

တခြားသော ဂိုဏ်းဆရာတွေရဲ့ တပည့်သာဝကတွေကို မပေးလှူရဘူး။ ငါဘုရားရှင်ကို လှူမှသာလျှင် အကျိုးကြီးတယ်။ တခြားတခြားသော ပုဂ္ဂိုလ်တွေကို လှူရင် အကျိုးမကြီးဘူး၊ ငါဘုရားရှင်ရဲ့ တပည့်သာဝကတွေကို လှူမှသာလျှင် အကျိုးကြီးတယ်၊ အခြားအခြားသော ဂိုဏ်းဆရာတွေရဲ့ တပည့်သာဝကတွေကို လှူရင် အကျိုးမကြီးဘူး”ဆိုပြီးတော့ ရဟန်းဂေါတမ ပြောနေပါတယ်လို့ အကြင်ပုဂ္ဂိုလ်တွေက ပြောကြတယ်တဲ့နော်။ အဲဒီလို ပြောနေတဲ့ ပုဂ္ဂိုလ်တွေသည် အမှန်ကို ပြောတာ ဟုတ်ရဲ့လားဆိုတာကို မြတ်စွာဘုရားက ဆက်ပြီး အဖြေပေးတော်မူတယ်။

**န မေ တေ ဝုတ္တဝါဒိနော၊** (အံ၊၁၊၁၆၁။)

**တေ** = ထိုပုဂ္ဂိုလ်တို့သည်။ **မေ** = ငါဘုရားအား။ **ဝုတ္တဝါဒိနော** = အမှန်ကိုသာ ပြောဆို၍ နေကြတဲ့ ပုဂ္ဂိုလ်မျိုးတို့သည်။ **န ဟောန္တိ** = မဖြစ်ကြပါကုန်။

“အဲဒီလို ပြောနေတဲ့ ပုဂ္ဂိုလ်တွေဟာ ငါဘုရားကို အမှန်အတိုင်း ပြောနေတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ကြပါဘူး”။

**အဗ္ဘာစိက္ခန္တိ စ ပန မံ အသတာ အဘူတေန၊** (အံ၊၁၊၁၆၁။)

**မံ စ** = ငါဘုရားကိုလည်းပဲ။ **အသတာ** = ထင်ရှားမရှိတဲ့။ **အဘူတေန** = မဟုတ်မမှန်တဲ့ စကားဖြင့်။ **အဗ္ဘာစိက္ခန္တိ** = စွပ်စွဲ၍ နေကြပါကုန်၏။

ငါဘုရားရှင်ကို ထင်ရှားမရှိတဲ့ မဟုတ်မမှန်တဲ့ စကားဖြင့် စွပ်စွဲနေကြတာသာ ဖြစ်ပါတယ်။

အဲဒီလို အဖြေပေးပြီးတော့မှ ဒီနေ့ တရားနာပရိသတ်တွေ လိုက်နာသင့် လိုက်နာထိုက်တဲ့ သိသင့်သိထိုက်တဲ့ အချက်ကလေးတွေကို မြတ်စွာဘုရား အနည်းငယ် ဆက်ပြီး ဟောပေးတော်မူပါတယ်။

## သူတစ်ပါး၏ အလှူဒါနကို တားမြစ်သူအတွက် အန္တရာယ် (၃) မျိုး

**ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ။** (အံ၊၁၊၁၆၁။)

**ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သော ဒကာတော် ပရိဗိုဇ် . . . ။ **ယော ခေါ** = အကြင်သူသည်ကား။ **ပရံ ဒါနံ ဒဒန္တံ** = သူတစ်ပါး ပေးလှူ၍ နေသည်ကို။ **ဝါရေတိ** = တားမြစ်တတ်၏။

သူတစ်ပါး ပေးလှူနေတာကို ပုဂ္ဂိုလ်တစ်ယောက်က တားမြစ်တတ်တယ်။ ဒကာကြီးတွေက လှူချင်ရင် ဒကာမကြီးတွေက ကန့်ကွက်တယ်။ ဒကာမကြီးတွေက လှူချင်ပြီဆိုရင် ဒကာကြီးက ကန့်ကွက်တယ်။ သားသမီးတွေက လှူချင်ရင် မိဘတွေက ကန့်ကွက်တယ်။ မိဘတွေက လှူချင်ရင် သားသမီးတွေက ကန့်ကွက်တယ် စတဲ့ ပုံစံမျိုးပဲနော်။ သူတစ်ပါး ပေးလှူတော့မယ်ဆိုရင် ထိုပေးလှူနေတဲ့ အလှူဒါနကို လာပြီး တားမြစ်တယ်။ အဲဒီ တားမြစ်တဲ့ပုဂ္ဂိုလ် ဘာလုပ်တာလဲ?

**ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ သော တိဏ္ဏံ အန္တရာယကရော ဟောတိ၊ တိဏ္ဏံ ပါရိပန္ထိကော။** (အံ၊၁၊၁၆၁။)

**ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သော ဒကာတော်ပရိဗိုဇ်။ **ယော ခေါ** = အကြင်သူသည်ကား။ **ပရံ ဒါနံ ဒဒန္တံ** = သူတစ်ပါး ပေးလှူ၍ နေသည်ကို။ **ဝါရေတိ** = တားမြစ်တတ်၏။ **သော** = ထိုတားမြစ်တတ်တဲ့ ပုဂ္ဂိုလ်သည်။ **တိဏ္ဏံ** = သုံးမျိုးတို့၏။ **အန္တရာယကရော** = အန္တရာယ်ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်ပေ၏။ **တိဏ္ဏံ** = သုံးမျိုးတို့၏။ **ပါရိပန္ထိကော** = ဘေးဥပါဒ်တို့ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်ပေ၏။

အန္တရာယ် (၃)မျိုး, ဘေးဥပါဒ် (၃)မျိုးကို ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သူတစ်ပါး ပေးလှူနေတဲ့ အလှူဒါနတစ်ခုကို သွားပြီး တားမြစ်ရင် ဒီတားမြစ်တဲ့ ပုဂ္ဂိုလ်သည် အန္တရာယ် (၃)မျိုးကို ပြုလုပ်နေတာ ဖြစ်တယ်လို့ ဘုရားရှင်က ဟောကြားတော်မူပါတယ်။ အဲဒီ (၃)မျိုးဆိုတာက ဘာတွေလဲ?

## ၁။ ဒါနကုသိုလ်၏ အန္တရာယ်

**၁။ ဒါယကဿ ပုညန္တရာယကရော ဟောတိ၊** (အံ၊၁၊၁၆၁။)

နံပါတ် (၁)နော်။

**ဒါယကဿ** = အလှူရှင်၏။ **ပုညန္တရာယကရော** = ကောင်းမှုကုသိုလ်၏ အန္တရာယ်ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်၏။

ဒါနဆိုတာက လှူခဲ့မယ်ဆိုရင် အလှူရှင်ဒါယကာမှာ ကုသိုလ်တရားတွေ တိုးပွားမယ့်လုပ်ငန်း ဖြစ်တယ်။ အလှူရှင် ဒါယကာက လှူဖွယ်ဝတ္ထုပစ္စည်း တစ်ခုကို လှူတော့မယ်ကြံရင် မလှူဖို့ရန် ကန့်ကွက်တယ်။ လှူမယ်ဆိုတဲ့ အလှူရှင်အတွက် ကုသိုလ်တရားတွေ ဖြစ်ဦးမလား? မဖြစ်ဘူး။ ကုသိုလ် ခေါ်တဲ့ **ပုည** = ကောင်းမှုကုသိုလ်တရားတွေကို မဖြစ်ပေါ်အောင် အန္တရာယ် ပြုလုပ်နေတဲ့ လုပ်ငန်းတစ်ခု ဖြစ်တယ်။ ဒါက နံပါတ် (၁)နော်။ နံပါတ် (၂)ကတော့ ဘာလဲ?

## ၂။ လာဘ်လာဘ၏ အန္တရာယ်

**၂။ ပဋိဂ္ဂါဟကာနံ လာဘန္တရာယကရော ဟောတိ၊** (အံ၊၁၊၁၆၁။)

**ပဋိဂ္ဂါဟကာနံ** = အလှူခံပုဂ္ဂိုလ်တို့၏။ **လာဘန္တရာယကရော** = လာဘ်လာဘ၏ အန္တရာယ်ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်၏။

အလှူခံပုဂ္ဂိုလ်တွေ ရသင့်ရထိုက်တဲ့ လာဘ်လာဘရဲ့ အန္တရာယ်ကိုလည်း ပြုလုပ်တတ်တယ်။ မဟုတ်ဘူးလား? ဟုတ်နေတယ်နော်။ ဒါက နံပါတ် (၂)။ နံပါတ် (၃)ကျတော့ ဘာလဲ?

## ၃။ မိမိကိုယ်ကို မိမိ တူးဖြိုနေသူ

**၃။ ပုဗ္ဗေဝ ခေါ ပနဿ အတ္တာ ခတော စ ဟောတိ ဉပဟတော စ။**

(အံ၊၁၊၁၆၁။)

**ပုဗ္ဗေဝ** = ရှေးမဆွကပင်လျှင်။ **အဿ** = ထိုကန့်ကွက်၍နေတဲ့ ပုဂ္ဂိုလ်-

သည်။ **အတ္တာ** = မိမိကိုယ်ကို။ **ခတော စ** = ဂုဏ်ပျက်အောင် တူးဖြိုအပ်ပြီး-သည်လည်း။ **ဟောတိ** = ဖြစ်၏။ **ဥပဟတော စ** = ဂုဏ်သိက္ခာပျက်ပြားအောင် ညှဉ်းပန်းနှိပ်စက်အပ်ပြီးသည်လည်း။ **ဟောတိ** = ဖြစ်၏။

အဲဒီလို ကန့်ကွက်နေတဲ့ ပုဂ္ဂိုလ်ကို လှမ်းကြည့်နော်။ သူဟာ ကျေနပ်လို့ ကန့်ကွက်တာလား, မကျေနပ်လို့ ကန့်ကွက်တာလား? မကျေနပ်ဘူး။ မကျေ-နပ်တာမှာ သူ့မှာ လောဘကြောင့် မကျေနပ်တာလည်း ရှိချင်ရှိမယ်၊ ဒေါသ ကြောင့် မကျေနပ်တာလည်း ရှိချင်ရှိမယ်၊ ဣဿာ, မစ္ဆရိယတွေ ကိုယ့်ထက်-သာ မနာလိုတဲ့ စိတ်ထားတွေ, ဝန်တိုတဲ့စိတ်ထားတွေကြောင့် မကျေနပ်တာ-လည်း ရှိချင်ရှိမယ်နော်။ လောဘ, ဒေါသ, မောဟ, ဣဿာ မစ္ဆရိယစတဲ့ ဒီအကုသိုလ်တရားတွေ ဝင်ပြီး နှောင့်ယှက်ခံနေရတဲ့ ပုဂ္ဂိုလ်ဟာ မိမိကိုယ်ကို မိမိ ရှေးမဆွတည်းက မိမိဂုဏ်သိက္ခာတွေ ကျဆင်းသွားအောင် ကြိုတင်ပြီး-တော့ တူးဖြိုနေတာပဲ။ သိပ်လောဘကြီးတာပဲ၊ သိပ်ဒေါသကြီးတာပဲ၊ သိပ် မောဟထူပြောတာပဲ၊ သိပ်ပြီးတော့ ဣဿာ, မစ္ဆရိယတွေ များပြားတာပဲ စသည်ဖြင့် ဘေးပုဂ္ဂိုလ်တွေက ဝေဖန်ကြတော့မယ်။ မိမိမှာ ရှိရင်းစွဲဖြစ်တဲ့ သီလ, သမာဓိ, ပညာဂုဏ်သိက္ခာတွေ အားလုံး ကျဆင်းသွားတာပဲ။ ဒီကိလေ-သာလက်နက်တွေနဲ့ မိမိကိုယ်ကို မိမိ တူးဖြိုနေပြန်တယ်။ ဘယ်လို တူးဖြိုတာ-လဲ? တူးတယ် ဖြိုတယ်ဆိုတာ ဒကာကြီးတွေ ကြည့်စမ်းကြည့်! တူးလို့ရှိရင် ဘာဖြစ်သွားလဲ? တွင်းက ဘာဖြစ်သွားလဲ? တူးလေ နက်လေပဲ။ မိမိ နက်တဲ့ နေရာကို ဆင်းသွားဖို့ရန်အတွက် ကိုယ့်ကိုယ်ကို တူးဖြိုနေတာပဲ။ လက်နဲ့ ယက်ပြီးတော့ အောက်ကို ဆင်းနေတဲ့ ပုံစံပဲနော်။

ဒီတော့ သူတစ်ပါး ကောင်းမှုကုသိုလ်ကို ကန့်ကွက်ရုံလေးနဲ့ပဲ ဘာ-ကြောင့် ဒီလို လက်နဲ့ယက်ပြီး အောက်ကို ဆင်းရမလဲလို့ ဒီလိုတော့ မေးစရာ ရှိတယ်။ မေးစရာရှိတဲ့အခါကျတော့ အဖြေကတော့ သူတစ်ပါးတို့ရဲ့ ကောင်း-မှုကုသိုလ်ကို ကန့်ကွက်တားမြစ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ လောဘ, ဒေါသ, မောဟစတဲ့ အကုသိုလ်တရားတွေက နည်းပါးလို့ ကန့်ကွက်တာလား, များ-ပြားလို့ ကန့်ကွက်တာလားလို့မေးရင် များပြားတဲ့ ထုထည်တွေ ရှိတယ်နော်။

အလှူခံပုဂ္ဂိုလ်အပေါ်မှာ မကျေနပ်လို့ ဒေါသဖြစ်လို့ ဒေါသကို အခြေခံပြီးတော့ သို့မဟုတ် လှူဖွယ်ဝတ္ထုအပေါ်မှာ တွယ်တာတပ်မက်တဲ့ လောဘဖြစ်နေလို့ လောဘကို အခြေခံပြီးတော့ ကန့်ကွက်နေတာလည်း ဖြစ်ချင်ဖြစ်မယ်။ အလှူခံပုဂ္ဂိုလ်, အလှူပေးတဲ့ပုဂ္ဂိုလ် နှစ်ဖက်လုံးအပေါ်မှာ မကျေနပ်လို့ ကန့်ကွက်နေတာလည်း ဖြစ်ချင်ဖြစ်မယ်။

နောက်တစ်ခုကတော့ **ဣဿာ** = မလိုမုန်းထားတဲ့ စိတ်ထား။ **မစ္ဆရိယ** = ဝန်တိုတဲ့ စိတ်ထားတွေကြောင့် ကန့်ကွက်နေတာတွေလည်း မဖြစ်နိုင်ဘူးလား? ဖြစ်နိုင်တယ်။ **မာန** = ကိုယ့်ထက်သာသွားမှာစိုးလို့၊ အလှူရှင်က ဒီလိုလှူလိုက်လို့ရှိရင် ကိုယ်က နည်းနည်း လှူနိုင်တယ်။ သူက များများ လှူနိုင်တော့ ကိုယ့်ထက်သာ မနာလိုလို့ မကျေနပ်လို့ ကန့်ကွက်တာတွေလည်း မရှိနိုင်ဘူးလား? ရှိနိုင်တယ်။

အဲဒီလို လောဘ, ဒေါသ, မောဟ, ဣဿာ, မစ္ဆရိယတရားတွေကို တိုးပွားအောင် ဖြည့်ကျင့်ဆည်းပူးနေတဲ့ ပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိ တူးဖြိုနေတဲ့ပုဂ္ဂိုလ်။ မိမိကိုယ်ကို မိမိ ညှဉ်းပန်းနှိပ်စက်နေတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ အဲဒီလို တူးဖြိုနေတဲ့ ပုဂ္ဂိုလ်ရဲ့ လားရာဂတိသည် ကောင်းတဲ့ဂတိ ဖြစ်နိုင်ပါ့မလား? မဖြစ်နိုင်ဘူး။ အားလုံး ကြားဖူးကောင်း ကြားဖူးပါလိမ့်မယ်။ ထုံးကလေးတစ်ခုကိုတော့ နာဖူးထပ်မံအနေနဲ့ ပြောကြရအောင်နော်။

**အရှင်လောသကတိဿမထေရ်အလောင်း** (ဇာတက၊၅၊၁၊၂၅၁-၂၅၉။)

အရှင်လောသကတိဿမထေရ်အလောင်းလျာဖြစ်တဲ့ သူတော်ကောင်းဟာ ကဿပမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်အတွင်းတုန်းက — သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို အနှစ်နှစ်သောင်းတိုင်တိုင် ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့တဲ့ သူတော်ကောင်း ရဟန်းတော်တစ်ပါး ဖြစ်ခဲ့ဖူးပါတယ်။ —

**ဘိက္ခုဝေ သော ဘိက္ခု အတ္တနော အလာဘိဘာဝဥ္စ အရိယမဗ္ဗလာဘိဘာဝဥ္စ အတ္တနာဝ အကာသိ။ အယဥ္ဟိ ပုဗ္ဗေ ပရေသံ လာဘန္တရာယံ ကတွာ**

**အပ္ပလာဘီ ဇာတော၊ "အနိစ္စံ, ဒုက္ခံ, အနတ္တာ"တိ ဝိပဿနာယ ယုတ္တဘာဝ-ဿ ဗလေန အရိယမဂ္ဂလာဘီ ဇာတော။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **သော ဘိက္ခု** = ဤရဟန်းသည်-ကား။ **အတ္တနော** = မိမိ၏။ **အလာဘိဘာဝဉ္စ** = လာဘ်လာဘ မရရှိနိုင်သည့် အဖြစ်ကိုလည်းကောင်း။ **အရိယမဂ္ဂလာဘိဘာဝဉ္စ** = ဖြူစင်မြင့်မြတ်သည့် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ် တရားထူး တရားမြတ်ကို ရရှိသည်၏ အဖြစ်ကို လည်းကောင်း။ **အတ္တနာဝ** = မိမိကိုယ်တိုင်ပင်လျှင်။ **အကာသိ** = ပြုလုပ်ခဲ့ လေပြီ။ **အယံ** = ဤရဟန်းတော်သည်။ **ပုဗ္ဗေ** = ရှေးအတိတ်ဘဝ၌။ **ပရေသံ** = သူတစ်ပါးတို့၏။ **လာဘန္တရာယံ** = လာဘ်လာဘ၏ အန္တရာယ်ကို။ **ကတ္တာ** = ပြုကျင့်ခဲ့မိသည့်အတွက်ကြောင့်။ **အပ္ပလာဘီ** = နည်းပါးသော လာဘ်-လာဘကို ရခြင်းရှိတဲ့ ရဟန်းတော်သည်။ **ဇာတော** = ဖြစ်ခဲ့ရလေပြီ။

**သင်္ခါရေ** = ဒုက္ခသစ္စာ, သမုဒယသစ္စာ အမည်ရသည့် ရုပ်+နာမ်+ ကြောင်း+ကျိုး = သင်္ခါရတရားတို့ကို။ **"အနိစ္စံ, ဒုက္ခံ, အနတ္တာ"တိ** = အနိစ္စဟု, ဒုက္ခဟု, အနတ္တဟု။ **ဝိပဿနာယ** = ဝိပဿနာကို။ **ယုတ္တဘာဝဿ** = ကြိုးစား အားထုတ်ခဲ့သည်၏ အဖြစ်၏။ **ဗလေန** = စွမ်းအားရှိန်စော် အာနုဘော်-ကြောင့်။ **အရိယမဂ္ဂလာဘီ** = ဖြူစင်မြင့်မြတ်သည့် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသော တရားထူး တရားမြတ်ကို ရခြင်းရှိတဲ့ပုဂ္ဂိုလ်သည်။ **ဇာတော** = ဖြစ်ခဲ့ရလေပြီ။

ချစ်သားရဟန်းတို့ . . . ဒီလောသကတိဿရဟန်းတော်ဟာ မိမိရဲ့ လာဘ်လာဘ မရရှိခြင်းဆိုတဲ့ ဘဝကိုလည်း မိမိကိုယ်တိုင်ပဲ ပြုလုပ်ခဲ့တယ်၊ ဖြူစင်မြင့်မြတ်တဲ့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ တရားထူး တရားမြတ်ကို ရရှိခြင်းဆိုတဲ့ ဒီသဘောတရားကိုလည်းပဲ မိမိကိုယ်တိုင်ပဲ ပြုလုပ်ခဲ့ပါတယ်။ ဒီလောသကတိဿဟာ ဟို ရှေးအတိတ်ဘဝ ကဿပဘုရားရှင်လက်ထက်-တော်အခါက ရဟန္တာမထေရ်မြတ် ဖြစ်တော်မူတဲ့ သူတစ်ပါးရဲ့ လာဘ်-လာဘရဲ့ အန္တရာယ်ကို ပြုလုပ်ခဲ့ဖူးတယ်၊ ဒါကြောင့် ဒီဘဝမှာ သူဟာ လာဘ်-လာဘ မရရှိခြင်း ဖြစ်တယ်။ ဒါပေမယ့် သူဟာ ဒုက္ခသစ္စာ, သမုဒယသစ္စာ

အမည်ရတဲ့ ရုပ်+နာမ်+ကြောင်း+ကျိုး = သင်္ခါရတရားတွေကို အနိစ္စဟု, ဒုက္ခ-ဟု, အနတ္တဟု လက္ခဏာရေးသုံးတန်သို့တင်ကာ ဝိပဿနာရှုပွားသုံးသပ်ခဲ့ဖူး ပြန်တယ်။ ဒါကြောင့် အတိတ်ဘဝကရော ယခုဘဝမှာရော သူ့ရဲ့ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ခဲ့ဖူးတဲ့ ဝိပဿနာကုသိုလ် ဝိပဿနာဉာဏ်-တွေရဲ့ စွမ်းအားကြောင့် အရဟတ္တဖိုလ်တိုင်အောင်သော ဖြူစင်မြင့်မြတ်တဲ့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ တရားထူး တရားမြတ်တွေကို ရရှိခြင်း ဖြစ်တယ်လို့ ဒီလို ဘုရားရှင်က မိန့်ကြားတော်မူပြီးနောက် — သူ့ရဲ့ ရှေးဖြစ်-ဟောင်း အောက်မေ့ဖွယ်ဇာတ်လမ်းကို ပြန်ပြောင်းကာ ဟောကြားတော်မူ ပါတယ်။

သို့သော် သူ့ရဲ့ ဝိပဿနာဉာဏ်တွေဟာ သိပ်ပြည့်ပြည့်စုံစုံတော့ ပရမတ္ထ ဓာတ်သားတွေကို သိရှိဟန် မတူဘူး။ အချို့အဝက်လောက်ပဲ သိပုံရတယ်။ သာဝကတို့ သိသင့် သိထိုက်တဲ့ အတိုင်းအတာကိုသာ ပြောလိုရင်း ဖြစ်ပါ-တယ်။ အကြောင်းကတော့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ ပစ္စယပရိဂ္ဂဟ-ဉာဏ်ပိုင်းမှာ — အဋ္ဌကထာက ဒီလို ဖွင့်ဆိုထားပြန်တယ် —

**ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။** (ဝိသုဒ္ဓိ၊ ၂၊ ၂၄၀။)

ဒီလို ဖွင့်ထားတယ်။ ဘာပြောလိုတာလဲ?

ကြောင်း-ကျိုး-ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကို တကယ်လက်တွေ့ ရှုနိုင်လို့ အကြောင်းတရားနှင့် အကျိုးတရားတွေကို ဉာဏ်-နဲ့ ပိုင်းခြားယူတတ်တဲ့ ပိုင်းပိုင်းခြားခြား သိတတ်တဲ့ **ပစ္စယပရိဂ္ဂဟဉာဏ်**နဲ့ ပြည့်စုံတဲ့ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ ဝိပဿကပုဂ္ဂိုလ်ဟာ ဘုရားရှင်ရဲ့ သာသနာတော်မှာ သက်သာရာကို ရရှိသွားပြီ၊ ထောက်ရာ တည်ရာကို ရရှိသွားပြီ၊ ကောင်းရာသုဂတိဆိုတဲ့ လားရာဂတိ မြဲပြီ၊ စူဠ-သောတာပန် = သောတာပန်ညီထွေး ဖြစ်ပြီလို့ ဒီလို ဖွင့်ဆိုထားတယ်။

ဒါကြောင့် အရှင်လောသကတိဿအလောင်းအလျာဖြစ်တဲ့ သူတော်ကောင်းရဲ့ ဝိပဿနာဉာဏ်ဟာ သာဝကတို့ သိသင့် သိထိုက်တဲ့ အတိုင်းအတာ ပမာဏကို စံချိန်မီပုံတော့ မရဘူးလို့ ယူဆရပါတယ်။ အကြောင်းကတော့ သူ့ရဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဇာတ်ကြောင်းကြောင့် ဖြစ်ပါတယ်။

သူဟာ ကဿပဘုရားရှင်ရဲ့ သာသနာတော်အတွင်းတုန်းက သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို အနှစ်နှစ်သောင်းတိုင်တိုင် ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ သူတော်ကောင်း ရဟန်းတော်တစ်ပါး ဖြစ်ပါတယ်။ သူကြွယ်တစ်ဦးကို အမှီပြုပြီးတော့ ရွာငယ်ငယ်ကလေး တစ်ရွာမှာ သီတင်းသုံးခဲ့ပါတယ်။ ပင်ကိုသဘောအားဖြင့် သီလရှိတဲ့ သူတော်ကောင်း တစ်ဦးလည်း ဖြစ်တယ်၊ ဝိပဿနာဘာဝနာကို အပြင်းအထန် ကြိုးစားအားထုတ်သူ တစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ သို့သော် ကံဆိုးမိုးမှောင်ကျချင်တော့ တစ်နေ့မှာ မမျှော်လင့်သော အကြောင်းအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပြန်တယ်။ —

## အာဂန္တုက ရဟန္တာမထေရ်မြတ်ကို ပြစ်မှားမိခြင်း

တစ်နေ့မှာ ကျင့်ဝတ်ပဋိပတ်တွေကို အညီအမျှ ကျင့်သုံးလျက်ရှိတော်မူတဲ့ ရဟန္တာမထေရ်မြတ်တစ်ပါးကလည်း အစဉ်အတိုင်း ခရီးဒေသစာရီကြွချီတော်မူလာလိုက်တာ အဲဒီအလုပ်အကျွေး ဥပသကာတို့ နေထိုင်ရာ ရွာငယ်ကလေးသို့ ဆိုက်ရောက်တော်မူလာခဲ့ပါတယ်။ သူကြွယ်ကလည်း ရဟန္တာမထေရ်မြတ်ကြီးရဲ့ သွားလာပုံ ဣရိယာပုထ်တွေကို ကြည့်ပြီးတော့ အလွန်ကြည်ညိုသွားတဲ့အတွက် မထေရ်မြတ်ကြီးရဲ့ သပိတ်တော်ကို ယူဆောင်ကာ အိမ်တွင်းသို့ ကြွရောက်တော်မူပါရန် ရိုရိုသေသေ ပင့်ဖိတ်ပြီးတော့ ရိုရိုသေသေ လေးလေးစားစား မြတ်မြတ်နိုးနိုးနဲ့ မွန်မြတ်သော ဆွမ်း, ခဲဖွယ်, ဘောဇဉ်တွေကို ဆက်ကပ်လှူဒါန်း ပူဇော်တယ်။ ဆွမ်းကိစ္စ ပြီးဆုံးသွားတဲ့ အခါမှာ မထေရ်မြတ်ကြီးက အလှူခံရဟန်းတော်များဘက်က ပြုကျင့်ရမယ့် တာဝန်ဝတ္တရားအတိုင်း တရားစကားလည်း အနည်းငယ် ဟောကြားပေးတော်မူပါတယ်။ ဒါယကာ သူကြွယ်ကလည်း တိုင်းထက်အလွန် ကြည်ညို

သွားပြန်တယ်။ မထေရ်မြတ်ကြီးကို ရှိခိုးပြီးတော့ သူက လျှောက်ထားပြန်တယ်။ "အရှင်ဘုရား တပည့်တော် ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းသို့-သာ ကြွတော်မူပါ၊ တပည့်တော်တို့လည်း ညနေချမ်းအခါမှာ လာရောက်ကာ ဖူးမြော်ကန်တော့ပါမယ်"လို့ လျှောက်ထားလိုက်တယ်။

ရဟန္တာမထေရ်မြတ်ကြီးကလည်း ကျောင်းရောက်တဲ့အခါ အရှင်-လောသကတိဿမထေရ်အလောင်းဖြစ်မယ့် ကျောင်းထိုင်ဆရာတော်ကို ရှိခိုးဝတ်ပြုပြီးနောက် နေထိုင်ဖို့နေရာကို ပန်ကြားလျှောက်ထားပြီးတော့ သင့်တင့်-တဲ့ တစ်နေရာမှာ ထိုင်လိုက်ပါတယ်။

ကျောင်းထိုင်ဆရာတော်ကလည်း ပဋိသန္ထာရစကား ပြောကြားပြီးနောက် "ဆွမ်းအာဟာရမျှတအောင် ရရှိခဲ့ပါရဲ့လား"လို့ မေးကြည့်တယ်။ အာဂန္တု မထေရ်ကလည်း အရှင်ဘုရားတို့ရဲ့ အမြဲတမ်း ဆွမ်းခံနေကျ ဆွမ်းခံရွာမှာရှိတဲ့ သူကြွယ်အိမ်၌ ရရှိခဲ့ပါကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားတယ်။

ဒီလို ပဋိသန္ထာရစကားတွေကို ပြောကြားပြီးနောက် မိမိ သီတင်းသုံးရမယ့် ကျောင်းအိပ်ရာနေရာကို မေးမြန်းလျှောက်ထားပြီး ကျောင်းကို သန့်-ရှင်းရေးပြုလုပ်ကာ သပိတ်သင်္ကန်းကို သိုမှီးသိမ်းဆည်းပြီးတော့ ဈာန်ချမ်းသာ ဖလသမာပတ်ချမ်းသာတွေဖြင့် အချိန်ကို ကုန်လွန်စေလျက် သီတင်းသုံးတော်မူနေလိုက်ပါတယ်။

သူကြွယ်ကျောင်းဒကာကလည်း ညနေချမ်းအခါ နံ့သာပန်းဆီမီးတွေကို လက်စွဲပြီးတော့ ကျောင်းရောက်လာတယ်။ ကျောင်းထိုင်ဆရာတော်အား ရို-သေစွာ ရှိခိုးဝတ်ပြုပြီးနောက် အာဂန္တုရဟန်းတော်အကြောင်းကို မေးမြန်းလျှောက်ထားကာ အာဂန္တုရဟန်းတော်ကို သွားရောက်ကာ ရှိခိုးဝတ်ပြုပြီး ထိုင်နေလိုက်တဲ့အခါ အာဂန္တုရဟန်းတော်ကလည်း ဝတ္တရားအတိုင်း သင့်-တင့်လျောက်ပတ်တဲ့ တရားစကားတော်များကို ဟောကြားပေးတော်မူလိုက်ပါတယ်။ ညနေချမ်းအခါရောက်တော့ စေတီတော်နှင့် ဗောဓိပင်ကို ရှိခိုးပူဇော်ပြီးနောက် မထေရ်မြတ်နှစ်ပါးလုံးကိုပဲ မနက်ဖြန်အတွက် ဆွမ်းဖြင့် ပင့်ဖိတ်ကာ ပြန်သွားလိုက်တယ်။

## ဣဿာ မစ္ဆရိယ၏ စွမ်းအား

အာဂန္တုကိုယ်တော်အပေါ်၌ ကျောင်းဒကာရဲ့ ကြည်ညိုလေးစားမှု အပေါ်မှာ ကျောင်းထိုင်ဆရာတော် သို့မဟုတ် ကျောင်းနေရဟန်းဖြစ်တဲ့ အရှင်လောသကတိဿအလောင်း ရဟန်းတော်က မကျေမနပ် တော်တော် ဖြစ်ကာ ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာတရား, ကိုယ့်ဒါယကာနှင့် ဆက်ဆံမှုကို သည်းမခံနိုင်တဲ့ မစ္ဆရိယတရားတွေကို မွေးမြူရေး လုပ်နေမိတယ်။

“ဒီသူကြွယ်ကတော့ ငါ့ကို ပျက်စီးအောင် ဖျက်ဆီးနေပြီ၊ အကယ်၍ ဒီအာဂန္တုရဟန်းတော်ဟာ ဒီကျောင်းမှာ ဆက်လက်နေထိုင်မယ်ဆိုရင်တော့ ဒီဒကာဟာ ငါ့ကို ထည့်တောင် ရေတွက်မှာ မဟုတ်တော့ဘူး”လို့ သူက ယူဆနေတယ်။ ဣဿာ, မစ္ဆရိယတရားတွေရဲ့ စွမ်းအားပဲ။ ဒါကြောင့် အာဂန္တု ရဟန်းတော်အပေါ်မှာ တော်တော်လေး မကျေမချမ်း ဖြစ်နေတဲ့အတွက် “ဒီကျောင်းမှာ ဒီကိုယ်တော် မနေနိုင်အောင် ငါပြုလုပ်သင့်တယ်”ဆိုတဲ့ စိတ်ထားတွေ ဖြစ်ပေါ်နေတယ်။ ဒါနဲ့ သူက ဘာလုပ်သလဲ?

ဘုရားရှင်များက မိမိတို့ရဲ့ တပည့်သာဝကတွေကို ညနေချမ်းအခါ မထေရ်ကြီးများထံ ချဉ်းကပ်ကာ အဆုံးအမဩဝါဒကို ခံယူရမယ်လို့ ဆိုဆုံးမ ထားတော်မူတဲ့အတိုင်း ညနေချမ်းအခါမှာ အာဂန္တုကိုယ်တော်က မိမိထံသို့ ဆည်းကပ်လာတဲ့အခါ စကားတစ်ခွန်းမျှ မပြောဘဲ နေလိုက်တယ်။ အာဂန္တု ရဟန္တာမထေရ်မြတ်ကလည်း ဒီကျောင်းထိုင်ဘုန်းကြီးရဲ့ အတွင်းအဇ္ဈာသယ-ဓာတ်ကို သူတစ်ပါးတို့ရဲ့ စိတ်ကို သိနိုင်တဲ့ ပရစိတ္တဝိဇာနနအဘိညာဏ် ဉာဏ်တော်ဖြင့် လှမ်းမျှော်ကြည့်ရှုလိုက်တဲ့အခါ ကောင်းကောင်းကြီး သိရှိ သွားတော်မူပါတယ်။ “အင်း ဒီကိုယ်တော်ကတော့ ဒကာ ဒကာမတွေအပေါ် ဂိုဏ်းဂဏတွေအပေါ်မှာ ငါ့ရဲ့ တွယ်တာမှု မက်မောမှု ကြောင့်ကြမှု တောင့်-တမှု မရှိတဲ့ သဘောတရားကို သိပုံတော့ မရဘူး”လို့ ဒီလို နှလုံးပိုက်ကာ မိမိနေရာဌာနသို့ ပြန်ကြွကာ ဈာန်ချမ်းသာ အရဟတ္တဖိုလ်သမာပတ်ချမ်း-သာဖြင့် အချိန်ကို ကုန်လွန်စေလိုက်တယ်။

နောက်တစ်နေ့ နံနက် မိုးသောက်အလင်းသို့ ရောက်ရှိလာပြီ၊ ဘာလုပ်-သလဲ? ကျောင်းထိုင်ဘုန်းကြီးက လက်သည်းဖြင့် ခေါင်းလောင်းထိုးစည်ကို တီးလိုက်တယ်၊ လက်သည်းဖြင့် အာဂန္တုကိုယ်တော်ရဲ့ ကျောင်းတံခါးကို ခေါက်လိုက်တယ်။ ပြီးတော့ သူတစ်ပါးတည်း ကျောင်းဒကာ သူကြွယ်အိမ်ကို ကြွသွားလိုက်တယ်။ ကျောင်းဒကာကလည်း ဘုန်းကြီးရဲ့ သပိတ်ကို ဆီးယူကာ အိမ်တွင် အသင့်ခင်းထားတဲ့ နေရာသို့ အရောက်ပင့်ဆောင်သွားလိုက်ပါ-တယ်။ ဒကာက အာဂန္တုကိုယ်တော်အကြောင်းကို မေးမြန်းလျှောက်ထားတဲ့ အခါ ကျောင်းထိုင်ဘုန်းကြီးက ဘာပြောသလဲ? –

"ဒကာ . . . မင်းဘုန်းကြီးအကြောင်းတော့ ငါမသိဘူး၊ ငါက ထိုးစည် ထိုးတာတောင်မှ, တံခါးကို ရိုက်ခတ်နှိုးတာတောင်မှ မနိုးနိုင်ဘူး၊ မနေ့က မင်းအိမ်မှာ မွန်မြတ်တဲ့ ခဲဖွယ် ဘောဇဉ်အကောင်းတွေကို အားရှိပါးရှိ တဝကြီး စားခဲ့ဟန်တူတယ်။ ဒါကြောင့် အစာကို ကျက်အောင် မခြေချက်နိုင် ဖြစ်နေပုံ ရတယ်။ ခုအထိ အိပ်ပျော်နေတုန်းပဲ ရှိပုံရတယ်။ မင်းက ကြည်ညိုတဲ့အခါ ဒီလိုပုဂ္ဂိုလ်မျိုး ဒီလိုနေရာဌာနမျိုးတွေကိုမှ ကြည်ညိုတာကိုး"လို့ ဒီလို သူက ပြောလိုက်တယ်။

အဲဒီအချိန်လောက်မှာပဲ ကျောင်းမှာ ကျန်ရစ်ခဲ့တဲ့ ရဟန္တာမထေရ်မြတ် ကလည်း မိမိရဲ့ ဆွမ်းခံချိန်ကို ကောင်းစွာ မှတ်သားပြီးတော့ ကိုယ်လက်သုတ်-သင်ခြင်းအမှု ပြုကာ သပိတ်သင်္ကန်းကို ယူဆောင်ပြီးတော့ ဈာန်အဘိညာဏ် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်တော်မူကာ အခြားအရပ်တစ်ပါးသို့ ကြွသွားတော်မူလိုက်ပါတယ်။ ကျောင်းဒကာကလည်း လိမ္မာပါးနပ်သူ ဖြစ်-လေတော့ ကျောင်းထိုင်ဘုန်းကြီးကို ထောပတ်-ပျား-သကာတို့ဖြင့် စီမံထားတဲ့ နို့ဃနာဆွမ်းကို ဆက်ကပ်လှူဒါန်းပူဇော်ပြီးနောက် သပိတ်ကို အနံ့ပျောက်-အောင် နံ့သာမှုန့်တွေနဲ့ သုတ်သင်ကာ နောက်ထပ် အလားတူ စီမံထားတဲ့ နို့ဃနာဆွမ်းတွေကို သပိတ်အပြည့်ထည့်ကာ –

"အရှင်ဘုရား . . . အဲဒီမထေရ်ကြီးဟာ ခရီးပန်းလာပုံရပါတယ် ဘုရား ဤဆွမ်းကို အဲဒီမထေရ်မြတ်ကြီးအတွက် ဆောင်ယူသွားတော်မူပါဘုရား"လို့

ဒီလိုလျှောက်ထားပြီး ဆက်ကပ်လှူဒါန်းလိုက်ပါတယ်။

## မိမိကိုယ်ကို မိမိ တူးဖြိုလိုက်ပြီ

ကျောင်းထိုင်ဘုန်းကြီးကလည်း ကျောင်းဒကာစကားကို မလွန်ဆန်ချင်တဲ့အတွက် မပယ်မြစ်တော့ဘဲ ယူဆောင်လာခဲ့ပါတယ်။ လမ်းခုလတ်တစ်နေရာရောက်တော့ သူက စဉ်းစားတယ်၊ ဘယ်လိုစဉ်းစားသလဲ?

"အကယ်၍ ဒီကိုယ်တော်ဟာ ဒီလို ကောင်းမွန်တဲ့ နို့ဃနာဆွမ်းတွေကိုသာ ဘုဉ်းပေးသုံးဆောင်နေရမယ်ဆိုရင် လည်ပင်းဆွဲပြီးတော့ နှင်ထုတ်တောင်မှ ဒီကျောင်းက ထွက်ခွာသွားမှာ မဟုတ်ဘူး။ အကယ်၍ ငါက ဒီနို့ဃနာဆွမ်းကို လူတွေကို ပေးလိုက်မယ်ဆိုရင်လည်း ငါ့ရဲ့ လုပ်ရပ်က သိပ်ထင်ရှားသွားမယ်၊ အကယ်၍ ရေထဲ သွားသွန်လောင်းချလိုက်မယ်, မျှောလိုက်မယ်ဆိုရင်လည်း ရေမျက်နှာပြင်ပေါ်မှာ ထောပတ်ဆီတွေက ပေါ်တက်လာကာ ငါ့ရဲ့ လုပ်ရပ်ဟာ ထင်ရှားနေပေလိမ့်မယ်။ အကယ်၍ မြေပြင်ပေါ်မှာ စွန့်ပစ်လိုက်မယ်ဆိုရင်လည်း ကျီးကန်းတွေ စုရုံးရောက်ရှိလာတာနဲ့ ငါ့ရဲ့ လုပ်ရပ်ဟာ ထင်ရှားပေါ်လွင်လာလိမ့်မယ်။ ငါဘယ်မှာ သွားစွန့်ပစ်ရရင် ကောင်းမလဲ"လို့ သူက စဉ်းစားခန်းဝင်နေတယ်။ မိမိကိုယ်ကို မိမိ တူးဖြိုဖို့ရန်အတွက် လက်နဲ့ယက်ပြီး ဆင်းဖို့ရန်အတွက် အကွက်ကို ရှာဖွေနေခြင်းဖြစ်တယ်။ ဒီလို စဉ်းစားဆင်ခြင်ပြီးတော့ သူဘာလုပ်သလဲ?

မလှမ်းမကမ်းကို လှမ်းကြည့်လိုက်တော့ မီးလောင်နေတဲ့ လယ်ခင်းတစ်ခုကို သွားတွေ့တယ်။ အဲဒီနေရာကို အရောက်သွားပြီးတော့ မီးကျီးခဲတွေကို ဘေးကို ယက်ထုတ်လိုက်တယ်၊ ပြီးတော့ ကျန်နေတဲ့ မီးကျီးခဲတွေပေါ်ကို နို့ဃနာဆွမ်းတွေကို လောင်းချလိုက်တယ်။ နို့ဃနာဆွမ်းတွေရဲ့ အထက်က မီးကျီးခဲတွေနဲ့ ထပ်ပြီး ဖုံးထားလိုက်တယ်။ လက်ငုပ်မပေါ်အောင် မိမိကိုယ်ကို မိမိ တူးဖြိုရေးလုပ်ငန်းကို ပိပိရိရိ ဆောင်ရွက်လိုက်ခြင်းပဲဖြစ်တယ်။

ဒီလို မိမိကိုယ်ကို မိမိ တူးဖြိုရေးလုပ်ငန်းတွေကို အချက်ကျကျ စီမံဆောင်ရွက်ပြီးတဲ့အခါ ကျောင်းကို ပြန်ကြွသွားလိုက်တော့ ထိုအာဂန္တုရဟန်းတော်ကို မတွေ့တော့ဘူး။ စဉ်းစားပြီ — ဘယ်လိုစဉ်းစားသလဲ?

**“အဒ္ဓါ သော ဘိက္ခု ခီဏာသဝေါ မမ အဇ္ဈာသယံ ဝိဒိတွာ အညတ္ထ ဂတော ဘဝိဿတိ၊ အဟော မယာ ဥဒရပေတု အယုတ္တံ ကတံ။”**

(ဇာတက၊၄၊၁၊၂၅၆။)

“= မချွတ်ဧကန်တော့ ဒီရဟန်းတော်ဟာ ကိလေသာအာသဝေါ ကုန်ခန်းတဲ့ ရဟန္တာကိုယ်တော်တစ်ပါး ဖြစ်ပုံရတယ်၊ ငါ့ရဲ့ မကောင်းတဲ့ အတွင်းအဇ္ဈာသယစာတ်ကို သိရှိတော်မူသည့်အတွက် အခြားတစ်နေရာသို့ ကြွသွားတာ ဖြစ်လိမ့်မယ်။ ငါဟာ ဝမ်းရေးကို အကြောင်းပြုပြီးတော့ မပြုသင့် မပြုထိုက်တဲ့ လုပ်ငန်းရပ်ကို ပြုလုပ်ခဲ့မိပြီပေါ့” —

ဆိုပြီး အကြီးအကျယ် စိတ်မချမ်းသာမှု ဒေါမနဿတရားတွေ ထင်ရှားဖြစ်ပေါ်ခဲ့တယ်။ ပြုခဲ့မိတာ မှားလေခြင်းဆိုတဲ့ ပြုမိတဲ့ ဒုစရိုက်ကို အကြောင်းခံပြီးတော့ နောင်တတစ်ဖန် ပူပန်မှု ကုက္ကုစ္စတရားတွေက စိတ်အစဉ်ဝယ် နေရာအပြည့် ယူနေကြပြီ ဖြစ်တယ်။

ကုက္ကုစ္စတရားဆိုတာက ပြုပြီးတဲ့ ဒုစရိုက်တွေကို အကြောင်းပြုပြီးတော့လည်း ပြုမိတာ မှားလေခြင်းဆိုပြီးတော့ နောင်တတစ်ဖန် ပူပန်နေတယ်။ မပြုကျင့်မိ မပြုကျင့်လိုက်မိတဲ့ ကောင်းမှုသုစရိုက်တရားတွေကို အကြောင်းပြုပြီးတော့လည်း ဒီကောင်းမှုတွေကို ငါမပြုမိလိုက်ရလေခြင်း ဆိုပြီးတော့လည်း နောင်တတစ်ဖန် ပူပန်နေတယ်။ ဆူးစူးနေတဲ့နေရာကို အခြားဆူးတစ်ခုနှင့် ထပ်ပြီး ထွင်နေတာနဲ့ တူတယ်။ အဲဒီလို ပူပန်နေတဲ့ သဘောတရားကို ကုက္ကုစ္စလို့ ခေါ်တယ်။ အဲဒီ ကုက္ကုစ္စတရား စိတ်အစဉ်မှာ ထင်ရှားဖြစ်နေခြင်းဟာလည်း မိမိကိုယ်ကို မိမိ တူးဖြိုရေးလုပ်နေတဲ့ လုပ်ငန်းတစ်ခုပဲ ဖြစ်တယ်။

## လူပြိတ္တာဘဝ → ငရဲဘဝ

ဒီနေရာမှာ –

၁။ အလှူရှင်ဖြစ်တဲ့ ကျောင်းဒကာရဲ့ နောက်နောက်ရက်တွေမှာ ပြုလုပ်မယ့် ကောင်းမှုကုသိုလ်ရဲ့ အန္တရာယ်ကို ပြုလိုက်တာက အကြောင်းတစ်ခု၊

၂။ အလှူခံဖြစ်တဲ့ ရဟန္တာမထေရ်မြတ်ရဲ့ ရသင့် ရထိုက်တဲ့ လာဘ်လာဘကို အန္တရာယ်ပြုလိုက်တာက အကြောင်းတစ်ခု၊

၃။ မိမိကိုယ်ကို မိမိ တူးဖြိုရေးလုပ်ငန်း လုပ်ပြီးတော့ လောဘ, ဒေါသ, မောဟ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-စတဲ့ အကုသိုလ်တရားတွေကို မွေးမြူရေး လုပ်လိုက်တာက အကြောင်းတစ်ခု၊ –

အကြောင်းတရား သုံးခု စုံမသွားဘူးလား? စုံသွားတယ်။ အဲဒီလို စုံသွား-တဲ့အတွက် ဘာဖြစ်လာသလဲ?

**တတော ပဋ္ဌာယေဝ စ မနုဿပေတော ဟုတွာ န စိရဿေဝ ကာလံ ကတွာ နိရယေ နိဗ္ဗတ္တိ။** (ဇာတက၊ဋ္ဌ၊၁၊၂၅၆။)

အဲဒီအချိန်အခါက စပြီး သူပြုစုပျိုးထောင်လိုက်တဲ့ အကုသိုလ်ကံတွေက ဒိဋ္ဌဓမ္မအကျိုးပေးပြီ။ ခန့်မှန်းကြည့်ရတာ ကျောင်းဒကာကလည်း သဒ္ဓါတရား ပျက်ပြားသွားပုံရတယ်၊ ယခင်ကကဲ့သို့ လှူဒါန်းပုံမပေါ်တော့ဘူး။ အငတ်ငတ် အပြတ်ပြတ်နဲ့ လူပြိတ္တာဘဝ ရောက်ရှိသွားတယ်။ တစ်ဖန် သေပြန်တော့-လည်း ဘယ်ရောက်သွားပြန်သလဲ?

အဲဒီလောသကတိဿမထေရ်အလောင်းဟာ ထိုဘဝမှာ အနှစ်နှစ်-သောင်းတိုင်တိုင် သီလ, သမာဓိ, ပညာ = သိက္ခာသုံးရပ် အကျင့်မြတ်တွေကို ကျင့်ခဲ့သော်လည်း ထိုကောင်းမှုကုသိုလ်တွေက သေခါနီးကာလမှာ သူ့ကို အပါယ်ဘေးမှ လွတ်အောင် ထုတ်ဆောင်ကယ်တင်နိုင်တဲ့ စွမ်းအား မရှိကြ တော့ဘဲ မိမိကိုယ်ကို နက်တဲ့နေရာသို့ သက်ဆင်းဖို့ရန် တူးဖြိုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံတွေရဲ့ စွမ်းအားကြောင့် သေခါနီးကာလ မရဏာသန္န အချိန်-

အခါမှာ ထိုမကောင်းတဲ့ အကုသိုလ်ကံနိမိတ်တွေက ထင်ပြီး ငရဲရောက်သွား-တယ်။

## ဘီလူးဘဝ → ခွေးဘဝ

ငရဲမှာ နှစ်သိန်းပေါင်းများစွာ ခံရပြန်တယ်။ ငရဲမှ ကျွတ်လာတဲ့အခါ ဘဝပေါင်း (၅၀၀)တိုင်တိုင် ဆက်တိုက် ဘီလူး ဖြစ်ရပြန်တယ်။ တစ်နေ့မှ ဝမ်းပြည့်အောင် အစာကို မရရှိစဖူးဘူး။ တစ်ရက်မှာတော့ ကိုယ်ဝန်သည် အမျိုးသမီး မီးဖွားလို့ စွန့်ပစ်လိုက်တဲ့ ကိုယ်ဝန်အညစ်အကြေးတွေကို ဝမ်းပြည့် အောင် ရရှိဖူးတယ်။ ဘီလူးဘဝ (၅၀၀)မှာ ဒီတစ်ကြိမ်ပဲ ဝမ်းပြည့်အောင် စားခဲ့ရဖူးတယ်။ (ဇာတကာ၊၄၊၁၊၂၅၆။)

ဘီလူးဘဝမှတစ်ဆင့် ဘဝပေါင်း (၅၀၀)တိုင်တိုင် ဆက်တိုက် ခွေးဖြစ်ရ ပြန်တယ်။ အဲဒီခွေးဘဝတွေမှာလည်း တစ်ခုသော ခွေးဘဝမှာ တစ်ရက်-တည်းပဲ အခြားခွေးတစ်ကောင်ရဲ့ အန်ဖတ်ကို ဝအောင် စားခဲ့ရဖူးတယ်။ ကြွင်းသောဘဝ ကြွင်းသောရက်တွေမှာ ဝမ်းပြည့်အောင် တစ်ခါမျှ အစာအာ-ဟာရကို မစားသုံးခဲ့ရဖူးဘူး။ (ဇာတကာ၊၄၊၁၊၂၅၆။)

ဒီလိုနဲ့ပဲ သံသရာခရီးကို ဆင်းဆင်းရဲရဲနှင့် ဆက်လက်ပြီး ကျင်လည် လာလိုက်တာ လူ့ဘဝ တိရစ္ဆာန်ဘဝ စသည်ဖြင့် တော်တော် စုံလင်ခဲ့ပါတယ်။ အငတ်ငတ် အပြတ်ပြတ်နဲ့သာ ကျင်လည်ခဲ့ရတယ်။

## နောက်ဆုံးဘဝ

နောက်ဆုံးဘဝမှာတော့ ကောသလတိုင်းအတွင်း အိမ်ခြေတစ်ထောင်-ခန့်ရှိတဲ့ တံငါရွာ တစ်ရွာမှာ ငါးစိမ်းသည်မ တစ်ဦးရဲ့ ဝမ်းကြာတိုက်မှာ ပဋိ-သန္ဓေ ယူလာပြန်တယ်။ ထိုအမျိုးကောင်းသား ပဋိသန္ဓေယူတဲ့နေ့က စပြီး တံငါရွာ တစ်ရွာလုံး ငါးရှာမရ ဖြစ်နေကြပြန်တယ်။ အဲဒီအချိန်အခါက စပြီးတော့ တံငါသည်တွေရဲ့ တံငါလုပ်ငန်းရပ်တွေဟာ ဆုတ်ယုတ်ပျက်စီး လာကြတယ်။

ထိုအမျိုးကောင်းသား မိခင်ဝမ်းတွင်းမှာ တည်ရှိနေတုန်း အဲဒီတံငါရွာ-ဟာ (၇)ကြိမ်တိုင်တိုင် မီးလောင်ခံရတယ်။ (၇)ကြိမ်တိုင်တိုင် မင်းပြစ်ဒဏ်ခံကြရတယ်။ တဖြည်းဖြည်း လူတွေဟာ သိပ်ဆင်းရဲလာကြတယ်။ အဲဒီအမျိုးကောင်းသား ထူထောင်ခဲ့တဲ့ အကုသိုလ်ကံရဲ့ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ခံကြရတယ်။ တဖြည်းဖြည်း တစ်ရွာလုံး ဆင်းရဲကုန်ကြတယ်။

(ဇာတက၊၄၁၊၂၅၂။)

## သူတို့ စဉ်းစားကြပြီ

"ရှေးယခင်တုန်းက တို့မှာ ဒီလို ဆင်းရဲဒုက္ခမျိုး မရှိခဲ့စဖူးဘူး၊ ခုအခါမှာ တို့မှာ အကြီးအကျယ် ဆုတ်ယုတ်ပျက်စီးနေကြပြီ၊ တို့ရွာမှာတော့ လူယုတ်မာတစ်ယောက်ယောက်တော့ ရှိနေပုံရတယ်။ တို့ရွာကို နှစ်ခြမ်း ခွဲကြစို့"ဆိုပြီး အိမ် (၅၀၀)စီ ထက်ခြမ်း ခွဲလိုက်ကြတယ်။ သူပါတဲ့အခြမ်း ထမင်းငတ်ပြန်-တယ်၊ စီးပွားရေးတွေ ဆုတ်ယုတ်ပျက်စီးပြန်တယ်။ သူမပါတဲ့ အခြမ်းက ကြီးပွားတိုးတက်ပြန်တယ်။ နောက်တစ်ခါ ထပ်ပြီး သူပါတဲ့ တစ်ခြမ်းကို ထက်ဝက် စိတ်ပြန်တယ်။ သူပါတဲ့အစိတ်မှာ ဆင်းရဲပြန်တယ်။ အငတ်ငတ် အပြတ်ပြတ် ဖြစ်ပြန်တယ်။ သူမပါတဲ့ အစိတ်အပိုင်းက စီးပွားရေး ပြေလည်-ကာ ကြီးပွားတိုးတက်ပြန်တယ်။ အဲဒီနည်းအားဖြင့် ရွာကို ထပ်ထပ်ပြီး စိတ်လိုက်တာ နောက်ဆုံး သူတို့ တစ်အိမ်ပဲ ကျန်တယ်။ သူတို့ မိသားစုကို လူယုတ်မာတွေ ဖြစ်ကြတယ်ဆိုတာ သိရှိကြတဲ့အတွက် "ဒီလူယုတ်မာတွေကို ဒီမှာ လက်မခံနိုင်ဘူး"ဆိုပြီးတော့ နှင်ထုတ်ကြပြန်တယ်။ ကံဆိုတဲ့ တရားမင်း-ကြီးက စီရင်ချက်အမျိုးမျိုးကို ချမှတ်နေခြင်းပဲ ဖြစ်ပါတယ်။

## ပစ္ဆိမဘဝိက = နောက်ဆုံးဘဝရှိသူ

ဒီလို နှင်အထုတ်ခံလိုက်ရတော့ မိခင်ဟာလည်း ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနှင့်ပင် အသက်ရှင်ခဲ့ရတယ်။ ဒီလိုနဲ့ပဲ ကိုယ်ဝန်က ရင့်ကျက်လာတဲ့အခါ တစ်နေရာမှာ မွေးဖွားလိုက်ရတယ်။

**ပစ္ဆိမဘဝိကသတ္တံ န သက္ကာ နာသေတုံ၊ အန္တောဃဋေ ပဒီပေါ ဝိယ တဿ ဟဒယေ အရဟတ္တဿ ဥပနိဿယော ဇလတိ။** (ဇာတက၊ဋ္ဌ၊၁၊၂၅၂။)

အရှင်လောသကတိဿအလောင်း သူတော်ကောင်းဟာ နောက်ဆုံးဘဝရှိသူ ဒီဘဝမှာ ကိန်းသေ ရဟန္တာဖြစ်မယ့် ပစ္ဆိမဘဝိကသား ဖြစ်ပါတယ်။ မဟာခနသူဌေးသား (ဓမ္မပဒ၊ဋ္ဌ၊၂၈၁-၈၄။)တို့လို ပစ္ဆိမဘဝိကအတု မဟုတ်ဘဲ ပစ္ဆိမဘဝိကအစစ် ဖြစ်ပါတယ်။ ဒီလို ပစ္ဆိမဘဝိကအစစ်ဖြစ်နေတဲ့ သတ္တဝါမျိုး-ကို ဘယ်လိုမှ ပျက်စီးအောင် ဖျက်ဆီးလို့ မရနိုင်ပါဘူး။ အိုးအတွင်း၌ ထွန်းညှိထားတဲ့ ဆီမီးတိုင်ကဲ့သို့ ထိုသူတော်ကောင်းရဲ့ နှလုံးသားထဲမှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ရဲ့ အားကြီးသော မှီရာ ဥပနိဿယ အကြောင်းတရားတွေက အကျိုးပေးဖို့ရန် အသင့်စောင့်ဆိုင်းကာ ထွန်းလင်းတောက်ပလျက် ရှိနေပါ-တယ်။

ဒီမိခင်ကလည်း မိမိ မွေးထားတဲ့ သားအရင်းဖြစ်နေတဲ့အတွက် မစွန့်-နိုင်သေးဘဲ ဒီကလေးကို ဆက်လက်ပြီး အသက်ရှင်ရေးအတွက် ပြုစုလုပ်ကျွေးလျက်ပင် ရှိနေပါသေးတယ်။ သို့သော် ဒီကလေး ဟိုဟိုဒီဒီ ပြေးသွားနိုင်တဲ့ အချိန်အခါမှာ ဒီကလေးရဲ့ လက်ထဲကို ခွက်ငယ်ကလေးတစ်ခု ထည့်ပေးပြီး-တော့ – "ချစ်သား ဒီအိမ်ထဲကို ဝင်သွားပါ" ဆိုပြီး ဝင်အတောင်းခိုင်းလိုက်ပါတယ်။ ကလေးကလည်း အဲဒီအိမ်ထဲ ဝင်သွားရော မိမိက ကလေးကို ထားခဲ့ပြီး ထွက်ပြေးသွားခဲ့ပါတယ်။ နောက်ထပ် ပြန်မတွေ့ကြတော့ဘူး။ ကံ-တရားရဲ့ အကျိုးပေးဆန်းကြယ်ပုံတွေဟာ သိပ်ဝမ်းနည်း ကြေကွဲဖို့ ကောင်းပါတယ်။

## ကျီးကန်းပမာ အသက်မွေးရသူ

အဲဒီ လောသကတိဿအလောင်းအလျာဟာ အဲဒီအချိန်က စပြီးတော့ တစ်ယောက်ထီးတည်း အထီးကျန်ဖြစ်ကာ ဟိုဟိုဒီဒီ အရပ်ဒေသတွေမှာ သင့်သလို ထမင်းကို ရှာဖွေ စားသောက်နေရတယ်။ တစ်နေရာမှာ အိပ်တယ်၊ တစ်နေရာမှာ ရေချိုးတယ်၊ တစ်နေရာမှာ ကိုယ်လက်သုတ်သင်တယ်၊ မြေ-

ဘုတ်ဘီလူးကဲ့သို့ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းဖြင့် အသက်မွေးနေရတယ်။ ဒီလိုနဲ့ပဲ တဖြည်းဖြည်း (၇)နှစ်အရွယ် ရောက်ရှိလာပြီ။ တစ်နေ့ တစ်ခုသော ရွာတံခါးဝမှာ အိုးခွက်တွေဆေးပြီး ရေကို စွန့်ပစ်တဲ့နေရာမှာ ကျီးကန်းပမာ ထမင်းလုံး တစ်လုံးစီ တစ်လုံးစီကို ကောက်ပြီးစားနေတယ်။

## အရှင်သာရိပုတ္တရာနှင့် တွေ့ဆုံခြင်း

အဲဒီအခါမှာပဲ ဒီသူငယ်ကို တရားစစ်မျူး အဦးအခိုင် ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ဆွမ်းခံလှည့်လည်ရင်း တွေ့မြင်တော်မူလိုက်ပါတယ်။ ဒီလို မြင်တွေ့လိုက်တဲ့အခါ –

"ဪ . . . ဤသတ္တဝါဟာ အလွန်သနားဖွယ်ကောင်းလှတဲ့ သတ္တဝါအဖြစ်သို့ ရောက်ရှိနေပြီပေ့။ ဘယ်ရွာသားပါလိမ့်"လို့ စဉ်းစားတော်မူပြီး- နောက် အဲဒီသူငယ်အပေါ်၌ မေတ္တာစျာန်စိတ်ကို ပွားများတော်မူလိုက်ပါ- တယ်။ မေတ္တာပွားတော်မူပြီးနောက် "သူငယ် လာစမ်းပါ"ဟု ခေါ်တော်မူ လိုက်ပါတယ်။ ဒီသူငယ်ကလည်း လာရောက်ပြီး အရှင်သာရိပုတ္တရာမထေရ်- မြတ်ကို ရှိခိုးပြီးတော့ မတ်တပ်ရပ်နေလိုက်ပါတယ်။

အဲဒီအခါမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က "သင်ဟာ ဘယ်ရွာ- သားလဲ? သင့်မိဘတွေက ဘယ်မှာလဲ?"လို့ မေးမြန်းတော်မူလိုက်ပါတယ်။

"အရှင်ဘုရား . . . တပည့်တော်ဟာ မှီခိုစရာ အကြောင်းတရား ကင်းမဲ့ နေသူ ဖြစ်ပါတယ်၊ တပည့်တော်ရဲ့ မိဘတွေဟာ တပည့်တော်ကို အမှီပြုပြီး- တော့ ပင်ပန်းဆင်းရဲကြတဲ့အတွက် တပည့်တော်ကို စွန့်ပစ်ပြီး ထွက်ပြေးသွား ကြပါတယ်ဘုရား"လို့ သနားစဖွယ် တင်ပြလျှောက်ထားလိုက်ပါတယ်။

"သင် . . . ရှင်ပြုမလား = ကိုရင်ဝတ်မလား"လို့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက မေးမြန်းတော်မူလိုက်တဲ့အခါ သူက ဘာပြန်လျှောက် ထားသလဲ?

"အရှင်ဘုရား . . . တပည့်တော် ရှင်ပြုတယ်ပဲ ထားပါတော့၊ တပည့်-

တော်လို အထီးကျန် လူမွဲတစ်ယောက်ကို ဘယ်သူက ရှင်ပြုပေးမှာလဲဘုရား”- လို့ သူက ပြန်လျှောက်ထားပြန်တယ်။

“ငါ ရှင်ပြုပေးမယ်”လို့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက အမိန့်- ရှိတော်မူပြီးနောက် လောသကတိဿရဲ့ သဘောတူညီချက်နှင့် ကျောင်းသို့ ခေါ်ဆောင်တော်မူကာ ကိုယ်တိုင်ရေမိုးချိုးပေးပြီး ရှင်ပြုပေးတော်မူလိုက်ပါတယ်။ အသက်ပြည့်တဲ့အခါ ရဟန်းပြုပေးတော်မူလိုက်ပါတယ်။

အသက်အရွယ် ကြီးပြင်းလာတဲ့အခါ အလွန်ဘုန်းကံနည်းပါးတဲ့ အလွန် လာဘ်လာဘနည်းပါးတဲ့ လောသကတိဿမထေရ်လို့ ထင်ရှားခဲ့ပါတယ်။ ကောသလမင်းကြီးရဲ့ မိဖုရား မလ္လိကာဒေဝီ ဦးဆောင်တဲ့ အသဒိသဒါနပွဲကြီး မှာတောင် ဝမ်းပြည့်အောင် ဆွမ်းကို မရရှိခဲ့ဖူးဘူး။ အသက်မသေဘဲ ဆက်- လက်နေထိုင်နိုင်ရုံလောက်ကလေးသာ ရရှိခဲ့တယ်၊ အသက်မသေရုံကလေး- လောက်သာ စားရတဲ့ဘဝဖြစ်တယ်။

## ကံတရား၏ လှည့်ပတ်မှု

လောသကတိဿမထေရ်ရဲ့ သပိတ်ထဲကို ယာဂုတစ်ဇွန်းလောက် လောင်းထည့်လိုက်ရင် အလှူရှင်တွေရဲ့ မျက်စိမှာ သပိတ်နှုတ်ခမ်းအထိ ပြည့်နေသလို ထင်လာတယ်။ အဲဒီအခါ ဒကာ ဒကာမတွေက “ဒီကိုယ်တော်- ရဲ့ သပိတ်ထဲတော့ ပြည့်နေပြီ”ဆိုပြီးတော့ သူ့အောက် ဝါငယ်တဲ့ ရဟန်း- တော်တွေကို ဆက်လှူဒါန်းကြပြန်တယ်။ တစ်ဖန် လောသကတိဿမထေရ်ရဲ့ သပိတ်ထဲကို ထပ်လှူမယ်လုပ်လိုက်တော့ ဒကာ ဒကာမတွေရဲ့ ခွက်ထဲမှာ ယာဂုတွေက ကုန်သွားပြန်တယ်။ အခြား ဆွမ်း-ခဲဖွယ်-ဘောဇဉ်တွေကို လောင်းလှူတဲ့အခါမှာလည်း ဒီပုံစံအတိုင်းပဲ ဖြစ်နေတတ်ပါတယ်။ ရဟန္တာ မထေရ်မြတ်ရဲ့ လာဘ်လာဘကို အန္တရာယ်ပြုခဲ့တဲ့ ကံရဲ့ စွမ်းအားပဲ ဖြစ်ပါ- တယ်။

## အရဟာတ္တဖိုလ်ဆိုက်ပြီ

အဲဒီ လောသကတိဿမထေရ်ဟာ နောက်ပိုင်းကာလမှာ ဝိပဿနာ-ဉာဏ်တွေကို တိုးပွားအောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူနိုင်တဲ့အတွက်ကြောင့် အရဟာတ္တဖိုလ်၌ တည်သွားတော်မူခဲ့ပါတယ်။ သို့သော်-လည်း လာဘ်လာဘကတော့ နည်းပါးလျက်ပင် ရှိနေပါသေးတယ်။ ကဿပဘုရားရှင်သာသနာတော်အတွင်းက ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့တဲ့ ပါရမီ, ဂေါတမဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ ဆက်လက် ဖြည့်ကျင့်ဆည်းပူးတော်မူလိုက်တဲ့ ရင့်ကျက်လာတဲ့ ဝိပဿနာဉာဏ်တို့ရဲ့ စွမ်းအား-ကြောင့် ရဟန္တာအဖြစ်သို့ ရောက်ရှိသော်လည်း သူတစ်ပါးတို့ရဲ့ လာဘ်လာဘ-ကို အန္တရာယ်ပြုခဲ့တဲ့အတွက် လာဘ်လာဘကတော့ နည်းပါးမြဲ နည်းပါးလျက်ပဲ ရှိပါတယ်။

## ပရိနိဗ္ဗာန် စံတော်မူပြီ

တဖြည်းဖြည်းနဲ့ပဲ အာယုသင်္ခါရ ကုန်ဆုံးသဖြင့် ပရိနိဗ္ဗာန် စံတော်မူမည့်နေ့သို့ ဆိုက်ရောက်လာပေပြီ။ တရားစစ်မှူးကြီး အရှင်သာရိပုတ္တရာကိုယ်-တော်မြတ်ကြီးကလည်း ဆင်ခြင်တော်မူလိုက်တဲ့အခါ ပရိနိဗ္ဗာန် စံတော့မည့်အဖြစ်ကို သိရှိတော်မူပါတယ်။

"ဒီလောသကတိဿမထေရ်တော့ ဒီနေ့ ပရိနိဗ္ဗာန် စံတော့မယ်၊ ဒီနေ့ငါဟာ ဒီသူတော်ကောင်းအတွက် အလိုရှိသလောက် ဘုဉ်းပေးသုံးဆောင်နိုင်ရန်အတွက် အစာအာဟာရကိုတော့ ပေးလှူသင့်တယ်" –

ဒီလို ဆုံးဖြတ်ချက်ချတော်မူပြီးနောက် လောသကတိဿမထေရ်ကိုခေါ်ဆောင်ကာ သာဝတ္ထိမြို့အတွင်းသို့ ဆွမ်းခံကြွဝင်တော်မူပါတယ်။ အရှင်-သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ ထိုလောသကတိဿကို အမှီပြုပြီးတော့ဆွမ်းရဖို့ကို မဆိုထားဘိ၊ သာဝတ္ထိမှာ ရှိနေတဲ့ လူများအပေါင်းရဲ့ လက်ကိုဆန့်တန်းပြီး လက်အုပ်ချီမိုး ရှိခိုးခြင်းမျှလောက်တောင်မှ မရရှာဘူး။ ဒါနဲ့ပဲအရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကလည်းပဲ "ငါ့ရှင် သွားချေတော့၊ ဆွမ်းစား

ဇရပ်မှာပဲ ထိုင်စောင့်နေပေတော့”ဆိုပြီး လွှတ်တော်မူလိုက်ပါတယ်။

ဒကာ ဒကာမတွေကလည်း အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် “တို့အရှင် ကြွလာတော်မူပြီ”ဆိုပြီးတော့ နေရာများ ခင်းကျင်းကာ ဆွမ်းဖြင့် ပြုစုလုပ်ကျွေးကြပါတယ်။ ဒါပေမယ့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မိမိ ရရှိတဲ့ဆွမ်းကို မိမိ မသုံးဆောင်ဘဲ “ဒီဆွမ်းကို လောသကတိဿမထေရ်အား ပေးလှူပါ”ဆိုပြီး အပို့ခိုင်းလိုက်-တယ်။ သွားပို့တဲ့ပုဂ္ဂိုလ်တွေက လောသကတိဿမထေရ်ကို အမှတ်မရဘဲ မိမိတို့ကိုယ်တိုင်ပဲ စားသုံးပစ်လိုက်ကြတယ်။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးလည်း ဆွမ်းစားခြင်းကိစ္စ ပြီးလို့ နေရာမှ ထတော်မူကာ ကျောင်းတော်သို့ ပြန်ကြွတော်မူပါတယ်။ ကျောင်းရောက်တော့ လောသကတိဿမထေရ်က အရှင်သာရိပုတ္တရာမထေရ်မြတ်-ကြီးကို လာရောက်ကာ ရှိခိုး ဝတ်ပြုပါတယ်။ ဆွမ်းရရှိပါသလားလို့ အရှင်-သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက မေးမြန်းတော်မူလိုက်တဲ့အခါ မရရှိပါကြောင်းကို လောသကတိဿမထေရ်က ပြန်လည် လျှောက်ထားတော်မူလိုက်ပါတယ်။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလည်း သံဝေဂ အလွန် ရရှိသွားတော်မူပါတယ်။ အချိန်ကို မော်ကြည့်လိုက်တော့ မွန်းလွဲသွားပြီဆိုတာ သိရှိတော်မူပါတယ်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကလည်း – “ကိုင်း ရှိစေတော့၊ အရှင်ဘုရား ဒီနေရာမှာပဲ ထိုင်သီတင်းသုံး စောင့်ဆိုင်းနေပါ” ဆိုပြီးတော့ ဆွမ်းစားကျောင်းမှာ လောသကတိဿမထေရ်ကို နေစေလိုက်ပါတယ်။ ကောသလမင်းရဲ့ နန်းတော်သို့ ကြွသွားတော်မူလိုက်ပါတယ်။

ကောသလမင်းကြီးကလည်း မထေရ်မြတ်ကြီးရဲ့ သပိတ်တော်ကို ယူဆောင်ပြီးနောက် – “ဆွမ်းလှူရမယ့် အချိန်အခါတော့ မဟုတ်တော့ပြီ”လို့ နှလုံးပိုက်ကာ စတုမဓုကို အပြည့်ထည့်ကာ ပေးလှူလိုက်ပါတယ်။ မထေရ်-မြတ်ကြီးလည်း အဲဒီစတုမဓုကို ကျောင်းတော်သို့ ယူဆောင်ပြီးနောက် “ငါ့ရှင်

တိဿ . . . လာပေတော့ – ဒီစတုမဓုကို ဘုဉ်းပေးပါ”ဆိုပြီးတော့ သပိတ်ကို မိမိလက်နဲ့ ကိုင်ထားပြီးတော့ ရပ်တည်နေလိုက်ပါတယ်။ ဘာကြောင့် ကိုင်ထားရသလဲ? လွှတ်လိုက်ပါက စတုမဓုတွေ ပျောက်ပျက်သွားမှာစိုးလို့ပါ။ လောသကတိဿကိုယ်တော်ကလည်း အရှင်သာရိပုတ္တမထေရ်မြတ်အပေါ်မှာ ရိုသေလေးစားတဲ့ စိတ်ထားရှိတဲ့အတွက် မဘုဉ်းပေးရဲ ဖြစ်နေတယ်။ အဲဒီ အခါမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက လောသကတိဿ မထေရ်မြတ်ကို –

“ငါ့ရှင်တိဿ . . . လာသာလာပါ။ ငါက ဒီသပိတ်ကို ကိုင်ပြီးတော့ ရပ်နေမယ်၊ သင်က ထိုင်ပြီးတော့ ဘုဉ်းပေးပါ။ ငါက လက်လွှတ်လိုက်မယ် ဆိုလျှင် ဘာမှ မရှိ ဖြစ်ချင်ဖြစ်သွားမယ်”။

ဒီလို အမိန့်ရှိတော်မူလိုက်ပါတယ်။ အရှင်လောသကတိဿမထေရ်မြတ်ကလည်း အဂ္ဂသာဝကလည်းဖြစ်၊ တရားစစ်မှူး အဦးအခိုင် ဓမ္မသေနာပတိလည်း ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သပိတ်ကိုကိုင်ကာ ရပ်တည်နေခိုက်မှာပဲ စတုမဓုကို ဘုဉ်းပေးသုံးဆောင်တော်မူပါတယ်။ ယင်းစတုမဓုဟာလည်း အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ အရိယိဒ္ဓိဗလဟု ခေါ်ဆိုအပ်တဲ့ အရိယာတန်ခိုးစွမ်းအားကြောင့် ကုန်ခန်းခြင်းသို့ ရောက်ရှိမသွားတော့ဘူး။ ထိုအခါမှာပဲ အရှင်လောသကတိဿ မထေရ်မြတ်လည်း အလိုရှိသလောက် ဝမ်းပြည့်အောင် ဘုဉ်းပေး သုံးဆောင်တော်မူပါတယ်။ အရှင်လောသကတိဿမထေရ်မြတ်လည်း ထိုနေ့မှာပဲ ဝိပါက်ကမ္မဇရုပ် အကြွင်းအကျန်မရှိ ကုန်စင်အောင် ချုပ်ငြိမ်းခြင်းဆိုတဲ့ အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူပါတယ်။ သံသရာဝဋ်ဆင်းရဲ ဒုက္ခမီးပုံကြီး အပြီးတိုင် ငြိမ်းသွားပြီ ဖြစ်တော်မူပါတယ်။

## သုံးခါသာ အဝစားရဖူးသည်

သူတစ်ပါးဟု ခေါ်ဆိုအပ်တဲ့ ရဟန္တာအရှင်မြတ်၏ လာဘ်လာဘ၏ အန္တရာယ်ကို ပြုခဲ့သည့် ဘဝမှ စပြီး သံသရာတစ်လျှောက် ထမင်းဝအောင်

စားရသည်မှာ သုံးဘဝသာ ရှိခဲ့ဖူးတယ်။ အဲဒီ သုံးဘဝမှာလည်း တစ်သက်လုံး အဝစားရတာတော့ မဟုတ်ဘူး။ တစ်ဘဝမှာ တစ်ကြိမ်သာ စားခဲ့ရဖူးတယ်။ အဲဒီ သုံးဘဝက ဘာတွေလဲ? –

၁။ ဘီလူးဖြစ်စဉ်အခါက တစ်နေ့မှာ ကိုယ်ဝန်သည်ရဲ့ အညစ်အကြေးတွေကို တစ်ခါ ရခဲ့ဖူးတယ်။

၂။ ခွေးဖြစ်စဉ်က တစ်ခုသော ဘဝမှာ တစ်နေ့ဝယ် သူတစ်ပါးတို့ အန်ထားတဲ့ အန်ဖတ်ကို တစ်ခါ ရခဲ့ဖူးပါတယ်။

၃။ ယခု ပရိနိဗ္ဗာန် စံတော်မူမည့်နေ့မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် စတုမဓု တစ်ကြိမ် ရခဲ့ဖူးတယ်။

**ဓံ ပရဿ လာဘန္တရာယကရဏံ နာမ မဟာဒေါသန္တိ ဝေဒိတဗ္ဗံ။**

(ဇာတက၊၄၊၁၊၂၅၉။)

ဒါကြောင့် သူတစ်ပါးရဲ့ လာဘ်လာဘရဲ့ အန္တရာယ်ကို ပြုလုပ်ခြင်း မည်သည် အလွန့်အလွန် ကြီးလေးတဲ့ အပြစ်ဒဏ်တွေကို ခံစံရလိမ့်မယ်ဆိုတာကို အသိဉာဏ်ရှိကြစမ်းပါ။ ကိုင်း – **ဝစ္ဆဂေါတ္တသုတ္တန်**ကို ပြန်ဆက်ကြရအောင် . . .

ဒါကြောင့် ဘုရားရှင်က ဝစ္ဆဂေါတ္တသုတ္တန်မှာ ဘာအမိန့်ရှိသလဲ?

**ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ သော တိဏ္ဏံ အန္တရာယကရော ဟောတိ၊ တိဏ္ဏံ ပါရိပန္ထိကော။** (အံ၊၁၊၁၆၁။)

**ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သော ဒကာတော်ပရိဗိုဇ် . . . ။ **ယော ခေါ** = အကြင်သူသည်ကား။ **ပရံ ဒါနံ ဒဒန္တံ** = သူတစ်ပါး ပေးလှူ၍နေသည်ကို။ **ဝါရေတိ** = တားမြစ်တတ်၏။ **သော** = ထိုတားမြစ်၍နေတဲ့ ပုဂ္ဂိုလ်သည်။ **တိဏ္ဏံ** = သုံးမျိုးတို့၏။ **အန္တရာယကရော** = အန္တရာယ်ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်၏။ **တိဏ္ဏံ** = သုံးမျိုးတို့၏။ **ပါရိပန္ထိကော** = ဘေးဥပဒ်အန္တရာယ်ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်၏။

ဘာသုံးမျိုးလဲ?

**ဒါယကဿ ပုညန္တရာယကရော ဟောတိ၊ ပဋိဂ္ဂါဟကာနံ လာဘန္တရာယကရော ဟောတိ၊ ပုဗ္ဗေဝ ခေါ ပနဿ အတ္တာ ခတော စ ဟောတိ ဥပဟတော စ။**

**ဒါယကဿ** = အလှူရှင်၏။ **ပုညန္တရာယကရော** = ကောင်းမှုကုသိုလ်၏ အန္တရာယ်ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်၏။ **ပဋိဂ္ဂါဟကာနံ** = အလှူခံပုဂ္ဂိုလ်တို့၏။ **လာဘန္တရာယကရော** = လာဘ်လာဘ၏ အန္တရာယ်ကို ပြုလုပ်တတ်သည်။ **ဟောတိ** = ဖြစ်၏။ **ပုဗ္ဗေဝ ခေါ** = ရှေးမဆွကပင်လျှင်။ **အဿ** = ထိုတားမြစ် ကန့်ကွက်နေတဲ့ပုဂ္ဂိုလ်သည်။ **အတ္တာ** = မိမိကိုယ်ကို။ **ခတော စ** = တူးဖြိုအပ်သည်လည်း။ **ဟောတိ** = ဖြစ်၏။

**အောက်ထစ်ဆုံး အလှူဒါန – တိရစ္ဆာန်ကို ပေးလှူခြင်း**

**အဟံ ခေါ ပန ဝစ္ဆ ဧဝံ ဝဒါမိ၊**

**ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သော ဒကာတော်ပရိဗိုဇ် . . . ။ **အဟံ ခေါ** = ငါဘုရားသည်ကား။ **ဧဝံ** = ဤသို့။ **ဝဒါမိ** = ဟောတော်မူပါပေ၏။

ဒကာတော်ပရိဗိုဇ် . . . ငါဘုရားကတော့ ဒီလို ဟောတယ်။ ဘယ်လိုလဲ? ဒီနေ့ ဒကာကြီးတွေ အထူးသဖြင့် အလေးဂရုပြုပြီးတော့ နာယူသင့်တဲ့ ထိုဆုံးမချက်ကလေးတစ်ခုပဲနော်။

**အဟံ ခေါ ပန ဝစ္ဆ ဧဝံ ဝဒါမိ – ယေ ဟိ တေ စန္ဒနိကာယ ဝါ ဩလိဂလ္လေ ဝါ ပါဏာ တတြပိ ယော ထာလိဓောဝနံ ဝါ သရာဝဓောဝနံ ဝါ ဆဍ္ဍေတိ – ယေ တတ္ထ ပါဏာ တေ တေန ယာပေန္တူတိ၊ တတော နိဒါနမ္ပာဟံ ဝစ္ဆ ပုညဿ အာဂမံ ဝဒါမိ၊ ကော ပန ဝါဒေါ မနုဿဘူတေ!**

**ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သော ဒကာတော်ပရိဗိုဇ်။ **အဟံ ခေါ** = ငါဘုရားသည်ကား။ **ဧဝံ** = ဤသို့။ **ဝဒါမိ** = ဟောတော်မူပါပေ၏။ **ကိံ ဝဒါမိ** = အဘယ်သို့ ဟောတော်မူပါသနည်း။ **ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သော ဒကာတော်-

ပရိဗိုဇ်။ **စန္ဒနိကာယ ဝါ** = တံစီးတွင်း၌လည်းကောင်း။ **ဩလိဂလ္လေ ဝါ** = ရွှံ့ညွှန်အိုင်အတွင်း၌လည်းကောင်း။ **ယေ ဟိ တေ ပါဏာ** = အကြင် ပိုး-လောက်စတဲ့ သတ္တဝါတို့သည်။ **သန္တိ** = ရှိကြလေကုန်၏။ **တတြပိ** = ထို-တံစီးတွင်း ရွှံ့ညွှန်အိုင်အတွင်း၌သော်လည်းပဲ။ **ယော** = အကြင် အမှတ်မထား တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါသည်။ **ထာလိဓောဝနံ ဝါ** = ပန်းကန်ဆေးတဲ့ ရေကိုသော်လည်းကောင်း။ **သရာဝဓောဝနံ ဝါ** = အိုးခွက်ဆေးတဲ့ရေကိုသော်လည်းကောင်း။ **တတ္ထ** = ထိုတံစီးအိုင်, ရွှံ့ညွှန်အိုင်အတွင်း၌။ **ယေ ပါဏာ** = အကြင် သတ္တဝါတို့သည်။ **သန္တိ** = ရှိကြလေကုန်-၏။ **တေ ပါဏာ** = ထိုသတ္တဝါတို့သည်။ **တေန** = ထို ပန်းကန်ဆေးတဲ့ရေ, အိုးခွက်ဆေးတဲ့ရေဖြင့်။ **ယာပေန္တု** = မျှတကြပါစေကုန်သတည်း။ **ဣတိ** = ဤသို့နှလုံးပိုက်၍။ **ဆဍ္ဍေတိ** = စွန့်ပစ်လေ၏။ **ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သောဒကာတော်ပရိဗိုဇ် . . . ။ **တတော နိဒါနမ္ပိ** = ထိုကဲ့သို့ ပန်းကန်ဆေးတဲ့ရေ, အိုးခွက်ဆေးတဲ့ရေကို လှူဒါန်းခြင်းတည်းဟူသော အကြောင်းကြောင့်လည်းပဲ။ **ပုညဿ** = ကောင်းမှုကုသိုလ်၏။ **အာဂမံ** = လာရှိခြင်းကို။ **အဟံ** = ငါဘုရားသည်။ **ဝဒါမိ** = ဟောတော်မူ၏။

ပုဂ္ဂိုလ်တစ်ဦးပေါ့။ ဒီနေ့ နေ့တိုင်းရနိုင်တယ်။ ဒကာကြီးတွေ နေ့တိုင်း ပန်းကန် မဆေးဘူးလား? ဆေးတယ်။ နေ့တိုင်း အိုးခွက်တွေ မဆေးဘူးလား? ဆေးတယ်။ အဲဒီ ပန်းကန်ဆေးတဲ့ရေလေး, အိုးခွက်ဆေးတဲ့ရေလေးကိုသော်-လည်းပဲ တံစီးတွင်းလို့ ခေါ်ဆိုအပ်တဲ့ မစင်တွင်းတွေမှာ ရှိနေတဲ့ ပိုးလောက်သတ္တဝါတွေ, ရွှံ့ညွှန်အိုင်အတွင်းမှာ ရှိနေတဲ့ ပိုးလောက်သတ္တဝါတွေ ဒီပန်းကန်ဆေးတဲ့ရေ, အိုးခွက်ဆေးတဲ့ရေလေးဖြင့် မျှတကြပါစေလို့ နှလုံးပိုက်ပြီးတော့ လှူဒါန်းတတ်မယ်ဆိုရင် ထိုတံစီးတွင်း တံစီးအိုင်အတွင်းမှာ တည်ရှိနေတဲ့, ရွှံ့ညွှန်အိုင်အတွင်းမှာ တည်ရှိနေတဲ့ ပိုးလောက်တွေကို ပန်းကန်ဆေးတဲ့ရေ, အိုးခွက်ဆေးတဲ့ရေကို လှူဒါန်းခြင်းတည်းဟူသော အကြောင်းကြောင့်လည်းပဲ ကောင်းမှုကုသိုလ်တရား၏ ဖြစ်ပေါ်လာခြင်းကို ငါဘုရား ဟောတော်မူပါ-တယ်တဲ့။ ဒါက အောက်ထစ်ဆုံးပဲနော်။

အလှူခံပုဂ္ဂိုလ်ဘက် ကြည့်လိုက်မယ်ဆိုလို့ရှိရင်လည်း အညံ့ဆုံးလို့ မပြောနိုင်ဘူးလား? အလှူပေးတဲ့ ဝတ္ထုပစ္စည်း ကြည့်လိုက်မယ်ဆိုလို့ရှိရင်-လည်း စားလို့ သောက်လို့ ပိုလို့ ပန်းကန်ဆေးထားတဲ့ရေလေး, အိုးခွက်ဆေး-ထားတဲ့ရေလေး ဖြစ်တယ်။ ဒီပန်းကန်ဆေးရေ, အိုးခွက်ဆေးရေဆိုတဲ့ အညံ့-ဆုံးဖြစ်နေတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းစုကို အညံ့ဆုံးဖြစ်တဲ့ ပိုးလောက်စတဲ့ သတ္တ-ဝါလေးတွေကို လှူဒါန်းရင်လည်း အကျိုးရှိသလား, မရှိဘူးလား? ရှိပါတယ်။ ကောင်းမှုကုသိုလ်ရှိတယ်လို့သာ ငါဘုရား ဟောတယ်။

## အိုးကွဲတဲ့ ထမနဲကိုသော်လည်း

ဒါကြောင့် ဒီအချက်ကလေးကို ကြည့်ပြီးတော့ နာမည်ကျော်ဖြစ်တဲ့ စလေဦးပုညကတော့ – “အိုးကွဲတဲ့ ထမနဲကိုသော်လည်း လှူတတ်က နိပ္ဖလ မဖြစ်ပါဘူး”ဆိုပြီးတော့ သူက ဒီလို မေတ္တာစာတစ်ခုမှာ ရေးထားတယ်။ အိုးကွဲတဲ့ ထမနဲကိုပင် လှူတတ်က နိပ္ဖလမဖြစ်ဘူး။ နိပ္ဖလမဖြစ်ဘူးဆိုတာ အကျိုးမဲ့ မဖြစ်နိုင်ဘူးလို့ ဆိုလိုတယ်။ အိုးကွဲသွားတဲ့ ထမနဲကိုတောင် လှူ-တတ်လို့ရှိရင် အကျိုးရှိတယ်တဲ့။ ထုံးကလေးထောက်ပြထားတာကတော့ ဘုန်းကြီးတို့ ပုဂံခေတ်ကနဲ့ တူပါတယ်နော်။ ဒါယကာကြီးတစ်ဦးက ထမနဲ အိုးကြီး ကျိုနေရာကနေ ဖြုန်းကနဲ အိုးကြီး ကွဲသွားတယ်။ ထမနဲအိုးကြီး ကွဲသွားတဲ့ အချိန်အခါကျတော့မှ သူက ဘာလုပ်သလဲ? ‘ကဲ . . . ခွေးတွေ လာကြ လာကြ။ နင်တို့ကို ငါ လှူတယ်’ဆိုပြီး လှူလိုက်တယ်။ အဲဒီလို လှူတတ်ခဲ့ရင် အကျိုးမရှိဘူးလား? အဲဒီလို လှူရင်တောင်မှ အကျိုးရှိတယ်လို့ ငါဘုရား ဟောတယ်။

### ကော ပန ဝါဒေါ မနုဿဘူတေ!

**မနုဿဘူတေ** = လူသားဖြစ်တဲ့ သတ္တဝါအပေါ်၌။ **ဒိန္နေ** = ပေးလှူ-အပ်တဲ့ အလှူဒါနသည်ကား။ **ကော ပန ဝါဒေါ** = အဘယ်ဆိုဖွယ်ရာ ရှိ-နိုင်ပါတော့အံ့နည်း။

လူသားဖြစ်တဲ့ သတ္တဝါတစ်ဦးကို လှူမယ်ဆိုလို့ရှိရင်တော့ ဘာပြော-

ဖွယ်ရာ ရှိတော့မလဲ? အကျိုးရှိသည်သာ ဖြစ်ပါတယ်နော်။ ငါဘုရားက ငါ-ဘုရားကို လှူမှသာလျှင် အကျိုးရှိတယ်။ ငါဘုရားရှင်ရဲ့ တပည့်သာဝက-တွေကို လှူမှသာလျှင် အကျိုးရှိတယ်။ တခြားပုဂ္ဂိုလ်တွေကို လှူခဲ့ရင် တခြား တပည့်သာဝကတွေကို လှူခဲ့ရင် အကျိုးမရှိဘူးလို့ ငါဘုရား မဟောပါဘူး-တဲ့နော်။ တံစီးတွင်း တံစီးအိုင် ရွှံ့ညွန်တွင်းမှာရှိတဲ့ ပိုးလောက်သတ္တဝါလေး တွေကိုသော်လည်း ပန်းကန်ဆေးရေ, အိုးခွက်ဆေးရေကို လှူရင်တောင် အကျိုးရှိတယ်လို့သာ ငါဘုရား ဟောနေတယ်။ လူသားဖြစ်တဲ့ သတ္တဝါတွေကို လှူခဲ့မယ်ဆိုရင်တော့ ဘာပြောဖွယ်ရာ ရှိမလဲ? အကျိုးရှိသည်သာ ဖြစ်ပါ-တယ်နော်။ ဒါပေမယ့်လို့ ကန့်သတ်ချက်ကလေးကိုတော့ ဘုရားရှင်က ဟောကြားထားတော်မူခဲ့ပါတယ်။

## သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်

**အပိ စာဟံ ဝစ္ဆ သီလဝတော ဒိန္နံ မဟပ္ဖလံ ဝဒါမိ၊ နော တထာ ဒုဿီလဿ၊**

**ဝစ္ဆ** = ဝစ္ဆအနွယ်၌ဖြစ်သော ဒကာတော်ပရိဗိုဇ် . . .။ **အပိ စ** = တကယ်စင်စစ်အားဖြင့်သော်ကား။ **အဟံ** = ငါဘုရားသည်။ **သီလဝတော** = သီလရှိတဲ့ ပုဂ္ဂိုလ်အား။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနကို။ **မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးရှိ၏ဟူ၍။ **ဝဒါမိ** = ဟောတော်မူ၏။ **ဒုဿီလဿ** = သီလမရှိတဲ့ပုဂ္ဂိုလ်အား။ **ဒိန္နံ** = ပေးလှူအပ်တဲ့ အလှူဒါနကို။ **တထာ =** ထိုသီလရှိတဲ့ပုဂ္ဂိုလ်အား ပေးလှူအပ်တဲ့ အလှူဒါနအတူ။ **မဟပ္ဖလံ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးရှိ၏ဟူ၍။ **န ဝဒါမိ** = ဟောတော်-မမူ။

ဒါပေမယ့်လို့ သီလရှိတဲ့ပုဂ္ဂိုလ်ကို ပေးလှူခဲ့ရင်တော့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိတယ်လို့ ငါဘုရား ဟောပါတယ်။ သီလမရှိတဲ့ ပုဂ္ဂိုလ်ကို ပေးလှူခဲ့ရင်တော့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိတယ်လို့ ငါဘုရား မဟောဘူး။ ဓမ္မာဓိဋ္ဌာန်နည်းအားဖြင့် ဘုရားဟောတာနော်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းဖြစ်ချင်လည်း ဖြစ်ပါစေ, သာသနာပပုဂ္ဂိုလ် ဖြစ်ချင်လည်း ဖြစ်ပါစေ။ သီလရှိနေခဲ့မယ်ဆိုရင်တော့ သီလရှိတဲ့ပုဂ္ဂိုလ်ကို လှူခဲ့ရင် သီလမရှိတဲ့ ပုဂ္ဂိုလ်ကို လှူတာထက်တော့ ပိုပြီးတော့ အကျိုးကြီး-တယ်လို့သာ ငါဘုရား ဟောတာပါ။ ငါဘုရားရဲ့ တပည့်သာဝကကိုသာ လှူရ-မယ်။ ငါဘုရားကိုသာ လှူရမယ်။ တခြား တပည့်သာဝကတွေကို မလှူရဘူး။ တခြားပုဂ္ဂိုလ်တွေကို မလှူရဘူးလို့ ငါဘုရား ဒီလို ဟောတာ မဟုတ်ဘူး။ အကျိုးမရှိဘူးလို့ ဟောနေတာလည်း မဟုတ်ပါဘူးလို့ ဆိုလိုပါတယ်။ ဒါပေမယ့် ဒီသီလရှိတဲ့ ပုဂ္ဂိုလ်ဆိုတာက ဘယ်လောက်အထိ သီလရှိတာ-လဲဆိုတာကို ဘုရားရှင်က ဆက်ပြီးတော့ သတ်မှတ်ချက် ပေးတယ်နော်။

## အင်္ဂါ (၅) ရပ်ကို ပယ်ပြီးသူ

**သော စ ဟောတိ ပဉ္စင်္ဂဝိပ္ပဟီနော ပဉ္စင်္ဂသမန္နာဂတော။** (အံ၊၁၊၁၆၁။)

**သော စ** = ထိုသီလရှိတဲ့ပုဂ္ဂိုလ်သည်လည်းပဲ။ **ပဉ္စင်္ဂဝိပ္ပဟီနော** = အင်္ဂါ (၅)ပါးကို ပယ်ထားပြီးသည်။ **ဟောတိ** = ဖြစ်၏။ **ပဉ္စင်္ဂသမန္နာဂတော** = အင်္ဂါ (၅)တန်နှင့် ပြည့်စုံသည်။ **ဟောတိ** = ဖြစ်၏။

အင်္ဂါ (၅)ပါးကို ပယ်ထားပြီး ဖြစ်ရမယ်။ အင်္ဂါ (၅)ချက်နဲ့ ပြည့်စုံပြီးလည်း ဖြစ်ရမယ်။ ဘာအင်္ဂါ (၅)ချက်ကို ပယ်ရလဲ?

**ကာမစ္ဆန္ဒော ပဟီနော ဟောတိ၊ ဗျာပါဒေါ ပဟီနော ဟောတိ၊ ထိနမိဒ္ဓံ ပဟီနံ ဟောတိ၊ ဥဒ္ဓစ္စကုက္ကုစ္စံ ပဟီနံ ဟောတိ၊ ဝိစိကိစ္ဆာ ပဟီနာ ဟောတိ။**

(အံ၊၁၊၁၆၂။)

နံပါတ် (၁) **ကာမစ္ဆန္ဒ** = သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌ လိုလားတပ်မက် တွယ်တာတပ်မက်နေတဲ့သဘောကို ကာမစ္ဆန္ဒလို့ ခေါ်တယ်။ ကာမစ္ဆန္ဒနီဝရဏပဲ။ အဲဒီ ကာမစ္ဆန္ဒနီဝရဏကို ပယ်ထားပြီး ဖြစ်ရမယ်။ နံပါတ် (၁)။

နံပါတ် (၂) **ဗျာပါဒ** = သတ္တဝါတွေကို သတ်ဖြတ်လိုတဲ့, ညှဥ်းပန်းနှိပ်စက်လိုတဲ့, ဖျက်ဆီးလိုတဲ့ စိတ်ထားကို ဗျာပါဒလို့ ခေါ်တယ်။ ထိုဗျာပါဒကို ပယ်-

ထားပြီး ဖြစ်ရမယ်။ အလှူခံပုဂ္ဂိုလ်နော်။

နံပါတ် (၃) **ထိန မိဒ္ဓ** = စိတ်စေတသိက်တွေက ထိုထို သမထ-ဝိပဿနာ ဘာဝနာစတဲ့ ကောင်းမှုကုသိုလ် လုပ်ငန်းရပ်တွေအပေါ်၌ တွန့်ဆုတ်နေ-တဲ့သဘော။

ဒကာကြီးတွေ တရားအားထုတ်ပါလား? ကျောင်းလာတဲ့ အချိန်အခါမှာ တရားတစ်ချိန်လောက် ထိုင်လိုက်ပါလား? မတတ်နိုင်သေးဘူးဘုရား . . . တပည့်တော်တို့က အလုပ်ကလေးက ရှိနေသေးတယ်။ ဘာလေးက ရှိနေ-သေးတယ်။ ညာလေးက ရှိနေသေးတယ်ဆိုပြီး ခပ်မြန်မြန် လစ်ပြေးတယ်နော်။ အဲဒီပုံစံမျိုးပဲ။ ဒါ စိတ်စေတသိက်တွေ ထိုင်းမှိုင်းနေတာ။ ကုသိုလ်ရေးလုပ်-ငန်း, သမထ-ဝိပဿနာဘာဝနာလုပ်ငန်းရပ်တွေမှာ ထိုင်းမှိုင်းနေတယ်နော်။ အဲဒီလို စိတ်စေတသိက်တွေကို ထိုင်းမှိုင်းစေတတ်တဲ့ ထိန-မိဒ္ဓတရား နှစ်ပါး-ကိုလည်း ပယ်ထားပြီး ဖြစ်ရမယ်။ နံပါတ် (၃)။

နံပါတ် (၄)ကျတော့ – **ဥဒ္ဓစ္စ**နဲ့ **ကုက္ကုစ္စ**ကို ပယ်ထားပြီး ဖြစ်ရမယ်။ ဥဒ္ဓစ္စက စိတ်မငြိမ်မသက်ဘူး။ ဘာဝနာအာရုံတစ်ခုပေါ်မှာ စိတ်ချထားရင် စိတ်က ငြိမ်ပြီး ကပ်မနေဘဲနဲ့ စိတ်က ဟိုရောက် ဒီရောက်။ ဟိုပျံ့ ဒီပျံ့နဲ့ ပျံ့လွင့်နေတဲ့ သဘော။ ကုက္ကုစ္စဆိုတာကတော့ ပြုပြီးတဲ့ ဒုစရိုက်တွေနဲ့ ပတ်-သက်ပြီးတော့လည်း ပြုမိတာ မှားလေခြင်းဆိုပြီးတော့ နောင်တတစ်ဖန် ပူပန်နေတယ်။ မပြုမိတဲ့ သုစရိုက်တရားတွေ, ကောင်းမှုကုသိုလ်ရေး လုပ်ငန်း-တွေနဲ့ ပတ်သက်လို့လည်း မပြုမိတာ မှားလေခြင်းဆိုပြီးတော့ နောင်တတစ်ဖန် ပူပန်နေတဲ့သဘော။ အဲဒီ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ တရားနှစ်ပါးကိုလည်း ပယ်ထားပြီး ဖြစ်ရမယ်။

နံပါတ် (၅)ကျတော့ – **ဝိစိကိစ္ဆာ**။ ဝိစိကိစ္ဆာဆိုတာက 'သို့လော သို့လော တွေးတော ယုံမှားနေတဲ့ သဘောတရားတစ်ခုပဲ။ သဗ္ဗညုတဉာဏ်ကို ရတဲ့ ဘုရားစစ် ဘုရားမှန်ဆိုတာ ရှိမှ ရှိပါ့မလားလို့ သံသယရှိတယ်။ အဲဒီလို သံသယရှိတဲ့ ပုဂ္ဂိုလ်တွေ ခုခေတ်မှာလည်း မရှိဘူးလား? ရှိပါတယ်။ ဘုန်းကြီး-

တို့ တစ်ချိန်ကပေါ့ – လွတ်လပ်ရေးမရခင် ဂျပန်ခေတ် မတိုင်ခင်လောက်ကနဲ့ တူပါတယ်။ မုံရွာက 'ဇောက်ထိုး'အမည်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးက သတင်းစာထဲမှာ 'သဗ္ဗညုတဉာဏ်ဆိုတာ ရှိပါသလား'ဆိုပြီးတော့ သတင်းစာထဲက ထည့်ရေးလို့ တစ်ပြည်လုံး တော်တော်လေး သွက်သွက်ခါသွားတယ်နော်။

သဗ္ဗညုတဉာဏ်ရှိတဲ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား, ရှိမှ ရှိပါ့မလားလို့ သံသယရှိတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ တရားတွေ တကယ်ထင်ရှား ရှိမှ ရှိပါ့မလားလို့ သံသယရှိတယ်။ မဂ် ဖိုလ် နိဗ္ဗာန်ကို သိတော်မူ မြင်တော်မူတတ်တဲ့ အရိယာသံဃာဆိုတာ တကယ် ထင်ရှား ရှိမှ ရှိပါ့မလားလို့ သံသယရှိတယ်။ သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်တွေနဲ့ ပတ်သက်လို့လည်း သံသယရှိတယ်။ ဒီသီလကို ဖြည့်ကျင့်ရတာ ဘာအကျိုးရှိမှာလဲ။ ဒီသမာဓိတွေကို ခုခေတ်မှာ ထူထောင်လို့ ရမှ ရပါ့မလား? စားလိုက်တဲ့ အစာအာဟာရဓာတ်တွေက ဗီတာမင် အာဟာရဓာတ်တွေ လျော့နည်းနေတဲ့အတွက် ခန္ဓာကိုယ်တွေက ခန့်ကျန်းမှု မရှိတဲ့ အတွက် ခုခေတ်မှာ သမထ = သမာဓိကို ထူထောင်ရင် မဖြစ်နိုင်ဘူးလို့ သံသယ ရှိကြတယ်။ အဲဒါဟာ သမာဓိသိက္ခာမှာ သံသယရှိတာ မဟုတ်ဘူးလား? ဟုတ်တယ်။

နောက်တစ်ခါ ပညာသိက္ခာ။ ပညာကျင့်စဉ်မှာလည်း သံသယရှိတယ်။ ဘယ်လိုလဲ? ပညာဆိုတာက ဘုန်းကြီးတို့ မဟာသတိပဋ္ဌာနသုတ္တန်မှာ မြတ်စွာဘုရား ကိုယ်တော်တိုင်က ဒီပညာဆိုတဲ့ စကားလုံးနဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ စကားလုံး, ဉာဏ်ဆိုတဲ့ စကားလုံး၊ ဒီစကားလုံးတွေကို အဓိပ္ပာယ်တူ အသုံးပြုထား တော်မူပါတယ်။ ဒီသမ္မာဒိဋ္ဌိကို **"ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ, ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ"** (မ၊၁၊၈၈။)ဆိုပြီး (၄)ချက် ဟောထားတော်မူပါတယ်။ ဒုက္ခသစ္စာကို သိတဲ့ဉာဏ်သည် = သမ္မာဒိဋ္ဌိ, သမုဒယသစ္စာကို သိတဲ့ဉာဏ်သည် = သမ္မာဒိဋ္ဌိ, နိရောဓသစ္စာကို သိတဲ့ဉာဏ်သည် = သမ္မာဒိဋ္ဌိ, မဂ္ဂသစ္စာကို သိတဲ့ဉာဏ်သည် = သမ္မာဒိဋ္ဌိ ဖြစ်တယ်။ ဒီတော့ ဒုက္ခသစ္စာ အမည်ရနေတဲ့ တရားတွေက ဘာတွေလဲလို့ မေးတော့ -

**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ** (သံ၊၃၊၃၆၉။) = အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ (၅)ပါးသည် ဒုက္ခသစ္စာ ဖြစ်တယ်လို့ ဘုရားရှင်က ဟောကြား-ထားတော်မူတယ်။ အဲဒီတော့ 'ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညု-ပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ'ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးသည် ဘာသစ္စာလဲ? ဒုက္ခသစ္စာ။ ထိုဒုက္ခသစ္စာထဲက ဥပါဒါနက္ခန္ဓာ (၅)ပါးမှာ ရူပုပါဒါနက္ခန္ဓာဆိုတာက ဘာပြောတာလဲ? ဘုရားရှင်ကိုယ်တော်-တိုင် ဟို ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ခန္ဓသုတ္တန်မှာ အတိအကျ ရှင်းထား-တယ်နော်။

**"ကတမေ စ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာ? ယံ ကိဉ္စိ ဘိက္ခဝေ ရူပံ အတီ-တာနာဂတပစ္စုပ္ပန္နံ။ ပ ။ ယံ ဒူရေ သန္တိကေ ဝါ သာသဝံ ဥပါဒါနိယံ၊ အယံ ဝုစ္စတိ ရူပုပါဒါနက္ခန္ဓော။ ယာ ကာစိ ဝေဒနာ။ ပ ။ ယာ ဒူရေ သန္တိကေ ဝါ သာသဝါ ဥပါဒါနိယာ၊ အယံ ဝုစ္စတိ ဝေဒနုပါဒါနက္ခန္ဓော။ ယာ ကာစိ သညာ။ ပ ။ ယာ ဒူရေ သန္တိကေ ဝါ သာသဝါ ဥပါဒါနိယာ၊ အယံ ဝုစ္စတိ သညုပါဒါ-နက္ခန္ဓော။ ယေ ကေစိ သင်္ခါရာ။ ပ ။ သာသဝါ ဥပါဒါနိယာ၊ အယံ ဝုစ္စတိ သင်္ခါရုပါဒါနက္ခန္ဓော။ ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ။ ပ ။ ယံ ဒူရေ သန္တိကေ ဝါ သာသဝံ ဥပါဒါနိယံ၊ အယံ ဝုစ္စတိ ဝိညာဏုပါဒါနက္ခန္ဓော။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာ"တိ။** (သံ၊၂၊၃၉။)

အတိတ်ရုပ်တရား, ပစ္စုပ္ပန်ရုပ်တရား, အနာဂတ်ရုပ်တရား, အဇ္ဈတ္တ-ရုပ်တရား, ဗဟိဒ္ဓရုပ်တရား, ဩဠာရိကခေါ်တဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့ ရုပ်တရား, သုခုမခေါ်တဲ့ သိမ်မွေ့နူးညံ့တဲ့ ရုပ်တရား, ဟီနခေါ်တဲ့ ယုတ်ညံ့တဲ့ ရုပ်တရား, ပဏီတခေါ်တဲ့ မွန်မြတ်တဲ့ ရုပ်တရား, ဒူရတဲ့ခေါ်တဲ့ အသိဉာဏ်နဲ့ ဝေးတဲ့ ရုပ်တရား, သန္တိကခေါ်တဲ့ အသိဉာဏ်နဲ့ နီးတဲ့ရုပ်တရား။ ပေါင်းတော့ (၁၁)မျိုး။ ထို (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ ရုပ်တရား အစုအပုံသည် သာသဝ = အာသဝေါတရားတို့ရဲ့ အာရုံယူရာ (၃၁)ဘုံနယ်-မြေအတွင်းမှာ တည်ရှိခဲ့မယ်ဆိုရင်ပေါ့။ ထိုက်သလိုပေါ့နော်။ နောက် တဏှာ ဒိဋ္ဌိတို့ဖြင့် 'ငါ-ငါ့ဟာ'လို့ စွဲလမ်းယူရာဖြစ်ခဲ့ရင် အဲဒီ (၁၁)မျိုးသော အခြင်း-

အရာအားဖြင့် တည်နေတဲ့ သာသဝ ဥပါဒါနိယဖြစ်နေတဲ့ ရုပ်တရား အစုအပုံကို ရူပုပါဒါနက္ခန္ဓာလို့ ခေါ်တယ်ဆိုပြီး ရှင်းထားတော်မူတယ်။ (သံ၊၂၊၃၉။)

ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာတွေကိုလည်း ပုံစံတူပဲ ရှင်းထားတယ်နော်။ ဒါကြောင့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ အာသဝေါတရားတို့ရဲ့ အာရုံယူရာ နယ်မြေအတွင်းမှာ တည်ရှိနေတဲ့ တဏှာ ဒိဋ္ဌိတို့ဖြင့် 'ငါ ငါ့ဟာ'လို့ လှမ်းစွဲယူရာဖြစ်တဲ့ ခန္ဓာ (၅)ပါးသည် ဘာသစ္စာလဲ? ဒုက္ခသစ္စာ။ အဲဒီ ဒုက္ခသစ္စာတရားကို သိအောင် ကျင့်တဲ့ ကျင့်စဉ်ကို ပညာသိက္ခာ = ပညာကျင့်စဉ်လို့ ခေါ်ပါတယ်။

အဲဒီ ကျင့်စဉ်တွေ လုပ်ငန်းရပ်ပေါ်မှာလည်း သံသယရှိတယ်။ ဘယ်လို သံသယရှိလဲ? ဒီရုပ်ကလာပ်ကလေးတွေ ဘယ်လိုမှ ရှုလို့ မရနိုင်ဘူး။ ဒီရုပ်တရားတွေ ဘယ်လိုမှ ရှုလို့ မရနိုင်ဘူး။ ဒီနာမ်တရားတွေ ဘယ်လိုမှ ရှုလို့ မရနိုင်ဘူးလို့ ဒီနေ့ခေတ်က မပြောဘူးလား? ပြောနေကြတယ်။ သံသယရှိလို့ ပြောတာလား? မရှိလို့ ပြောတာလား? သံသယရှိနေတယ်။ ဘုရားဟော ပညာသိက္ခာကျင့်စဉ်အပေါ်မှာလည်း သံသယရှိတယ်။

နောက်တစ်ခု – ဘုန်းကြီးတို့ **ဒုက္ခသမုဒယေ ဉာဏံ**အရ ဘုရားရှင်က တဏှာကို သမုဒယသစ္စာလို့ ပဓာနနည်းအားဖြင့် ဝိဘင်းပါဠိတော်မှာ ဟောထားတယ်။ ပထမနည်းမှာ တဏှာကို သမုဒယသစ္စာလို့ ဟောတယ်။ ဒုတိယနည်းမှာ ကိလေသာ (၁၀)ပါးကို သမုဒယသစ္စာလို့ ဟောတယ်။ တတိယနည်းမှာ အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာလို့ ဟောတယ်။ စတုတ္ထနည်းကျတော့ အကုသိုလ်တရားအားလုံးနှင့် **ဝဋ္ဋနိဿိတ**ဖြစ်တဲ့ အလောဘ, အဒေါသ, အမောဟ ကုသလမူလတရား (၃)ပါးကို သမုဒယသစ္စာလို့ ဟောတယ်။ ပဉ္စမနည်းကျတော့ ကုသိုလ်ကံ, အကုသိုလ်ကံမှန်သမျှကို သမုဒယသစ္စာလို့ ဟောလိုက်တယ်။ အဲဒီ ပဉ္စမနည်းကတော့ အကြွင်းအကျန်မရှိ ကုန်စင်အောင် သမုဒယသစ္စာကို ဟောတဲ့နည်းပဲ။ ဒါက အဘိဓမ္မာနည်းနော်။

(အဘိ၊၂၊၁၁၂-၁၁၅။ အဘိ။၊၂၊၁၈၅။)

သုတ္တန်နည်းအရကတော့ မြတ်စွာဘုရားက ဟို **တိတ္ထာယတနသုတ္တန်** (အံ၊၁၊၁၇၈။)မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ စသည်ဖြင့် ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စ-သမုပ္ပါဒ်သဘောတရားတွေကို သိတဲ့ဉာဏ်ကို သမုဒယသစ္စာဆိုပြီး ဟောထားတော်မူတယ်။ ထိုသမုဒယသစ္စာအမည်ရတဲ့ တရားတွေကို ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ် ရရှိအောင် ကျင့်နေတဲ့ ကျင့်စဉ်ကို ပညာကျင့်စဉ်၊ ပညာသိက္ခာ-လို့ပဲ ခေါ်တယ်။

အဲဒီ သမုဒယသစ္စာကို သိရေးမှာ အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရားဖြစ်ပုံ၊ ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်အကျိုးတရားဖြစ်ပုံဆိုတဲ့ ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ် ကွင်းဆက်တွေပါပါဝင်နေတယ်။ ဒီနေ့ ခေတ်မှာကတော့ အဲဒီ အတိတ်, အနာဂတ်ဟာ ဘယ်-လိုမှ ရှုလို့ မရပါဘူး။ ဝိပဿနာနဲ့ ဘာမှ မဆိုင်ဘူးလို့ ပြောနေတော့ ဒီပညာကျင့်စဉ်ကိုလည်း သံသယရှိတာ မဟုတ်ဘူးလား? ရှိနေတယ်နော်။

ဒါကြောင့် အဲဒီလို သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်အပေါ်၌ သံသယရှိနေတဲ့တရားကို ဘာလို့ခေါ်လဲ? ဝိစိကိစ္ဆာ။ အဲဒီ ဝိစိ-ကိစ္ဆာကို ပယ်ထားပြီး ဖြစ်ရမယ်။ ပေါင်းလိုက်တော့ နီဝရဏတရား (၅)ပါးပဲ-နော်။ နီဝရဏတရား (၅)ပါးကို ပယ်ထားတာကို အင်္ဂါ (၅)ရပ် ပယ်ထားပြီးဖြစ်တယ်လို့ သတ်မှတ်ထားတယ်။ နီဝရဏတရား (၅)ပါးလို့ ခေါ်ဆိုအပ်တဲ့ခေါင်းဆောင်ကြီး (၅)ခုကို ပယ်လိုက်ရင် နောက်လိုက်တွေ အားလုံး ကုန်သွား-တယ်။ အကုသိုလ်တရားအားလုံး ကုန်သွားပြီနော်။ ဒါ ပယ်ရမယ့် အင်္ဂါ (၅)ချက်။ ပြည့်စုံရမယ့် အင်္ဂါ (၅)ချက်ကိုလည်း မြတ်စွာဘုရားက ဆက်ဟော-တော်မူပါတယ်။ ဘာတွေလဲ?

## အင်္ဂါ (၅) ရပ်နှင့် ပြည့်စုံသူ

**အသေက္ခေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ၊ အသေက္ခေန သမာဓိက္ခန္ဓေန သမန္နာဂတော ဟောတိ၊ အသေက္ခေန ပညာက္ခန္ဓေန သမန္နာ-ဂတော ဟောတိ၊ အသေက္ခေန ဝိမုတ္တိက္ခန္ဓေန သမန္နာဂတော ဟောတိ၊ အသေက္ခေန ဝိမုတ္တိဉာဏဒဿနက္ခန္ဓေန သမန္နာဂတော ဟောတိ၊ ဣမေဟိ ပဉ္စဟိ အင်္ဂေဟိ သမန္နာဂတော ဟောတိ။**

ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ သီလဂုဏ်ကျေးဇူး, သမာဓိဂုဏ်ကျေးဇူး, ပညာ-ဂုဏ်ကျေးဇူး, ဝိမုတ္တိဆိုတဲ့ ကိလေသာတို့မှ လွတ်မြောက်သွားတဲ့ အရဟတ္တ-ဖိုလ်ဂုဏ်ကျေးဇူး, ဝိမုတ္တိဉာဏဒဿနဆိုတဲ့ ကိလေသာတို့မှ လွတ်မြောက်တဲ့ ဝိမုတ္တိ အရဟတ္တဖိုလ်ကို တစ်ဖန်ပြန်ပြီး ဆင်ခြင်နေတဲ့ ပစ္စဝေက္ခဏာဉာဏ် ဂုဏ်ကျေးဇူးတွေ၊ အဲဒီ ဂုဏ်ကျေးဇူး (၅)မျိုးနဲ့ ပြည့်စုံရမယ်လို့ ဒီလို သတ်-မှတ်ချက် ရှိတယ်။ ဒါကတော့ ဘုန်းကြီးတို့ အလှူခံဘက်က သတ်မှတ်ပေးတဲ့ အင်္ဂါရပ်ပဲနော်။

တစ်ခါ ဒီအလှူခံဘက်က ဒီအင်္ဂါ (၅)ရပ် ပြည့်စုံသလို အလှူပေးတဲ့ ပုဂ္ဂိုလ်ဘက်ကလည်း သတ်မှတ်ပေးတဲ့ အင်္ဂါရပ်ကလေးတွေနှင့် ပြည့်စုံမယ် ဆိုရင်တော့ သိပ်ကောင်းတယ်၊ တိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဖြစ်တယ်။ ဟို ဒက္ခိဏဝိဘင်္ဂသုတ္တန်မှာ – ဘုရားရှင်က ဒီလို ဟောကြားထားတော်မူ-တယ်။

## ကြီးကျယ်ပွံ့ဖြိုး များမြတ်တဲ့ အကျိုးရှိတဲ့ အလှူဒါန

**ယော သီလဝါ သီလဝန္တေသု ဒဒါတိ ဒါနံ၊**
**ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော။**
**အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊**
**တံ ဝေ ဒါနံ ဝိပုလပ္ဖလန္တိ ဗြူမိ။** (မ၊၃၊၃၀၀။)

**ယော သီလဝါ** = အကြင် သီလရှိတဲ့ အလှူပေးတဲ့ပုဂ္ဂိုလ်သည်။ **ဓမ္မေန**

**လဒ္ဓံ** = တရားသောနည်းလမ်းဖြင့် ရှာဖွေသဖြင့် ရရှိအပ်တဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစုကို။ **သုပသန္နစိတ္တော** = အလွန် ကြည်လင်သော စိတ်ထားရှိသည် ဖြစ်၍။ **ဥဠာရံ** = ပြန့်ပြောကြီးကျယ် မြင့်မြတ်လှစွာသော။ **ကမ္မဖလံ** = ကံ-ကံ၏အကျိုးတရားကို။ **အဘိသဒ္ဒဟံ အဘိသဒ္ဒဟန္တော** = အလွန် သက်ဝင်ယုံကြည်သည်ဖြစ်၍။ **သီလဝန္တေသု** = သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်တို့၌။ **ဒါနံ** = အလှူဒါနကို။ **ဒဒါတိ** = ပေးလှူ၏။ **တံ ဒါနံ** = ထိုအလှူဒါနမျိုးကို။ **ဝေ** = စင်စစ်ဧကန် အမှန်အားဖြင့်။ **ဝိပုလပ္ဖလန္တိ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိ၏ဟူ၍။ **အဟံ** = ငါဘုရားသည်။ **ဗြူမိ - ဝဒါမိ** = ဟောတော်မူ၏။

အဲဒီလို ဒါနမျိုးကို ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိတဲ့ ဒါနလို့ ငါဘုရား ဟောကြားတော်မူပါတယ်တဲ့။ အလှူခံဘက်က သီလရှိတဲ့ အလှူခံဖြစ်တယ်။ သီလရှိတဲ့အထဲမှာ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ ခုနက ပြောခဲ့တဲ့ သီလသည် အသာဆုံး အမြတ်ဆုံးပဲ။ အလှူပေးတဲ့ ပုဂ္ဂိုလ်ဘက်ကလည်း –

နံပါတ် (၁) သီလရှိခြင်း။

နံပါတ် (၂) တရားသောနည်းလမ်းဖြင့် ရှာဖွေရရှိတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစုဖြစ်ခြင်း။

နံပါတ် (၃) လှူဒါန်းနေတဲ့အချိန်, မလှူမီအချိန်, လှူပြီးတဲ့အချိန် အချိန် သုံးခုလုံးမှာ ကြည်လင်တဲ့စိတ်ထားရှိခြင်း။

နံပါတ် (၄) ပြန့်ပြောကြီးကျယ် များမြတ်တဲ့ ကံ-ကံ၏အကျိုးကို သက်ဝင် ယုံကြည်တဲ့ သဒ္ဓါတရားရှိခြင်း။

ဒီသဒ္ဓါတရားကတော့ ကံ-ကံ၏အကျိုးတရားကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ပြဓာန်းလျက်ရှိတဲ့ သမ္မာဒိဋ္ဌိဉာဏ် ရှေ့သွား ရှိနေတဲ့ သဒ္ဓါတရားပဲနော်။ ပေါင်းလိုက်တော့ အလှူပေးတဲ့ ပုဂ္ဂိုလ်ဘက်မှာ ပြည့်စုံရမယ့် အင်္ဂါ ဘယ်နှစ်ချက်လဲ? (၄)ချက်။

အလှူခံတဲ့ ပုဂ္ဂိုလ်ဘက်က သီလရှိခြင်း။ ထိုသီလသည် ခုနက ပြောခဲ့တဲ့ ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်မှာ တည်ရှိနေတဲ့ အင်္ဂါ (၅)ရပ်နဲ့ ပြည့်စုံနေတဲ့ သီလမျိုး

ဖြစ်ရင်တော့ သိပ်ကောင်းတယ်နော်။ အဲဒီ အင်္ဂါရပ်တွေ စုံညီခဲ့ရင် ကြီးကျယ် ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိတယ်။ ဘယ်လို ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိပါသလဲလို့ မေးရင်တော့ –

## ဦးတည်ချက် အမျိုးမျိုး

ဘုရားရှင်က ဒါနူပပတ္တိသုတ္တန် (အံ၊၃၊၇၀-၇၂။)များမှာ ဟောထားတော်မူ-ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးက ခုလို ကျောင်းအစရှိတဲ့, သင်္ကန်းအစရှိတဲ့, ဆွမ်းအစရှိတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစုတွေကို ပေးလှူတဲ့ အချိန်အခါမှာ သူက ခတ္တိယမဟာသာလလို့ခေါ်တဲ့ မင်းသူဌေးသူကြွယ်တွေ, ဗြာဟ္မဏမဟာ-သာလခေါ်တဲ့ ပုဏ္ဏားသူဌေးသူကြွယ်တွေ, ဂဟပတိမဟာသာလခေါ်တဲ့ ဂဟပတိသူဌေးသူကြွယ်တွေကို သူက မြင်ဖူးတယ်။ မြင်ဖူးတဲ့အတွက်ကြောင့် "ငါလည်းပဲ ဒီကောင်းမှုကုသိုလ်ကြောင့် တစ်ချိန်မှာ မင်းသူဌေး, ပုဏ္ဏားသူဌေး, ဂဟပတိသူဌေးသူကြွယ် တစ်ဦးဦး ဖြစ်ရရင် ကောင်းမှာပဲ"ဆိုတဲ့ စိတ်ထား-ကလေးပေါ်နေတယ်နော်။ ဒီနေ့ အလှူရှင်များမှာ ဘယ်လိုစိတ်ထားပေါ်မယ်-ဆိုတာတော့ မပြောတတ်ဘူးပေါ့နော်။ အဲဒီလို စိတ်ထားပေါ်နေတဲ့အတွက် သူက ဘာလုပ်သလဲ?

**သော တံ စိတ္တံ ဒဟတိ၊ တံ စိတ္တံ အဓိဋ္ဌာတိ၊ တံ စိတ္တံ ဘာဝေတိ။**

(အံ၊၃၊၇၁။)

**သော** = ထိုအလှူရှင်သည်။ **တံ စိတ္တံ** = ထိုသူဌေးဖြစ်ချင်တဲ့ စိတ်ထားကို။ **ဒဟတိ** = ထား၏။ **တံ စိတ္တံ** = ထိုသူဌေးဖြစ်ချင်တဲ့ စိတ်ထားကို။ **အဓိဋ္ဌာတိ** = အဓိဋ္ဌာန်၏။ **တံ စိတ္တံ** = ထိုသူဌေးဖြစ်ချင်တဲ့ စိတ်ထားကို။ **ဘာဝေတိ** = ဖြစ်စေ၏၊ ပွားများ၏။

မင်းသူဌေး, ပုဏ္ဏားသူဌေး, ဂဟပတိသူဌေးခေါ်တဲ့ သူဌေးဖြစ်ချင်တဲ့ စိတ်ထားကလေးကို ထားတယ်။ သူဌေးဖြစ်ချင်တဲ့ စိတ်ထားကို ဆောက်တည်ထားတယ်။ ဆောက်တည်တယ်ဆိုတာကတော့ ဒီနေ့ ခေတ်အပြောနဲ့ ပြော-ရင်တော့ ဆုတောင်းတယ်ပေါ့နော်။ အဲဒီ သူဌေးဖြစ်ချင်တဲ့ စိတ်ထားကို တိုး-

အောင်, ပွားအောင်, များအောင် ပြုလုပ်နေတယ်။ ပြုလုပ်တဲ့အတွက် ဘာဖြစ်-လဲ?

**တဿ တံ စိတ္တံ ဟီနေ ဝိမုတ္တံ ဥတ္တရိ အဘာဝိတံ တတြူပပတ္တိယာ သံဝတ္တတိ။** (အံ၊၁၊၇၁။)

**တဿ** = ထိုအလှူရှင်၏။ **ဟီနေ ဝိမုတ္တံ** = ယုတ်ညံ့တဲ့ဘုံဘဝ၌ ညွတ်-ကိုင်းရှိုင်းလျက်ရှိတဲ့။ **တံ စိတ္တံ** = ထိုစိတ်ထားသည်။ **တတြူပပတ္တိယာ** = ထိုထို မိမိညွတ်ကိုင်းရှိုင်းနေတဲ့ ထိုထို ဘုံဘဝ၌ ဖြစ်ခြင်းငှာ။ **သံဝတ္တတိ** = ဖြစ်ပေ၏။

အထက်အထက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပွားများအားထုတ်မယ် ဆိုရင်တော့ ဒါက မွန်မြတ်တဲ့ လုပ်ငန်းပဲ၊ မွန်မြတ်တဲ့ ဦးတည်ချက်ပဲ။ ဒါပေ-မယ့် ခုလို မင်းသူဌေးဘဝ, ပုဏ္ဏားသူဌေးဘဝ, ဂဟပတိသူဌေးဘဝခေါ်တဲ့ သူဌေးဘဝတစ်ခုခုကို ညွတ်ကိုင်းရှိုင်းနေတဲ့ စိတ်ထားကိုတော့ **ဟီနေ ဝိမုတ္တ** = ယုတ်ညံ့တဲ့ ဘုံဘဝမှာ ညွတ်ကိုင်းရှိုင်းတယ်လို့ ဒီလို ဘုရားရှင်ကဟောတော်-မူပါတယ်။

ဘာကြောင့် ယုတ်ညံ့တယ်လို့ ပြောရလဲ? လူ့ဘဝ၊ ဒကာကြီးတွေ ခေတ်ခွဲကြည့်စမ်း၊ ခု ဒကာကြီးတွေ ထိုင်နေတဲ့ ခန္ဓာအိမ်ကိုပဲ ခေတ်ခွဲကြည့်-စမ်း၊ ဆံပင်ရှိတယ်, မွေးညင်းရှိတယ်, ခြေသည်း-လက်သည်း, သွား, အရေ, အသား, အကြော, အရိုးစတဲ့ (၃၂)ကောဋ္ဌာသ အစုအပုံတွေ မရှိဘူးလား? ရှိတယ်။ လူ့ဘဝကို လိုလားတောင့်တရင် ဒီ (၃၂)ကောဋ္ဌာသကို လိုလား တောင့်တတာနဲ့ မတူဘူးလား? အဲဒီ (၃၂)ကောဋ္ဌာသထဲမှာ ချေးထုပ်ကြီး-လည်း မပါဘူးလား? အဲဒီ ချေးထုပ်ကြီးရပါစေလို့ တောင့်တနေတာနဲ့ မတူဘူးလား? အတူတူပါပဲ။ အဲဒီ ချေးထုပ်ကြီးတွေကို လိုချင်ပါတယ်ဆိုတဲ့ စိတ်ထားသည် ယုတ်ညံ့သလား? မြင့်မြတ်သလား? ယုတ်ညံ့တယ်။

နောက်တစ်ခု — ဒီလူ့ဘဝကို ကြည့်ဦး၊ အိုခြင်းတရား ကင်းသလား? မကင်းဘူး၊ နာခြင်းတရား မကင်းဘူး၊ သေခြင်းတရား မကင်းဘူး။ စိုးရိမ်ရမှု,

ပူဆွေးရမှု, ငိုကြွေးရမှု, ကိုယ်ဆင်းရဲရမှု, စိတ်ဆင်းရဲရမှု, ပြင်းစွာပူပန်ရမှုဆိုတဲ့ ဒုက္ခတွေ ကင်းသလား? မကင်းဘူး။ ဒါကြောင့် လူ့ဘဝကို လိုလားတောင့်တ-ရင် လူ့ဘဝမှာ အိုရပါလို၏, နာရပါလို၏, သေရပါလို၏, စိုးရိမ်ရပါလို၏, ပူဆွေးရပါလို၏, ငိုကြွေးရပါလို၏ စသည်ဖြင့် ဆုတောင်းနေတာနဲ့ မတူဘူး-လား? အတူတူပါပဲ။

## လူ့ဘဝ – နတ်ဘဝ – ဗြဟ္မာဘဝသို့ ဦးတည်ချက်

အလားတူပဲ – နောက်တစ်ခု နတ်ဘဝကို လိုလားတောင့်တတယ်။ နောက်တစ်ခု ဗြဟ္မာဘဝကို လိုလားတောင့်တပြီးတော့ ကောင်းမှုကုသိုလ်-တွေပြုတယ်နော်။ အဲဒီတော့ ရုပ်တရား အစုအပုံ, နာမ်တရား အစုအပုံ, ရုပ်နာမ်အစုအပုံ ဒုက္ခသစ္စာတရားတွေပဲလို့ မသိဘဲ လူလို့, နတ်လို့, ဗြဟ္မာလို့ အသိမှားနေတဲ့ သဘောက အဝိဇ္ဇာ။ ထို လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝကို လိုလားတောင့်တနေတဲ့ သဘောလေးက တဏှာ။ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ-ဘဝကို စိတ်ကပ်ပြီး စွဲနေတဲ့သဘောက ဥပါဒါန်။ ထို အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ခြံရံပြီးတော့ ဒါနစတဲ့ ကောင်းမှုကုသိုလ်တွေကို ပြုတယ်။ သက်န်းလှူတယ်၊ ဆွမ်းလှူတယ်၊ ကျောင်းလှူတယ်၊ ကောင်းမှုကုသိုလ်တွေကို ပြုကြတယ်။ အဲဒီ ပြုတဲ့ အချိန်အခါမှာ ဖြစ်ပေါ်နေတဲ့ ကုသိုလ်စိတ်စေတနာတွေက သင်္ခါရ။ ထိုသင်္ခါရတရားတွေသည် အနိစ္စတရားဖြစ်ခြင်းကြောင့် ဖြစ်ပြီးတာနဲ့ ပျက်သွား တယ်။ ပျက်သွားပေမယ့်လို့ ဒီရုပ်နာမ်အစဉ်မှာ နောင်တစ်ချိန်မှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ဖြင့် တောင့်တထားသည့်အတိုင်း အနာဂတ်ခန္ဓာငါးပါး ဆိုတဲ့ အကျိုးကို ဖြစ်စေနိုင်တဲ့ စွမ်းအင်ကမ္မသတ္တိကလေးကို ရုပ်နာမ်အစဉ်မှာ မြှုပ်နှံပြီးမှသာလျှင် သူက ချုပ်ပျက်သွားတယ်။ အဲဒီ စွမ်းအင်ကမ္မသတ္တိ-ကလေးကိုတော့ ကံလို့ ခေါ်ပါတယ်နော်။

ပေါင်းလိုက်တော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ – အကြောင်း-တရား (၅)ခု ဖြစ်ကြတယ်။ ဒီအကြောင်းတရား (၅)ခု စုံညီပြီးတော့ ကောင်းမှု ကုသိုလ်တစ်ခုကို ပြုတဲ့အခါမှာ ဒီလို အကြောင်းတရား (၅)ခု စုံညီသွားတဲ့ အတွက် ထိုကံက ရင့်ကျက်ခဲ့သော် မိမိတို့ လိုလားတောင့်တနေတဲ့ လူ့ဘဝ,

မိမိတို့ လိုလားတောင့်တနေတဲ့ နတ်ဘဝ, မိမိတို့ လိုလားတောင့်တနေတဲ့ ဗြဟ္မာဘဝကို ဒီကံက ရောက်အောင် ပို့ပေးမယ်။ သို့သော် ဗြဟ္မာ့ပြည်ကို- တော့ ဒီဒါနက တိုက်ရိုက် မပို့နိုင်ဘူးနော်။ ဒါနကောင်းမှုကုသိုလ်ပြုပြီးတဲ့ အချိန်အခါမှာ စိတ်ထားတွေကို နူးညံ့ပျော့ပျောင်းလာလို့ရှိရင် ဗြဟ္မာ့ပြည် ရောက်ကြောင်းဖြစ်တဲ့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာလို့ ခေါ်ဆိုအပ်တဲ့ ဗြဟ္မစိုရ်တရား အစရှိတဲ့ ဈာန်ရနိုင်တဲ့ ဘာဝနာတွေကို တစ်ဆင့်တက်ပြီး ဈာန်ရအောင် ကြိုးစားအားထုတ်ရတယ်နော်။ အဲဒီလို ကြိုးစားအားထုတ်ခဲ့- သော် ထိုဈာန်အားလျော်စွာ ဗြဟ္မာ့ပြည်ကို ရောက်မယ်လို့ ဆိုလိုပါတယ်။ (အံ၊၂၊၃၊၂၃၀။) သို့သော် ဒီဗြဟ္မာ့ပြည်ကိုရောက်တဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဗြဟ္မာ့- ပြည်ကို လိုလားတောင့်တနေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေ ခြံရံမှု ရှိနေရ- မယ်။

အဲဒီလို အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဆိုတဲ့ အကြောင်းတရား- တွေက စုံညီသွားလို့ရှိရင် မိမိတို့ လိုလားတောင့်တနေတဲ့ လူ, နတ်, ဗြဟ္မာဆိုတဲ့ ဒီဘဝတွေကို ရရှိမှာဖြစ်တော့ အဲဒီ လူ, နတ်, ဗြဟ္မာတွေကို လှမ်းပြီး ကြည့်- လိုက်လို့ရှိရင် အို-နာ-သေရေး ဒုက္ခဘေး ကင်းတဲ့ဘဝ ဟုတ်သလား? မဟုတ်ဘူး။ ဒါကြောင့် ဒီလူ့ဘဝကို တောင့်တမှု, နတ်ဘဝကို တောင့်တမှု, ဗြဟ္မာဘဝကို တောင့်တမှုကိုတော့ ဘုရားရှင်က **'ဟီနေ ဝိမုတ္တ'** = ယုတ်ညံ့တဲ့ ဘုံဘဝတွေမှာ တောင့်တနေတဲ့ စိတ်ထား၊ **'ဥတ္တရိ အဘာဝိတ'** = အထက်- မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရရန် ပွားများအားထုတ်မှု မရှိတဲ့စိတ်ထား ဆိုပြီးတော့ ဘုရားရှင်က ဒီလို သတ်မှတ်ပြီး ဟောတော်မူပါတယ်။

ဒါပေမယ့်လို့ အဲဒီလို တောင့်တတဲ့ အချိန်အခါမှာ တောင့်တတဲ့အတိုင်း အကုန်လုံး ပြည့်ရောလားလို့ မေးတော့ —

## သီလရှိသူအတွက်သာ

**တဉ္စ ခေါ သီလဝတော ဝဒါမိ နော ဒုဿီလဿ၊** (အံ၊၃၊၇၃။)

**တဉ္စ ခေါ** = ထိုသို့ ပြည့်စုံခြင်းသည်လည်းပဲ။ **သီလဝတော** = သီလရှိတဲ့

ပုဂ္ဂိုလ်အား။ **အဟံ** = ငါဘုရားသည်။ **ဝဒါမိ** = ဟောတော်မူ၏။ **ဒုဿီလဿ** = သီလမရှိတဲ့ပုဂ္ဂိုလ်အား။ **နော ဝဒါမိ** = ဟောတော်မမူ။

သီလရှိတဲ့ပုဂ္ဂိုလ်သာ ဒီတောင့်တမှုတွေ ပြည့်စုံနိုင်တယ်။ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ ရနိုင်တယ်။ ရောက်နိုင်တယ်လို့ ငါဘုရား ဟောပါတယ်။ သီလမရှိတဲ့ပုဂ္ဂိုလ် ရောက်နိုင်တယ်လို့ ဟောသလား? မဟောဘူး။ ဘာဖြစ်လို့လဲ?

**ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။** (အံ၊၃၊၇၁။)

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **သီလဝတော** = သီလရှိတဲ့ပုဂ္ဂိုလ်၏။ **စေတောပဏိဓိ** = စိတ်ရဲ့ တောင့်တချက်ဟူသမျှသည်။ **ဝိသုဒ္ဓတ္တာ** = သီလစင်ကြယ်နေသည့်အတွက်ကြောင့်။ **ဣဇ္ဈတိ** = မချွတ်ကေန် ပြည့်စုံတတ်ပေ၏။

သီလရှိတဲ့ပုဂ္ဂိုလ်ရဲ့ တောင့်တချက် မှန်သမျှသည် မချွတ်ကေန် ပြည့်စုံတတ်တယ်။ ဘာကြောင့်လဲ? သီလစင်ကြယ်နေတဲ့အတွက်ကြောင့် တောင့်တချက်အားလုံး ပြည့်စုံသွားနိုင်တယ်။

ဒီလိုဆိုရင် ဒကာကြီးတွေ ကောင်းမှုကုသိုလ်ပြုတဲ့ အချိန်အခါမှာ သီလကလေးတော့ ဖြူစင်ဖို့ မလိုဘူးလား? လိုအပ်တယ်နော်။ မိမိတို့ဘက်က ရှိရမယ့် အင်္ဂါရပ်ကလေးတွေ ပြည့်စုံရမယ်။ သီလရှိရမယ်၊ လှူဖွယ်ဝတ္ထုတွေက တရားသော နည်းလမ်းဖြင့် ရှာဖွေရတဲ့ ပစ္စည်းဝတ္ထု ဖြစ်ရမယ်၊ ကြည်လင်တဲ့ စိတ်ထားရှိရမယ်၊ ကံ-ကံရဲ့အကျိုးကို ယုံကြည်မှု ရှိရမယ်၊ ဒီလို အင်္ဂါရပ်နှင့် ပြည့်စုံရမယ်။ အဲဒီလို ပြည့်စုံလိုက်တဲ့ ဒါနမျိုးကို **မဟပ္ဖလ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးရှိတဲ့ ဒါန။ ဘယ်လောက်အထိ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သလဲလို့ မေးရင်တော့ ဘုရားရှင်က ဟို**ဝေလာမ**သုတ္တန် (အံ၊၃၊၁၉၅-၁၉၇။) များမှာတော့ သာသနာပ အချိန်အခါကာလမှာ (၇)ရက် (၇)လ (၇)နှစ် ထွန်းတုံးပိတ် လှူနေတဲ့ အလောင်းတော် ဝေလာမပုဏ္ဏားကြီးရဲ့ ဒါနဟာ သာသနာတော်အတွင်းမှာ သောတာပန်ပုဂ္ဂိုလ်တစ်ဦးကို တစ်ကြိမ်တစ်ခါ ဆွမ်းလှူဒါန်း

ရတဲ့ အလှူဒါနလောက် မမြင့်မြတ်ဘူးလို့ ဘုရားရှင်က ဟောထားတော်မူတယ်။

သောတာပန် အပါး (၁၀၀)ကို ဆွမ်းဝအောင် လှူရတာထက် သကဒါဂါမ်ပုဂ္ဂိုလ်တစ်ပါး။ သကဒါဂါမ် အပါး (၁၀၀)ကို ဆွမ်းဝအောင် လှူရတာထက် အနာဂါမ်တစ်ပါး။ အနာဂါမ်ပုဂ္ဂိုလ် အပါး (၁၀၀)ကို ဆွမ်းဝအောင် လှူရတဲ့ အလှူဒါနထက် ရဟန္တာပုဂ္ဂိုလ်တစ်ပါးကို ဆွမ်းဝအောင် လှူရတဲ့ အလှူဒါနက ပိုမြတ်တယ်။ ပိုပြီး အကျိုးကြီးပါတယ်။

ရဟန္တာပုဂ္ဂိုလ် အပါး (၁၀၀)ကို ဆွမ်းဝအောင် လှူရတဲ့ အလှူဒါနထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆွမ်းဝအောင် လှူရတဲ့ အလှူဒါနက ပိုပြီး မြတ်တယ်။ အကျိုးကြီးတယ်။ ပစ္စေကဗုဒ္ဓါ အပါး (၁၀၀)ကို ဆွမ်းဝအောင် လှူရတဲ့ အလှူဒါနထက် သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူအား ဆွမ်းဝအောင် လှူရတဲ့ အလှူက ပိုပြီး အကျိုးကြီးတယ်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို ဆွမ်းဝအောင် တစ်ကြိမ်တစ်ခါ ဆွမ်းလှူဒါန်းရတဲ့ အလှူဒါနထက် ဘုရားအမှူးရှိတဲ့သံဃာကို ဆွမ်းလှူဒါန်းရတဲ့ အကျိုးက ပိုပြီး အကျိုးကြီးတယ်။

## ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုးဟူသည်

အကျိုးကြီးတယ်ဆိုတာက ဘာပြောတာလဲ? လူချမ်းသာ အလိုရှိရင် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ရနိုင်တယ်။ နတ်ချမ်းသာ အလိုရှိခဲ့ရင် ရနိုင်တယ်။ ဗြဟ္မာ့ချမ်းသာ အလိုရှိခဲ့ရင်လည်း စိတ်ထားနူးညံ့လာတဲ့အခါမှာ ဗြဟ္မာ့ပြည်ရောက်ကြောင်း ဈာန်တွေကို ကြိုးစားအားထုတ်နိုင်ခဲ့ရင်လည်း ဗြဟ္မာ့ချမ်းသာကို ရနိုင်တယ်နော်။ အဲဒီလို ရနိုင်တာကို ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုးရှိတယ်လို့ ဒီလို သတ်မှတ်တယ်။ အဲဒီ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုးနဲ့ ပတ်သက်ပြီး နည်းနည်းကလေးတော့ ထပ်ပြောဖို့ လိုလာတယ်နော်။

ဒကာကြီးတွေ လူ့လောကမှာ ကြည့်ပေါ့။ လူ့လောကမှာ လူတစ်ယောက် လာပြီဆိုလို့ရှိရင်တော့ ကျွေးချင်တဲ့, မွေးချင်တဲ့ပုဂ္ဂိုလ်တွေ၊ လှူချင်

တန်းချင်တဲ့ ပုဂ္ဂိုလ်တွေ ပေါများတာနဲ့ ကျွေးမယ့်လူ မရှိ, မွေးမယ့်လူ မရှိ, လှူမယ့်လူ မရှိ, တန်းမယ့်လူ မရှိတဲ့ပုဂ္ဂိုလ်ဘဝ၊ အဲဒီ နှစ်ခု နှိုင်းယှဉ်ကြည့်-လိုက်ရင် ဘယ်ဒင်းက ပိုကောင်းမလဲ? သံသရာခရီး ကျင်လည်ခိုက်နော်။ ဒီဘဝမှာ နိဗ္ဗာန်ရအောင် အပြတ်ချမယ်။ ရဟန္တာဖြစ်အောင်ကို ကြိုးစားမယ် ဆိုရင်တော့ ဒီဒါနတွေကို အဦးမူပြီးတော့ သိပ်ကြိုးစားနေဖို့ မလိုပါဘူး။ သံသရာခရီးဆိုတာက ရှိဦးမယ်၊ ရဟန္တာဖြစ်အောင်ကလည်း မကြိုးစားနိုင်-သေးဘူးဆိုလို့ရှိရင်တော့ ဒါနရှင်နဲ့ ဒါနရှင် မဟုတ်တဲ့ ပုဂ္ဂိုလ်တွေ သံသရာခရီး ကျင်လည်တဲ့ အချိန်အခါမှာ ကွာဟချက် မရှိနိုင်ဘူးလား? ရှိတယ်။ ပုံစံတစ်ခု ပြောမယ်။

**မဏ္ဍပဒါယိကာထေရီ**အလောင်းဖြစ်တဲ့ အမျိုးကောင်းသမီးဟာ **ကောဏာဂုံ**ဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ ဘုရားရှင်ကို မဏ္ဍပ်တစ်ခု ဆောက်လုပ် လှူဒါန်းပြီးနောက် တိစီဝရိက်သင်္ကန်း (၃)ထည်နှင့် မွန်မြတ်သော ဆွမ်း-ခဲဖွယ်-ဘောဇဉ်တွေကိုလည်း လှူဒါန်းပူဇော်ခဲ့ဖူးတယ်။ ဤကဲ့သို့သော ကောင်းမှုကုသိုလ်ကို ဆည်းပူးခဲ့တဲ့အတွက် ဒီဒါနကနေပြီးတော့ အကျိုးပေး လိုက်တာ သံသရာခရီးတစ်လျှောက် ဘာတွေဖြစ်သလဲ? –

**ယံ ယံ ဇနပဒံ ယာမိ၊ နိဂမေ ရာဇဓာနိယော။**
**သဗ္ဗတ္ထ ပူဇိတော ဟောမိ၊ ပုညကမ္မဿိဒံ ဖလံ။**

(ထေရီအပဒါန်၊၁၈၉။)

ဘယ်ရွာကို သွားမလဲ, ဘယ်မြို့ကို သွားမလဲ? သွားချင်တဲ့ရွာကို, သွား-ချင်တဲ့ မြို့ကို သွား။ အဲဒီနေရာတိုင်းမှာ ပူဇော်မယ့်ပုဂ္ဂိုလ်တွေကိုသာ အမြဲ တွေ့နေရတယ်တဲ့။ “ကြွတော်မူပါ, စားတော်မူပါ, ဒီပစ္စည်းလေးကို အလှူခံ-တော်မူပါ, ဤသင်္ကန်းကို အလှူခံတော်မူပါ, ဤဆွမ်းကို အလှူခံတော်မူပါ, ဤကျောင်းကို အလှူခံတော်မူပါ”လို့ ပင့်ဖိတ်လှူဒါန်းမယ့် ပုဂ္ဂိုလ်တွေက-သာလျှင် နေရာတကာမှာ အမြဲတမ်း ရှိနေတယ်။ ကျွေးမယ့်လူ မရှိတဲ့ဘဝ, မွေးမယ့်လူ မရှိတဲ့ဘဝနဲ့ တိုင်းတာလိုက်ရင်တော့ ထိုဘဝမျိုးကို ကောင်းတယ်-လို့တော့ မပြောနိုင်ဘူးလား? ပြောနိုင်တယ်။ အကောင်းစားကြီးလို့ကော

ပြောမလား? အကောင်းစားကြီးတော့ မပြောနိုင်ဘူး။ အိုနာသေရေး ဒုက္ခ-ဘေးက မကင်းလို့ဘဲနော်။

သို့သော် သံသရာခရီး ကျင်လည်ရတဲ့အခါမှာဆိုလို့ရှိရင်တော့ ဒီဒါန-ဆိုတဲ့ ရွှေအိုးလေး ကပ်ပြီး ပါသွားမယ်ဆိုလို့ရှိရင်တော့ ရောက်လေရာဘဝမှာ ဆင်းရဲမှုဆိုတာ ဖြစ်နိုင်မလား? မဖြစ်နိုင်ဘူး။ တစ်ဖက်ကတော့ ကောင်း-တယ်လို့တော့ ပြောတန်သလောက်တော့ ပြောနိုင်တယ်နော်။ ဒါပေမယ့်လို့ ဘုရားရှင်ကတော့ အကောင်းစားကြီးလို့ မချီးမွမ်းပါဘူး။

## သံဃိကကျောင်းအလှူ

ကဲ - အဲဒီ ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းလှူရတဲ့ အလှူဒါနထက် **အာဂတာနာဂတ**ခေါ်တဲ့ အရပ် (၄)မျက်နှာမှလာတဲ့ သံဃာတော်ကို ရည်-ညွှန်းပြီး သံဃိကကျောင်းကလေးတစ်ကျောင်း ဆောက်လုပ်ပြီး လှူဒါန်းရတဲ့ အလှူဒါနက ပိုပြီး ကြီးကျယ်တယ်။ ထိုသံဃိကကျောင်းသည် လေးတိုင်စင် ကျောင်းကလေး၊ ကျူထရံကာပြီးတော့ ဖက်မိုးထားတဲ့ ကျောင်းကလေး ဖြစ်-ချင်ဖြစ်ပါစေ။ အဲဒီ ကျောင်းလှူရတဲ့ အလှူဒါနက ပိုပြီး အကျိုးကြီးတယ်။

ဘယ်လောက်ထိ အကျိုးကြီးလဲမေးရင် ထိုကျောင်းလှူထားတဲ့ အလှူ-ရှင်သည် ဖြစ်လေရာဘဝမှာ သံသရာခရီး ကျင်လည်ရလို့ အမိဝမ်းတွင်းမှာ ပဋိသန္ဓေ တည်နေရမယ်ဆိုရင် အင်မတန် ကျဉ်းမြောင်းနေတဲ့ အမိဝမ်းတွင်း-သော်လည်း (၁၂)တောင်တိုက်ခန်းအတွင်းမှာ ဝင်ပြီး နေထိုင်ရသလို ကျယ်-ကျယ်ပြန့်ပြန့် ရှိတယ်။ ဒါ ကျောင်းလှူရတဲ့အကျိုး ဘယ်လောက်ကြီးတယ်ဆို-တာကို ဖော်ပြတဲ့ အကြောင်းအရာများစွာထဲက တစ်ခုသော အကျိုးပါ။

ဘုရားရှင်လက်ထက်တော်မှာ ရဟန္တာဖြစ်သွားတဲ့ အရှင်ဘဒ္ဒဇိမထေရ်ကို ကြည့်ပါ။ (ဒီ၊၅၊၃၊၃၉-၄၀။) သူ့ရဲ့ ခမည်းတော်ကတော့ လာမယ့် အရိမေတ္တေယျ မြတ်စွာဘုရား သာသနာတော်မှာ သခ်အမည်ရှိတဲ့ စကြာမင်းကြီးဖြစ်မယ့် ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူတို့သားအဖ နှစ်ဦးဟာ ဘဝတစ်ခုမှာ အရှင်ပစ္စေက-ဗုဒ္ဓါဘုရားတစ်ဆူကို လေးတိုင်စင်ကျောင်းလေး, ကျူထရံကာထားတဲ့ ဖက်မိုး

ကျောင်းကလေးတစ်ကျောင်း ဆောက်လုပ်ပြီး လှူဒါန်းခဲ့ဖူးကြတယ်။

အဲဒီကျောင်းကလေး ဆောက်လုပ်တဲ့အခါမှာ လိုအပ်တဲ့နေရာများမှာ အသုံးပြုတဲ့သစ်က ရေသဖန်းသားများ ဖြစ်ကြပါတယ်။ အရှင်ပစ္စေကဗုဒ္ဓါ ဘုရားရှင်အား ထိုကျောင်းကလေးမှာ သီတင်းသုံးစေတော်မူပြီးနောက် မိမိတို့ စွမ်းအားရှိသလောက် ပစ္စည်းလေးပါးတို့ဖြင့် ဆက်လက်ပြီး ပြုစုလုပ်ကျွေး ကြတယ်၊ လှူဒါန်းပူဇော်ကြတယ်။ ဒီနေ့ အလှူရှင်တွေ လှူဒါန်းပူဇော်တဲ့ ကျောင်းကတော့ ဒီသားအဖလှူတဲ့ ကျောင်းထက်တော့ များစွာ ပိုကောင်းတဲ့ သဘော ရှိပါတယ်။

ယခုလို ကောင်းမှုကုသိုလ်တွေကို ဆည်းပူးစုဆောင်းပြီးနောက် လူ့ဘဝမှ ကွယ်လွန်သွားကြတဲ့အခါ နတ်ပြည်နတ်လောကမှာ သွားပြီး နတ်သားတွေ ဖြစ်ကြတယ်။ အဲဒီသားအဖနှစ်ယောက်တို့အနက် ဖခင်ဖြစ်တဲ့ နတ်သား-ကတော့ နတ်ပြည်နတ်လောကမှာပဲ ဆက်လက်ပြီးတော့ တည်ရှိနေပါတယ်။ သားဖြစ်တဲ့ပုဂ္ဂိုလ်ကတော့ နတ်ပြည်နတ်လောကမှ စုတေပြီးနောက် သုရုစိ-မင်းရဲ့ သုမေဓာအမည်ရှိတဲ့ မိဖုရားကြီးရဲ့ ဝမ်းကြာတိုက်မှာ လာရောက်ကာ ပဋိသန္ဓေ ယူပြန်တယ်။ **မဟာပနာဒ** သတို့သားလို့ နာမည်ပေးထားကြတယ်။ နောက်ပိုင်းကာလ အရွယ်ရောက်လာတဲ့အခါမှာ မဟာပနာဒမင်းသားကို ထီးဖြူဆောင်းကာ အဘိသိက်သွန်းလောင်းလျက် မင်းမြှောက်ကြပါတယ်။

အဲဒီလို ရှင်ဘုရင်ဖြစ်သွားတဲ့အခါမှာ မဟာပနာဒမင်းရဲ့ အတိတ်က ပစ္စေကဗုဒ္ဓါဘုရားရှင်အား ဖက်မိုး ကျူထရံကာ တဲကျောင်းကလေး ဆောက်-လုပ်လှူဒါန်းခဲ့ရတဲ့ကုသိုလ် ပစ္စေကဗုဒ္ဓါဘုရားရှင်အား ပစ္စည်းလေးပါးတို့ဖြင့် စွမ်းအားရှိသလောက် လှူဒါန်းပူဇော်ခဲ့ရသည့် ကောင်းမှုကုသိုလ်၊ ဒီကုသိုလ် တွေရဲ့ စွမ်းအားရှိန်စော် အာနုဘော်ကြောင့် သိကြားမင်းကြီးက ကြည့်မနေနိုင် ဖြစ်လာပြီ။ လက်ပိုက်ကာ ကြည့်မနေနိုင်တဲ့အတွက် ဝိသကြုံနတ်သားကို **မဟာပနာဒ**မင်းအတွက် နန်းတော်ကြီးတစ်ခုကို တည်ဆောက် ဖန်ဆင်းပေး-ရန် အမိန့်တော်မြတ် သတ်မှတ်ပေးလိုက်ပါတယ်။ လူမင်း ဘုန်းကြီးက နတ်-မင်းမနေသာတဲ့ ထုံးဟောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီနန်းတော်ကြီးကတော့

ရတနာ (၇)ပါးတို့ဖြင့် တည်ဆောက်ထားတဲ့ အထပ်ပေါင်း ရာနှင့်ချီရှိတဲ့ အလွန်မြင့်မားတဲ့ ပြာသာဒ်ကြီးတစ်ခု ဖြစ်ပါတယ်။ ယူဇနာနှင့်ချီပြီး အလွန်ကျယ်ဝန်းတဲ့ နန်းတော်ကြီး ဖြစ်ပါတယ်။ (ဒီ၊၄၊၁၃၄၀။)

မဟာပနာဒမင်းဟာ အသက်ထက်ဆုံး နန်းစည်းစိမ် ခံစားပြီးနောက် ကွယ်လွန်သွားတဲ့အခါ နတ်ပြည်သို့ ရောက်ရှိသွားပြန်တယ်။ နတ်ရွာစံပြန်တယ်။ မဟာပနာဒမင်းကြီး နတ်ရွာစံသွားပြီးနောက် မကြာမီအချိန်ကာလအတွင်းမှာပဲ ဒီနန်းတော်ကြီးဟာ ဂင်္ဂါမြစ်ထဲ မျောသွားပါတယ်။ နောက်ပိုင်း ဂင်္ဂါမြစ်ထဲသို့ မြုပ်သွားပါတယ်။ ဒီနန်းတော်ကြီးရဲ့ ပင်မစောင်းတန်းဦးနှင့် မျက်နှာချင်းဆိုင်အရပ်ကတော့ **ပယာဂဆိပ်ကမ်း**မြို့ကလေး ဖြစ်ပါတယ်။ ပြာသာဒ်အထွတ်နှင့် မျက်နှာချင်းဆိုင်အရပ်ကတော့ **ကောဋိဂါမ**ရွာ ဖြစ်ပါတယ်။ (ဒီ၊၄၊၁၃၄၀။)

နောက်ပိုင်းကာလ ရောက်ရှိလာတဲ့အခါမှာ ဘုန်းကြီးတို့ရဲ့ ဂေါတမဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာတဲ့ အချိန်အခါမှာ ထို သားဖြစ်သူနတ်သားက နတ်ပြည်မှ စုတေပြီးနောက် လူ့လောကမှာ **ဘဒ္ဒဇိ**အမည်ရှိတဲ့ သူဌေးတစ်ဦး လာဖြစ်ပါတယ်။ နောက်ပိုင်းကာလမှာ ဘုရားရှင်၏ ထံတော်မှောက်မှာပဲ ရှင်ရဟန်းပြုကာ သီလ-သမာဓိ-ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို ဖြည့်ကျင့်တော်မူသည့်အတွက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော်မူခဲ့ပါတယ်။ (ဒီ၊၄၊၁၃၄၀။)

တစ်ချိန်မှာ ဘုရားရှင်နှင့် အတူတကွ ရဟန်းသံဃာတော်များ ဂင်္ဂါမြစ်ကို လှေဖြင့် ဖြတ်ကူးတော်မူသည့်အခါ **ဘဒ္ဒဇိ**မထေရ်လည်း ပါဝင်ခဲ့ပါတယ်။ ဘုရားရှင်ရဲ့ တိုက်တွန်းတော်မူချက်အရ အရှင်ဘဒ္ဒဇိမထေရ်က မိမိ **မဟာပနာဒ**မင်းဖြစ်စဉ်က သိကြားမင်းကြီးရဲ့ အမိန့်အရ ဝိသကြုံနတ်သား ဖန်ဆင်းပေးခဲ့တဲ့ ရတနာ (၇)ပါးတို့ဖြင့် ပြီးစီးနေတဲ့ ရွှေနန်းတော်ကြီးကို လှေဖြင့် တစ်ဖက်ကမ်းသို့ ကူးခတ်နေစဉ် ရဟန်းသံဃာတော်အား မိမိရဲ့ တန်ခိုးဖြင့် ထင်ရှားပြတော်မူခဲ့ဖူးပါတယ်။

ဘာကြောင့် ဒီနန်းတော်ကြီးက ဂင်္ဂါမြစ်ထဲမှာ ထင်ရှားရှိနေရပါသလဲ-လို့တော့ မေးစရာရှိတယ်။

**ကဿ္မာ ပနေသ ပါသာဒေါ န အန္တရဟိတောတိ? ဣတရဿ အာနု-ဘာဝါ။** (ဒီ၊ဋ္ဌ၊၃၊၄၀။)

ဘာကြောင့် ဒီနန်းတော်ကြီးဟာ မကွယ်ပျောက်ဘဲ တည်ရှိနေရပါသလဲ ဆိုရင် ဖခင်ဖြစ်သူရဲ့ ကောင်းမှုကုသိုလ်ဘုန်းကံကြောင့် မပျောက်ပျက်သေးဘဲ တည်ရှိနေခြင်း ဖြစ်တယ်။

အဲဒီ သားဖြစ်သူ ဘဒ္ဒဇိမထေရ်နှင့် တစ်ချိန်က ကောင်းမှုကုသိုလ် အတူပြုခဲ့တဲ့ ဖခင်ဖြစ်ခဲ့ဖူးသူ နတ်သားမှာ နတ်ပြည်နတ်လောကမှာ နတ်သား အဖြစ်နှင့် တည်ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ထိုနတ်သားမှာ နောင်အနာဂတ် ကာလဝယ် **အရိမေတ္တေယျဗုဒ္ဓမြတ်စွာ** ပွင့်ထွန်းပေါ်ပေါက်တော်မူလာလတ္တံ့-သော အချိန်အခါကာလမှာ **သင်္ခ**အမည်ရှိသော စကြာရတနာပိုင်ရှင် ရှင်ဘုရင်ကြီးတစ်ဦး ဖြစ်လိမ့်မယ်။ အဲဒီအခါမှာ ထိုရှင်ဘုရင် အသုံးပြုဖို့ရန် အတွက် ထို နန်းတော်ပြာသာဒ်ကြီးသည် ဂင်္ဂါမြစ်အတွင်းမှ ကြည်းကုန်းထက်-သို့ ပေါ်တက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနန်းတော်ပြာသာဒ်ကြီးက မကွယ်ပျောက်သေးခြင်းပဲ ဖြစ်ပါတယ်။ (ဒီ၊၃၊၆၂။ ဒီ၊ဋ္ဌ၊၃၊၄၀။)

သို့သော် ဒီသင်္ခစကြာမင်းကြီးဟာ ဒီနန်းတော်ကြီးကို ကြာရှည်စွာ အသုံး ပြုပြီးတော့ ထီးနန်းကို စိုးစံနေမှာတော့ မဟုတ်ပါဘူး။ ဒီနန်းတော်ကြီးမှာ ရှင်ဘုရင်အဖြစ်နှင့် ထီးဖြူတော်ကို ဆောင်းပြီးနောက် မကြာမီကာလအတွင်း-မှာပဲ ဒီရတနာ (၇)ပါးတို့ဖြင့် ပြီးတဲ့ ရွှေနန်းတော်ကြီးကို ထုခွဲကာ သမဏ, ဗြာဟ္မဏ, အထီးကျန်လူမွဲ, ဖုန်းတောင်းယာစကာတို့အား လှူဒါန်းပြီးနောက် **အရိမေတ္တေယျ**ဘုရားရှင်၏ မျက်မှောက်တော်ဝယ် ဆံမုတ်ဆိတ်တို့ကို ရိတ်-ဖြတ်ပြီးနောက် ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းတို့ကို ဝတ်ရုံဆင်မြန်းကာ အိမ်ရာတည်ထောင်သည့် လူ့ဘောင်ကို စွန့်ခွာလျက် အိမ်ရာမထောင်သည့် ရဟန်းဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုပေလိမ့်မယ်။ ရှင်ရဟန်းပြုပြီး-

တော့ ဘာတွေလုပ်မလဲ? ဒီလို ရှင်ရဟန်းပြုပြီးနောက် အဖော်မမှီး တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက် သမထ-ဝိပဿနာ အစဖြာသည့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ ကုသိုလ်တရားတွေမှာ မမေ့မလျော့ခြင်း အပ္ပမာဒတရား လက်ကိုင်ထားပြီးတော့ နေလိမ့်မယ်။ ကိလေသာတွေကို ပူပန်စေတတ် လောင်ကျွမ်းစေတတ်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယ ခြံရံပြီးတော့ သမထ-ဝိပဿနာဘာဝနာတွေကို အပြင်းအထန် ကြိုးစားအားထုတ်လိမ့်မယ်။ ဒီလိုအားထုတ်တဲ့အပိုင်းမှာလည်း မိမိရဲ့ စိတ်ကို နိဗ္ဗာန်ဘက်သို့ အမြဲတမ်း စေလွှတ်ထားပြီး, တစ်နည်းပြောရရင်တော့ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းအာရုံပေါ်သို့ စိတ်ကို အမြဲတမ်း စေလွှတ်ထားပြီး အားထုတ်လိမ့်မယ်။ ဒီလိုစေလွှတ်ပြီးတော့ သာသနာတော်မှာ နေထိုင်လိုက်တာ မကြာမီအချိန်ကာလအတွင်းမှာပဲ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားမှာ ဖြစ်ပါလိမ့်မယ်။ (ဒီ၊၃၊၆၄။)

## စိတ်ဓာတ်၏ စွမ်းအား

ဒီကြီးကျယ်ခမ်းနားလှတဲ့ မြင့်မားလှတဲ့ ရတနာ (၇)ပါးတို့ဖြင့် စီခြယ်ထားတဲ့ ဒီရွှေနန်းတော်ကြီးကို ဒီသခ်စကြာမင်းကြီးက ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ထုခွဲပြီးတော့ အလှူအသီးအသီးမှာ တည်ရှိတဲ့ အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းမှာလဲလို့တော့ မေးစရာရှိတယ်။

**ဧဝံ ကိရဿ စိတ္တံ ဥပ္ပဇ္ဇိဿတိ “အယံ ပါသာဒေါ ဝိပ္ပကိရိယတူ”တိ။ သော ခဏ္ဍခဏ္ဍသော ဝိပ္ပကိရိဿတိ။** (ဒီ၊ဋ္ဌ၊၃၊၄၁။)

သခ်စကြာမင်းကြီးရဲ့ သန္တာန်မှာ – “ဤနန်းပြာသာဒ်ကြီးသည် အစိတ်စိတ် အမြွှာမြွှာ ကွဲပြိုပါစေသတည်း”ဆိုတဲ့ စိတ်ထား ဖြစ်ပေါ်လာပေလိမ့်မယ်။ ဒီလို စိတ်ဓာတ်ရဲ့ စွမ်းအားကြောင့် ဒီနန်းတော်ကြီးဟာ အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲသွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ အလှူအသီးအသီးမှာ တည်ရှိနေတဲ့ အလှူခံပုဂ္ဂိုလ် များထိုထိုတို့အား အလိုရှိသလို ပေးလှူပြီးနောက် ရှင်ရဟန်း ပြုမှာ ဖြစ်ပါတယ်။ ဒီအလှူခံပုဂ္ဂိုလ်တွေထဲမှာ သမဏအမည်ရတဲ့ သူတော်-

ကောင်း ရဟန်းတော်တွေလည်း ပါဝင်ကြပါတယ်။ အထူးသဖြင့် အရိမေတ္တေယျဘုရားရှင်၏ သာသနာတော်မှာ များစွာ စွန့်လွှတ်လှူဒါန်းမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖက်မိုး ကျူထရံကာကျောင်းကလေးကို လှူရလို့ စိတ်ထဲမှာ သိပ်ဝမ်းနည်းနေဖို့ မလိုပါဘူး။ အလှူခံပုဂ္ဂိုလ်ဘက်ကလည်း သီလရှိခြင်းစတဲ့ ဂုဏ်တွေနှင့် ပြည့်စုံလို့ အလှူပေးတဲ့ပုဂ္ဂိုလ်ဘက်က ရှိသင့်တဲ့ သီလရှိခြင်းစတဲ့ အင်္ဂါရပ်တွေနှင့် ပြည့်စုံမယ်ဆိုရင် အကျိုးတရားတွေဟာ များစွာ ပွင့်လန်းနေမှာ ဖြစ်တယ်။

ဒီလို စကြာမင်းကြီးရဲ့ ရွှေနန်းစည်းစိမ်နဲ့ သူတို့သားအဖတွေ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်အား စွန့်လွှတ်လှူဒါန်းပူဇော်ခဲ့တဲ့ ဖက်မိုးထားတဲ့ ကျူထရံကာထားတဲ့ ကျောင်းကလေးနဲ့ တိုင်းတာနှိုင်းစာကြည့်လိုက်မယ်ဆိုရင်တော့ မျှတပါ့မလား? မမျှတဘူးနော်။ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုးပေးပုံကို သဘောပေါက်စေချင်လို့ ဒီဝတ္ထုဇာတ်ကြောင်းကို ပြောနေခြင်းပဲ ဖြစ်ပါတယ်။ သို့သော် ဒီအကျိုးတရားတွေဟာ အကောင်းစားကြီးလားလို့ မေးရင်တော့ အကောင်းစားကြီးတော့ မဟုတ်သေးဘူး။ ဘာကြောင့်လဲ? အို-နာ-သေရေး ဒုက္ခဘေးတွေမှ မလွတ်မြောက်သေးသောကြောင့်ပဲ ဖြစ်ပါတယ်။

သို့သော် သူတို့သားအဖတွေဟာ ဖက်မိုးထားတဲ့ ကျူထရံကာ တဲကျောင်းကလေးကို အရှင်ပစ္စေကဗုဒ္ဓါဘုရားရှင်အား ဆောက်လုပ်လှူဒါန်းပူဇော်တဲ့ အခါမှာ အရှင်ပစ္စေကဗုဒ္ဓါဘုရားရှင်တို့ကဲ့သို့ သံသရာဝဋ်မှ ထွက်မြောက်လိုတဲ့ ဦးတည်ချက်လည်း ရှိခဲ့ပုံတော့ ပေါ်ပါတယ်။ ဒါကြောင့် သားဖြစ်သူက ဘုန်းကြီးတို့ရဲ့ ဂေါတမဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာပဲ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါတယ်။ ဖခင်ဖြစ်သူကလည်း အရိမေတ္တေယျဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်က စက္ကဝတ္တိသုတ္တန်မှာ ဖခင်ဖြစ်သူ သင်္ခစကြာမင်းကြီး ရဟန္တာဖြစ်သွားမှုကို အကြောင်းပြုကာ ရဟန်းတော်တို့ကို အောက်ပါအတိုင်း တိုက်တွန်း ဆုံးမထားတော်မူခဲ့ပါတယ်။ —

**အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ၊ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။** (ဒီ၊၃၊၆၄။)

= ရဟန်းတို့ . . . မိမိလျှင် ကိုးကွယ်အားထားရာ ရှိသည်ဖြစ်၍ သာသနာတော်မှာ နေထိုင်ကြပါ။ မိမိလျှင် ပုန်းအောင်းလဲလျောင်းရာ ရှိသည်ဖြစ်၍ သာသနာတော်မှာ နေထိုင်ကြပါ။ သူတစ်ပါးတို့အား ကိုးစားယုံကြည်မှု မပြုဘဲ မမှီခိုဘဲ သာသနာတော်မှာ နေထိုင်ကြပါ။

ဓမ္မကိုသာလျှင် ကိုးကွယ်အားထားရာ ရှိသည်ဖြစ်၍, ဓမ္မလျှင် ပုန်းအောင်းလဲလျောင်းရာ ရှိသည်ဖြစ်၍, ဓမ္မမှတစ်ပါး အခြားမှီခိုအားထားရာ မရှိသည်ဖြစ်၍ သာသနာတော်မှာ နေထိုင်ကြပါ စသည်ဖြင့် တိုက်တွန်းထားတော်မူပါတယ်။ (ဒီ၊၃၊၆၄။)

အို-နာ-သေရေး ဒုက္ခဘေး အဝဝတို့မှ လွတ်မြောက်ရေးအတွက် ဓမ္မကိုသာ မှီခိုအားထားရမှာ ဖြစ်တယ်။ ဒီနေရာမှာ — အတ္တ = မိမိဆိုတာက ဘာလဲ? ဓမ္မဆိုတာက ဘာလဲလို့ မေးစရာ ရှိပါတယ်။

**ကော ပနေတ္ထ အတ္တာ နာမ၊ လောကိယလောကုတ္တရော ဓမ္မော။ တေနာဟ – "ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ"တိ။** (ဒီ၊ဋ္ဌ၊၃၊၃၀။)

ဒီနေရာမှာ **အတ္တ** = **မိမိ** – ဆိုတာက **ဓမ္မ**ကိုသာ ဆိုလိုရင်း ဖြစ်ပါတယ်။ အဓိပ္ပာယ်အယူအဆ လွဲမှားသွားမှာစိုးလို့ ဘုရားရှင်က **အတ္တဒီပါ**စသည်ဖြင့် ဟောတော်မူပြီးနောက် **ဓမ္မဒီပါ**စသည်ဖြင့် ဆက်လက် ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။ ဒီလိုဆိုလျှင် **ဓမ္မ**ဆိုတာက ဘာလဲလို့ မေးစရာ ရှိပါတယ်။ အဋ္ဌကထာက — စက္ကဝတ္တိသုတ္တန်ပါဠိတော် (၆၄) စသည်၌ ဘုရားရှင် ဟောကြားထားတော်မူတဲ့ သတိပဋ္ဌာန်လေးပါး အစဉ်ပွားလျက် နေထိုင်ပုံနည်းစနစ်ကို ဓမ္မလျှင် ကိုးကွယ်အားထားရာ ရှိသည်ဖြစ်၍ နေထိုင်သည်မည်ကြောင်း အဆိုအမိန့်အတိုင်း — လောကိယဓမ္မနှင့် လောကုတ္တရဓမ္မတွေကို ဓမ္မလို့ ခေါ်ဆိုပါတယ်လို့ ဖွင့်ဆိုထားပါတယ်။

တစ်နည်းပြောရရင်တော့ သတိပဋ္ဌာန်လေးပါးစတဲ့ ဗောဓိပက္ခိယတရားတွေကို ဆိုလိုပါတယ်။ အဲဒီ ဗောဓိပက္ခိယတရားတွေကို အဆီညှစ်ထုတ်ယူလိုက်တဲ့အခါ ဓမ္မဆိုတာ မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားတွေပဲ ဖြစ်ကြပါတယ်။ လောကီမဂ္ဂင်တရား, လောကုတ္တရာမဂ္ဂင်တရားတွေဟာ **ဓမ္မ**တွေ ဖြစ်ကြပါတယ်။

ဒီမဂ္ဂင် (၈)ပါးကို အကျဉ်းထပ်ချုပ်လိုက်တော့ —

၁။ သမ္မာဝါစာ = မှန်တဲ့စကားကို ပြောဆိုခြင်း၊
၂။ သမ္မာကမ္မန္တ = မှန်တဲ့အလုပ်ကို ပြုလုပ်ခြင်း၊
၃။ သမ္မာအာဇီဝ = မှန်တဲ့အသက်မွေးမှုရှိခြင်း၊

ဒီမဂ္ဂင်သုံးမျိုးတို့က သီလမဂ္ဂင်တွေ ဖြစ်ကြပါတယ်။ ဒီတော့ သီလဆိုတဲ့ ဓမ္မကို မှီခိုအားထားပြီးတော့ သာသနာတော်မှာ နေထိုင်ကြပါလို့ ဆိုလိုပါတယ်။

၄။ သမ္မာဝါယာမ = မှန်တဲ့အားထုတ်ခြင်း၊
၅။ သမ္မာသတိ = မှန်တဲ့အမှတ်ရခြင်း၊
၆။ သမ္မာသမာဓိ = မှန်တဲ့သမာဓိ၊

ဒီမဂ္ဂင် (၃)ပါးကတော့ သမာဓိမဂ္ဂင် (၃)ပါးပဲ ဖြစ်ကြပါတယ်။ ဥပစာရသမာဓိနှင့်တကွ သမာပတ် (၈)ပါးတို့ ဖြစ်ကြပါတယ်။ ဒီသမာဓိမဂ္ဂင်ဆိုတဲ့ ဈာန်သမာပတ် ဈာန်သမာဓိတွေကိုလည်း ပွားများပြီးတော့ ဒီသာသနာတော်မှာ နေထိုင်ကြပါလို့ ဆိုလိုပါတယ်။

၇။ သမ္မာဒိဋ္ဌိ = သစ္စာလေးပါးကို သိတဲ့ဉာဏ်။
၈။ သမ္မာသင်္ကပ္ပ = သစ္စာလေးပါးအာရုံစသည်ပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော —

ဒီမဂ္ဂင် (၂)ပါးကတော့ ပညာမဂ္ဂင်နှစ်ပါး ဖြစ်ကြပါတယ်။ သင်ရဟန်းတို့ တစ်တွေဟာ ဒီသာသနာတော်မှာ သီလကို ဖြူစင်အောင် ဆေးကြော သုတ်-

သင်ပြီးနောက် ဥပစာရ အပ္ပနာ နှစ်ဖြာသော သမာဓိတို့တွင် တစ်မျိုးမျိုးသော သမာဓိတို့ကို ဝိပဿနာ၏ အခြေပါဒကအဖြစ် ထူထောင်လျက် သစ္စာ-လေးပါးကို သိအောင် ကြိုးစားအားထုတ်ပြီး နေထိုင်ကြပါလို့ ဘုရားရှင်က ဆက်လက် တိုက်တွန်းထားတော်မူပါတယ်။

ဒီလို သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိရှိရေးအတွက် ကာယ - ဝေဒနာ - စိတ္တ - ဓမ္မ အမည်ရတဲ့ သတိပဋ္ဌာန်တရား (၄)ပါးတို့ကို အစဉ်-အတိုင်း အရပဟတ္တဖိုလ်ပေါက် ပွားများအားထုတ်ပြီး နေထိုင်ရန် ဘုရားရှင်က စက္ကဝတ္တိသုတ္တန် (ဒီ၊၃၊၆၄။)မှာ ဆက်လက် တိုက်တွန်းထားတော်မူပါတယ်။

ဘုန်းကြီးကလည်း အလားတူပဲ ဓမ္မကိုသာ မှီခိုအားထားပြီး နေထိုင်-ကြရန် ကျောင်းဒါယကာ ဒါယိကာမ, ဆွမ်းဒါယကာ ဒါယိကာမတွေကို ထပ်မံ တိုက်တွန်းအပ်ပါတယ်။

ယခုလို ဒါနကြောင့် ရရှိလာတဲ့ စကြဝတေးမင်း စည်းစိမ်ပင် ဖြစ်ပေမယ့်-လို့ အို-နာ-သေရေး ဒုက္ခဘေးမှ မကင်းသေးတဲ့အတွက် **ဝေလာမ**သုတ္တန်မှာ ဘုရားရှင်က ဘယ်လို ဆက်ပြီး ဟောတော်မူသလဲ?

## အဆင့်ဆင့် အကျိုးကြီးပုံ

အို-နာ-သေရေး ဒုက္ခဘေးမှ မကင်းတဲ့အတွက် မြတ်စွာဘုရားက ဒီဒါန-ထက်ကို သရဏဂုံ ဆောက်တည်တဲ့ သရဏဂုံကုသိုလ်က ပိုပြီး အကျိုးကြီး-တယ်လို့ ဟောတော်မူပြန်တယ်။ စာတုဒ္ဒိသာကျောင်းတစ်ကျောင်း ဆောက်-လုပ် လှူဒါန်းတဲ့ဒါနထက် ဘာဖြစ်လို့ သရဏဂုံက အကျိုးကြီးရသလဲလို့မေး-တော့ သရဏဂုံ ဆောက်တည်တယ်ဆိုတာက ဘုရား, တရား, သံဃာခေါ်တဲ့ ရတနာ (၃)ပါးကို မိမိတို့ရဲ့ ကိုယ်အသက်ကို ငဲ့ကွက်ခြင်း မရှိဘဲ စွန့်လွှတ် လှူဒါန်းတဲ့လုပ်ငန်း။ ပြင်ပပစ္စည်းဝတ္ထုကို လှူဒါန်းတဲ့ လုပ်ငန်းနှင့် အသက်ကို လှူဒါန်းတဲ့လုပ်ငန်း၊ ဒီနှစ်ခု တိုင်းတာနှိုင်းစာလိုက်ရင် အသက်ကို လှူဒါန်း-တဲ့လုပ်ငန်းက ပိုပြီး အကျိုးမကြီးနိုင်ဘူးလား? အကျိုးကြီးတယ်။

သို့သော် အဲဒီ သရဏဂုံ ဆောက်တည်ကျင့်သုံးတဲ့ ကုသိုလ်ထက်ကို (၅)ပါးသီလ ဆောက်တည်ကျင့်သုံးခြင်းက ပိုပြီး အကျိုးကြီးတယ်။ ဒါနကံနှင့် သီလကံ၊ ဒီနှစ်ခု တိုင်းတာလိုက်ရင် သီလက ပိုပြီး စင်ကြယ်ခဲ့သော် ကြီးကျယ် ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ပေးတယ်။ ဘာကြောင့်လဲ? သတ္တဝါအားလုံးကို အဘယဒါနခေါ်တဲ့ ဘေးမဲ့အလှူဒါနကြီး ပေးလှူနေသောကြောင့် ဖြစ်တယ်။ အဲဒီ ဒါန, သီလထက်ကို အဆင့်မြင့်တဲ့ကောင်းမှု မရှိတော့ဘူးလားမေးတော့မှ ဘုရားရှင်က ဆက်ပြီးတော့ ဒီဒါန, (၅)ပါးသီလထက်ကို ပိုပြီး အကျိုးကြီးတာ-ကတော့ မနက်မှာ နွားနို့တစ်ညှစ်ခန့်, နေ့လယ်မှာ နွားနို့တစ်ညှစ်ခန့်, ညနေမှာ နွားနို့တစ်ညှစ်ခန့်လောက် မေတ္တာစျာန်တွေ ဝင်စားခဲ့မယ်ဆိုရင်တော့ ထို-မေတ္တာစျာန်ဝင်စားနေတဲ့ကုသိုလ်က ပိုပြီး အကျိုးကြီးတယ်လို့ **ဝေလာမ-**သုတ္တန်များမှာ ဟောထားတော်မူပါတယ်နော်။ ဘာဖြစ်လို့လဲ?

ခုနက ဒါနကြောင့်, သီလကြောင့် ရောက်နိုင်တဲ့ ဘုံဘဝကို တိုင်းတာ-ကြည့်လိုက်ရင် လူ့ချမ်းသာနဲ့ နတ်ချမ်းသာပဲ ရှိတယ်။ မေတ္တာစျာန်ဝင်စားလို့ ဒီမေတ္တာစျာန်တွေ မလျောကျဘဲနဲ့ ဘဝကို အဆုံးသတ်ခဲ့ရင် ထိုမေတ္တာ-စျာန်ကြောင့် ရနိုင်တဲ့ဘဝက ဗြဟ္မာ့ချမ်းသာ ဖြစ်တယ်။ လူ့ချမ်းသာ, နတ်-ချမ်းသာနဲ့ ဗြဟ္မာ့ချမ်းသာ တိုင်းတာလိုက်ရင်တော့ နှိုင်းစာလို့ ရနိုင်ပါ့မလား? မရနိုင်ဘူး။ သက်တမ်းအားဖြင့်လည်း နှိုင်းစာလို့ မရဘူး။ ချမ်းသာစည်း-စိမ်အားဖြင့်လည်း နှိုင်းစာလို့ မရတဲ့အတွက် ဗြဟ္မာ့ချမ်းသာကတော့ ပိုပြီး ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးရှိတယ်၊ ကြီးကျယ်တယ်နော်။

သို့သော် ဒီထက်ကောင်းတဲ့ ကြီးကျယ်တဲ့ အကျိုးရှိတဲ့ ကုသိုလ် မရှိ-တော့ဘူးလားလို့မေးတော့ - အဲဒီ အချိန်အခါမှာ မြတ်စွာဘုရားက နောက်ဆုံး ဆက်ဟောတာကတော့ –

**ယော စ အစ္ဆရာသံဃာတမတ္တမ္ပိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရန္တိ၊** (အံ၊၃၊၁၉၇။)

ထိုမေတ္တာစျာန်ကို ပွားများသည်ထက် အနိစ္စသညာဆိုတဲ့ ဝိပဿနာ-ဘာဝနာကမ္မဋ္ဌာန်းကို လက်ဖျစ်တစ်တွက်ခန့်လောက် ပွားများခဲ့မယ်ဆိုရင်

ထိုဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ပွားများနေတဲ့ ကုသိုလ်က ပိုပြီး ကြီးကျယ်ဖွံ့-ဖြိုး များမြတ်တဲ့အကျိုးရှိတယ်လို့ ဟောကြားတော်မူပါတယ်။

သို့သော် ဒီနေရာမှာ ဆိုလိုတဲ့ အနိစ္စသညာကတော့ ဘယ်လို သညာမျိုး-လဲ?

**အနိစ္စသညန္တိ မဂ္ဂဿ အနန္တရပစ္စယဘာဝေန သိခါပတ္တဗလဝဝိပဿနံ။**
(အံ၊ဋ္ဌ၊၃၊၂၇၂။)

ဒီနေရာမှာ **အနိစ္စသညာ**ဆိုတာက အရိယမဂ်ဉာဏ်ကို မိမိ အနိစ္စသညာဆိုတဲ့ ဝိပဿနာနောင် ဖြစ်ပေါ်နိုင်လောက်အောင် အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်တဲ့ စွမ်းအင်အပြည့်အဝရှိနေတဲ့ အထွတ်အထိပ်သို့ ရောက်-နေတဲ့ အားကောင်းမောင်းသန်တဲ့ ဝိပဿနာဉာဏ်ကိုသာ ဆိုလိုရင်း ဖြစ်ပါ-တယ်။ ဖြစ်ခါစ ဝိပဿနာမျိုးကိုတော့ မဆိုလိုပါဘူး။ ဒီဝေလာမသုတ္တန်အရ ပြန်ပြီး အကျဉ်းချုပ် ပြောမယ်ဆိုရင် –

၁။ ဒါနအမျိုးမျိုးထက် သရဏဂုံဆောက်တည် ကျင့်သုံးခြင်းက ပိုပြီး အကျိုး-ကြီးတယ်။ သို့သော် ဒီနေရာမှာ –

**သရဏံ ဂစ္ဆေယျာတိ ဧတ္ထ မဂ္ဂေနာဂတံ အနိဝတ္တနသရဏံ အဓိပ္ပေတံ။ အပရေ ပနာဟု – အတ္တာနံ နိယျာဒေတွာ ဒိန္နတ္တာ သရဏာဂမနံ တတော မဟပ္ဖလတရန္တိ ဝုတ္တံ။** (အံ၊ဋ္ဌ၊၃၊၂၇၂။)

သရဏဂုံ ဆောက်တည်ကျင့်သုံးတယ်ဆိုတာက အရိယမဂ်ဉာဏ်-ကြောင့် ဖြစ်ပေါ်လာတဲ့, ပုထုဇန်ဘဝသို့ နောက်ကြောင်းတစ်ဖန် ပြန်လည်ဆုတ်နစ်ခြင်းသဘောမရှိတဲ့ လောကုတ္တရာသရဏဂုံတည်ခြင်းကို ဆိုလိုရင်း ဖြစ်ပါတယ်လို့ ပထမတစ်နည်း ဖွင့်ဆိုထားတော်မူတယ်။

သို့သော် အပရေဆရာတို့ကတော့ မိမိကိုယ်ကို ရတနာသုံးပါးတို့အား အပ်နှင်းလှူဒါန်းကာ အသက်ကိုပင် စွန့်လွှတ်လှူဒါန်းတဲ့အတွက်ကြောင့် သရဏဂုံ ဆောက်တည်ကျင့်သုံးခြင်းက ထိုဒါနအမျိုးမျိုးထက် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုးရှိတယ်လို့ ဆိုကြပြန်တယ်လို့ အဋ္ဌကထာက ဝါဒကွဲတစ်ခု-

ကိုလည်း ထပ်မံ ဖွင့်ဆိုထားပါတယ်။

၂။ သရဏဂုံ ဆောက်တည်ကျင့်သုံးခြင်းထက် ငါးပါးသီလ ဆောက်တည်ကျင့်သုံးခြင်းက ပိုပြီး အကျိုးကြီးတယ်။ သို့သော် ဒီနေရာမှာလည်း ဆိုလိုတဲ့ ငါးပါးသီလက –

**သီလမ္ပိ မဂ္ဂေန အာဂတံ အနိဝတ္တနသီလမေဝ ကထိတံ။ အပရေ ပနာဟု – သဗ္ဗသတ္တာနံ အဘယဒါနသ္မာ ဒိန္နတ္တာ သီလံ တတော မဟပ္ဖလ-တရန္တိ ဝုတ္တံ။** (အံ၊ဋ္ဌ၊၃၊၂၇၂။)

အရိယမဂ်ကြောင့် ဖြစ်ပေါ်လာတဲ့, ပုထုဇန်သီလဆိုတဲ့ နောက်ကြောင်း-သို့ တစ်ဖန် ပြန်လည် ဆုတ်နစ်ခြင်းသဘောမရှိတဲ့ လောကုတ္တရာသီလကိုသာ ဆိုလိုရင်းဖြစ်ပါတယ်လို့ ပထမတစ်နည်း ဖွင့်ဆိုထားတယ်။

သို့သော် အပရေဆရာတို့ကတော့ သတ္တဝါအားလုံးတို့ကို ဘေးမဲ့အလှူ-ကြီး ပေးလှူနေတဲ့အတွက် သရဏဂုံ ဆောက်တည်ကျင့်သုံးခြင်းထက် ငါးပါး-သီလကို ဆောက်တည်ကျင့်သုံးခြင်းက ပိုပြီး အကျိုးကြီးတယ်လို့လည်း ဆိုကြ-ပြန်တယ်။

၃။ သီလကို ဆောက်တည်ကျင့်သုံးခြင်းထက် မေတ္တာစျာန်ကို ဝင်စားကာ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနေခြင်းက ပိုပြီးတော့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိတယ်။

၄။ မေတ္တာစျာန်ကို ဝင်စားခြင်းထက် အထွတ်အထိပ်သို့ ရောက်အောင် ပွားများထားတဲ့ အနိစ္စသညာစတဲ့ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းက ပိုပြီး အကျိုးကြီးတယ်။ မသေရာ အမြိုက်နိဗ္ဗာန်သို့ ဆိုက်-ရောက်သွားသောကြောင့် မျက်မှောက်ပြုလျက် နေထိုင်နိုင်သောကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ကျောင်းဒကာ ဒကာမတွေလည်း ဒါန, သီလလောက်နဲ့ ရပ်တည်မနေဘဲ သမထ-ဝိပဿနာဘာဝနာတွေကို အောင်အောင်မြင်မြင် ပွားများနိုင်သည့်အဆင့်အထိ ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။

ဘုရားရှင်ကလည်း ခုဟောနေဆဲဖြစ်တဲ့ **ဝစ္ဆဂေါတ္တသုတ္တန်**မှာ ဂါထာ (၉)ဂါထာတို့ဖြင့် ဆက်လက်ပြီး တိုက်တွန်းထားတော်မူပါတယ်။ –

**၁။ “ကဏှာသု သေတာသု၊ ရောဟိဏီသု ဟရီသု ဝါ။**
**ကမ္မာသာသု သရူပါသု၊ ဂေါသု ပါရေဝတာသု ဝါ။**

**၂။ ယာသု ကာသုစိ ဧတာသု၊ ဒန္တော ဇာယတိ ပုင်္ဂဝေါ။**
**ဓောရယှော ဗလသမ္ပန္နော၊ ကလျာဏဇဝနိက္ကမော။**
**တမေဝ ဘာရေ ယုဉ္ဇန္တိ၊ နာဿ ဝဏ္ဏံ ပရိက္ခရေ။** (အံ၊၁၊၁၆၂။)

ဒီဂါထာတွေရဲ့ ဆိုလိုရင်းသဘောတရားကိုပဲ ပြောကြရအောင် –

နွားတွေကို ကြည့်လိုက်မယ်ဆိုရင် အရောင်အဆင်းတွေ တူညီနေကြတဲ့ နွားတွေ ရှိကြတယ်။ နွားနက်တွေလည်း ရှိကြတယ်၊ နွားဖြူတွေလည်း ရှိကြတယ်၊ နွားနီတွေလည်း ရှိကြတယ်၊ နွားပြာစိမ်းတွေလည်း ရှိကြတယ်၊ နွားကျားတွေလည်း ရှိကြတယ်၊ ခိုပြာရောင်နွားတွေလည်း ရှိကြတယ်။ အဲဒီ နွားအုပ်စု အမျိုးမျိုးတွေထဲက ဘယ်နွားအုပ်စုကိုမဆို ကြည့်လိုက်ပါ။ ရှေ့ဆောင် နွားလားဥသဘကြီး တစ်ကောင်ကောင်တော့ ရှိတတ်တယ်။ ဒီရှေ့ဆောင် နွားလားဥသဘကြီးက ယဉ်လည်း ယဉ်ကျေးတယ်၊ ဝန်ကိုလည်း ကောင်းစွာ ဆောင်နိုင်တယ်၊ ခွန်အားနှင့်လည်း ပြည့်စုံတယ်၊ လမ်းခရီးသွားပြီဆိုရင်လည်း ဖြောင့်ဖြောင့်မတ်မတ် လျင်လျင်မြန်မြန် သွက်သွက်လက်လက် သွားတတ်တယ်။ နွားပိုင်ရှင်တွေက များသောအားဖြင့် ဒီလိုနွားလားဥသဘကြီးမျိုးကိုသာ ဝန်ကို အဆောင်ခိုင်းကြတယ်။ ဒီနွားကြီးက ဖြူသလား, နီသလား စသည်ဖြင့် အရောင်အဆင်းကို ဘယ်တော့မှ မစူးစမ်း မဆင်ခြင်ကြဘူး။ အရည်အချင်းကိုသာ စူးစမ်း ဆင်ခြင်ကြတယ်။ – ဒါကတော့ ဥပမာစကားရပ်ပဲ။ ဒီဥပမာကို စံထားပြီး အလှူဒါနပွဲ ကျင်းပတဲ့အခါ အလှူခံပုဂ္ဂိုလ်နှင့်ပတ်သက်လို့ စိတ်ထား တတ်ဖို့ရန် ဘုရားရှင်က ဆက်လက် ဟောကြားတော်မူပြန်တယ်။ ဘယ်လို ဟောတော်မူသလဲ?

**၃။ ဝေမေဝံ မနုဿေသု၊ ယသ္မိံ ကသ္မိဉ္စိ ဇာတိယေ။**
**ခတ္တိယေ ဗြာဟ္မဏေ ဝေဿေ၊ သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။**

**၄။ ယာသု ကာသုစိ ဧတာသု၊ ဒန္တော ဇာယတိ သုဗ္ဗတော။**
**ဓမ္မဋ္ဌော သီလသမ္ပန္နော၊ သစ္စဝါဒီ ဟိရီမနော။**

**၅။ ပဟီနဇာတိမရဏော၊ ဗြဟ္မစရိယဿ ကေဝလီ။**
**ပန္နဘာရော ဝိသံယုတ္တော၊ ကတကိစ္စော အနာသဝေါ။**

**၆။ ပါရဂူ သဗ္ဗဓမ္မာနံ၊ အနုပါဒါယ နိဗ္ဗုတော။**
**တသ္မိံ ယေဝ ဝိရဇေ ခေတ္တေ၊ ဝိပုလာ ဟောတိ ဒက္ခိဏာ။**

(အံ၊၁၊၁၆၂။)

ဒီဥပမာအတိုင်းပဲ – လောကမှာ မင်းမျိုးတွေလည်း ရှိကြတယ်၊ ပုဏ္ဏားမျိုးတွေလည်း ရှိကြတယ်၊ ကုန်သည်မျိုးတွေလည်း ရှိကြတယ်၊ ဒွန်းစဏ္ဍားမျိုးတွေလည်း ရှိကြတယ်၊ ပန်းမှိုက်သွန်မျိုးတွေလည်း ရှိကြတယ်၊ မစင်ဘင်ကြုံးသမားတွေလည်း ရှိကြတယ်။ ဒီလို အမျိုးဇာတ် အမျိုးမျိုးရှိကြတဲ့ လူသားတွေထဲမှာ ဘယ်သူပဲဖြစ်ဖြစ် ဘယ်အမျိုးဇာတ်က လူသားပဲဖြစ်ဖြစ် အဲဒီ လူသားတစ်ဦးကို ကြည့်လိုက်တဲ့အခါ ဒီလူသားဟာ ယဉ်ကျေးတယ်၊ ကိုယ်ကျင့်သီလတွေက ဖြူစင်မြင့်မြတ်တဲ့အတွက် အကျင့်ကောင်းတယ်။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံတယ်၊ ကာယကံတွေက ဖြူစင်ဖြောင့်မတ်တယ်၊ သိမ်မွေ့နူးညံ့တယ်။ ဝစီကံတွေက ဖြူစင်ဖြောင့်မတ်တယ်၊ သိမ်မွေ့နူးညံ့တယ်။ မနောကံတွေကလည်း ဖြူစင်ဖြောင့်မတ်တယ်၊ သိမ်မွေ့ နူးညံ့တယ်။ ဓမ္မခေါ်တဲ့ တရားလမ်းကြောင်းပေါ်မှာ အမြဲတမ်း ရပ်တည်နေတယ်။ အမှန်ကိုသာ အမြဲတမ်း ပြောဆိုလေ့ရှိတယ်၊ မကောင်းမှုအကုသိုလ်တရား ဒုစရိုက်တရားတွေမှ ရှက်တတ် ကြောက်တတ်တယ်။ ရှက်တတ် ကြောက်တတ်တဲ့ စိတ်ထားရှိတယ်။ ဘဝသစ်၌ ပဋိသန္ဓေတည်နေရခြင်းသဘောကို ပယ်ထားပြီး ဖြစ်တယ်၊ လေးပါးသော မဂ်ဉာဏ် လေးပါးသော ဖိုလ်ဉာဏ်ဆိုတဲ့ မွန်မြတ်သော ကျင့်စဉ်အားလုံးကို ပြည့်ပြည့်စုံစုံ ကျင့်သုံးပြီး ဖြစ်တယ်။

သံသရာတစ်လျှောက် သယ်ဆောင်လာခဲ့ရတဲ့ ခန္ဓာဝန်ထုပ် ဝန်ပိုးကြီးကို ချထားပြီး ဖြစ်တယ်။ နောက်ထပ် ဘဝသစ်၌ ပဋိသန္ဓေတည်နေရခြင်းဆိုတဲ့ သဘောတရား ထင်ရှားမရှိတော့တဲ့အတွက် သံသရာဝဋ်ဆင်းရဲ၌ ယှဉ်တွဲမှု ယှဉ်စပ်မှု မရှိတော့ဘူး။ သာသနာတော်မှာ ရှင်ရဟန်းတို့ ပြုသင့် ပြုထိုက်တဲ့ အရိယမဂ်ကို ရရှိရေးဆိုတဲ့ လုပ်ငန်းရပ်တွေကို ပြုလုပ်ပြီးလည်း ဖြစ်တယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ဦးဆောင်နေတဲ့ ကိလေသာ အာသဝေါတရား-တွေမှ လျှောကျကင်းကွာပြီး ဖြစ်တယ်။

အရိယသစ္စာလေးရပ် တရားမြတ်ကို ဦးတည်ထားတဲ့ တရားအလုံးစုံကို ကျွမ်းကျင်တော်မူပြီးလည်း ဖြစ်တယ်။ နိဗ္ဗာန်ဆိုတဲ့ ထိုမှာဘက်ကမ်းသို့ ဆိုက်-ရောက်သည့်တိုင်အောင် တရားအားလုံးတို့ရဲ့ ကမ်းတစ်ဖက်သို့ ဆိုက်ရောက်-ပြီးလည်း ဖြစ်တယ်။ တစ်စုံတစ်ခုသော တရား, တစ်စုံတစ်ခုသော အာရုံ, တစ်စုံတစ်ခုသော ဘုံဘဝ၌ တဏှာ, ဒိဋ္ဌိတို့ဖြင့် "ငါ-ငါ့ဥစ္စာ-ငါ့လိပ်ပြာ"ဟု စွဲလမ်းဆုပ်ကိုင်မှု အလျဉ်းပင် မပြုမူ၍ ကိလေသာ အပူမီးတို့မှ အငြိမ်းကြီးငြိမ်း အအေးကြီးအေးပြီးလည်း ဖြစ်တယ်။ ကိလေသာမြူမှုန်တို့ဖြင့် လူးလဲပေကျံမှု မရှိသဖြင့် ကိလေသာမြူအညစ်အကြေး ကင်းဝေး စင်ကြယ်ပြီးဖြစ်တဲ့, ကောင်းမှုတည်းဟူသော မျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်း-သဖွယ်ဖြစ်တဲ့ ထိုရဟန္တာပုဂ္ဂိုလ်၌ ပေးလှူအပ်တဲ့ အလှူဒါနကောင်းမှုကုသိုလ်-ဟာ ပြန့်ပြောကြီးကျယ် မြင့်မြတ်တဲ့ အကျိုးတရားရှိတဲ့ ကောင်းမှုကုသိုလ်မျိုး ဖြစ်တယ်။

**၇။ ဗာလာ စ အဝိဇာနန္တာ၊ ဒုမ္မေဓာ အဿုတာဝိနော။**
**ဗဟိဒ္ဓါ ဒေန္တိ ဒါနာနိ၊ န ဟိ သန္တေ ဥပါသရေ။** (အံ၊၁၊၁၆၃။)

လောကမှာ အချို့အချို့သောသူတွေဟာ ဘယ်လိုသဘောရှိကြသလဲ? ဉာဏ်ပညာကလည်း မရှိကြ၊ အကြားအမြင် ဗဟုသုတကလည်း နည်းပါးကြ-တယ်။ ဒီလို မသိမလိမ္မာ ပညာဉာဏ်မရှိ၊ ဗဟုသုတ နည်းပါးတဲ့ လူမိုက်တွေ-ဟာ ဒီငါဘုရားရှင်ရဲ့ သာသနာတော်မှ ပြင်ပဝယ် အလှူဒါနကို အမြတ်တနိုး လှူဒါန်းပူဇော်ကြတယ်။ ဒီလူမိုက်တွေဟာ နိဗ္ဗာန်ရောက်ကြောင်း သူတော်-

ကောင်းတရားတွေကို ဟောကြားပြသ ဆိုဆုံးမမည့် အရိယာသူတော်ကောင်း-တို့ကိုကား မဆည်းကပ်ကြဘူး။

**၈။ ယေ စ သန္တေ ဥပါသန္တိ၊ သပ္ပညေ ဓီရသမ္မတေ၊**
**သဒ္ဓါ စ နေသံ သုဂတေ၊ မူလဇာတာ ပတိဋ္ဌိတာ၊**

**၉။ ဒေဝလောကဉ္စ တေ ယန္တိ၊ ကုလေ ဝါ ဣဓ ဇာယရေ၊**
**အနုပုဗ္ဗေန နိဗ္ဗာနံ၊ အဓိဂစ္ဆန္တိ ပဏ္ဍိတာ"တိ။** (အံ၊၁၊၁၆၃။)

လောကမှာ အချို့သောပုဂ္ဂိုလ်တွေကျတော့ ပညာရှိတို့ ချီးမွမ်းအပ်ကုန်-တဲ့ ပညာရှိသူတော်ကောင်းတို့ကို မှီဝဲ ဆည်းကပ်ကြတယ်။ ယင်းပုဂ္ဂိုလ်တို့ရဲ့ ယုံကြည်ချက် သဒ္ဓါတရားဆိုတဲ့ မျိုးစေ့ကလေးဟာ ဘုရားရတနာ, တရား-ရတနာ, သံဃာရတနာ, ဘုရားရှင်၏ အဆုံးအမ သာသနာဆိုတဲ့ လယ်ယာ-မြေကောင်းမှာ အမြစ်စွဲပြီးတော့ ကောင်းစွာ တည်နေပြီ ဖြစ်တယ်။ ဒီလို ပညာရှိသူတော်ကောင်းတွေဟာ သေလွန်သည်၏ အခြားမဲ့၌ နတ်ပြည်သို့လည်း လားရောက်ကြရတယ်။ လူ့ပြည်၌မူလည်း မြတ်သော အမျိုး၌ လူပြန်ဖြစ်ကြရတယ်။ အစဉ်သဖြင့် နိဗ္ဗာန်သို့လည်း ဆိုက်ရောက်ကြရတယ်။

ဒီလို ဘုရားရှင်က မိန့်ကြားတော်မူပါတယ်။ (အံ၊၁၊၁၆၂-၁၆၃။)

## ဘာကြောင့်လဲ? သဒ္ဓါ = မျိုးစေ့

**၁။ သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊** (သံ၊၁၊၁၇၅။)

စသည်ဖြင့် **ကသိဘာရဒွါဇသုတ္တန်**မှာ ဘုရားရှင် ဟောကြားထားတော်မူ-တဲ့အတိုင်း ကုသိုလ်တရား မှန်သမျှတို့တွင် သဒ္ဓါတရားဟာ မျိုးစေ့နဲ့ တူတယ်။ ပကတိမျိုးစေ့ကို လယ်ယာမြေကောင်းမှာ ကြဲချစိုက်ပျိုးလိုက်ရင် အောက်မြေ-ကြီးထဲမှာ အမြစ်က တွယ်သွားတယ်၊ အပေါ်မှာ အညွန့်ကို တက်လာစေ-တယ်။

အလားတူပဲ သဒ္ဓါဆိုတဲ့ မျိုးစေ့ကလေးကို ကောင်းမှုတည်းဟူသော မျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ ဘုရားရှင်ရဲ့

သာသနာ့လယ်ယာမြေကောင်းမှာ ကြဲချစိုက်ပျိုးလိုက်ရင်, ကိလေသာ မြေခွေးတွေ ဝင်မကိုက်အောင် ဣန္ဒြေတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတဲ့ မိုးရေကလည်း လုံလောက်စွာ ပက်ဖျန်းပေးလိုက်ရင် အောက်သာသနာ့မြေမှာ သီလဆိုတဲ့ အမြစ်က တွယ်ပြီးတော့ တည်နေပြီ။ အပေါ်ပိုင်းမှာ သမထ-ဝိပဿနာဆိုတဲ့ အညွန့်လေးက တလူလူနဲ့ ထွက်ပေါ်လာတယ်။ (သံ၊၄၊၁၊၂၃၀။)

၂။ ပကတိသော စပါးမျိုးစေ့ရဲ့ အမြစ်ဟာ ပထဝီရသဓာတ်ရည် အာပေါ-ရသဓာတ်ရည်ဆိုတဲ့ မြေဆီ ရေဆီတွေကို စုပ်ယူပြီး ရိုးတံကနေတစ်ဆင့် အဲဒီ ရသဓာတ်ရည်တွေကို သယ်ဆောင်ယူလာလိုက်တာ တဖြည်းဖြည်း စပါးသီးတွေ ရင့်ကျက်တဲ့အဆင့်ထိ ရောက်ရှိကာ ကြီးပွား တိုးတက်လာ-တယ်။

အလားတူပဲ သာသနာ့လယ်ယာမြေကောင်းမှာ ကြဲချစိုက်ပျိုးလိုက်တဲ့ သဒ္ဓါမျိုးစေ့ကြောင့် ဖြစ်ပေါ်လာတဲ့ သီလဆိုတဲ့ အမြစ်က သမထ-ဝိပဿနာဆိုတဲ့ ရသဓာတ်ရည်တွေကို စုပ်ယူပြီးတော့ သောက်သုံးလိုက်ကာ အရိယမဂ်-ဉာဏ်ဆိုတဲ့ ရိုးတံထဲသို့ အရောက် ပို့ဆောင်ပေးလိုက်တယ်။ အဲဒီ အရိယမဂ်-ဉာဏ်ရိုးတံအထိ ပျံ့နှံ့တည်နေတဲ့ သမထ-ဝိပဿနာရသဓာတ်ရည်တွေ-ကြောင့် အရိယမဂ်ရိုးတံကြီးက အရိယဖိုလ်ဉာဏ်ဆိုတဲ့ စပါးသီးတွေကို သီးစေပြန်တယ်။ တဖြည်းဖြည်း ယင်းစပါးသီးတွေလည်း ရင့်ကျက်လာတယ်၊ တိုးပွားလာတယ်။ (သံ၊၄၊၁၊၂၃၀။)

၃။ နောက်တစ်ခု ရှိသေးတယ် – ပကတိလယ်ယာမြေကောင်းမှာ အမြစ်တွယ်ပြီး ကောင်းစွာ ရပ်တည်နေတဲ့ စပါးမျိုးစေ့ဟာ အမြစ်, အညွန့်, အရွက်, ရိုးတံ, ရိုးဆစ်တွေမှ တစ်ဆင့် စိမ့်ဝင် စီးဆင်းလာတဲ့ ပထဝီရသ-ဓာတ်ရည် အာပေါရသဓာတ်ရည်တွေကြောင့် စပါးပင်တွေဟာ ကြီးပွား-ခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရှိကာ နို့ရည်ကို ဖြစ်စေသဖြင့် များပြားလှတဲ့ သလေးစပါးဖုံးဆိုတဲ့ ကိုယ်ဝန်ကို သယ်ဆောင်ကာ သလေးစပါးသီးကို ဖြစ်စေသလိုပဲ –

အလားတူပဲ — ဒီသဒ္ဓါဆိုတဲ့ မျိုးစေ့ဟာ စိတ်အစဉ်မှာ အမြစ်တွယ်ပြီး ရပ်တည်နေမယ်ဆိုရင် —

၁။ သီလဝိသုဒ္ဓိ = သီလစင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ = စိတ်စင်ကြယ်ခြင်း (= ဥပစာရသမာဓိနှင့်တကွ ဈာန်သမာပတ် ရှစ်ပါးတို့ကို ရရှိသဖြင့် စိတ်အစဉ်၌ နီဝရဏကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်ခြင်း)၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ = ရုပ်+နာမ်ကို ပရမတ်သို့ ဆိုက်အောင် ထိုးထွင်းသိသဖြင့် အတ္တဒိဋ္ဌိ ကင်းစင်သဖြင့် ဉာဏ်အမြင် စင်ကြယ်ခြင်း၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ = ကာလသုံးပါးလုံး၌ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုးဆက်နွယ်မှုသဘောကို ဟုတ်တိုင်းမှန်စွာ သိသဖြင့် ယုံမှားခြင်းကင်းသဖြင့် ဉာဏ်အမြင် စင်ကြယ်ခြင်း၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = ဝိပဿနာညစ်ညူးကြောင်း ကိလေသာ အညစ်အကြေးတို့မှ လွတ်မြောက်သွားသဖြင့် ဝိပဿနာဉာဏ်အမြင် စင်ကြယ်ခြင်း၊

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ = ဥပက္ကိလေသ အညစ်အကြေးတို့မှ လွတ်မြောက်သွားသော အထက်ပိုင်း ဝိပဿနာဉာဏ်အမြင်တို့ အားလုံးတို့ရဲ့ စင်ကြယ်ခြင်းဆိုတဲ့ —

အားလုံး အရိယမဂ် မဆိုက်မီ ရှေ့ပိုင်းမှာ ဝိသုဒ္ဓိကျင့်စဉ် (၆)မျိုး ရှိပါတယ်။ သဒ္ဓါမျိုးစေ့က သီလဆိုတဲ့ အမြစ်တွယ်ပြီးနောက် သမထ-ဝိပဿနာဆိုတဲ့ အညွန့်ကို ဖြစ်စေပြီးတဲ့အခါ ခုပြောခဲ့တဲ့ ဝိသုဒ္ဓိ (၆)ပါးတို့ဖြင့် ကြီးပွားခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရှိလာတယ်။ အဲဒီလို ရောက်ရှိလာတဲ့အခါ = ဉာဏဒဿနဝိသုဒ္ဓိ = မဂ်ဉာဏ်အမြင်ရဲ့ စင်ကြယ်ခြင်းဆိုတဲ့ မဂ်ဉာဏ်နို့ရည်ကို ဖြစ်စေပြန်တယ်။ ဒီလို အဆင့်မြင့်တဲ့ မဂ်ဉာဏ်နို့ရည်ကို ဖြစ်စေပြီးတဲ့နောက်မှာ ပဋိသမ္ဘိဒါဉာဏ်လေးပါး အဘိညာဉ်ခြောက်ပါးဆိုတဲ့ ကိုယ်ဝန်ကို သယ်ဆောင်ထားတဲ့ အရဟတ္တဖိုလ်အသီးကို သီးစေတယ်၊ ဖြစ်စေတယ်၊

ပြီးစီးစေတယ်။ (သံ၊၄၊၁၊၂၃၀။)

သာသနာ့နယ်မြေကောင်းမှာ ကုသိန္ဒြိယသံဝရသီလဆိုတဲ့ မိုးရေ အကူ-
အညီနဲ့ ကြဲချစိုက်ပျိုးလိုက်တဲ့ သဒ္ဓါဆိုတဲ့ မျိုးစေ့က သီလဆိုတဲ့ အမြစ်ကို
တွယ်စေပြီးနောက် သမထ-ဝိပဿနာဆိုတဲ့ အညွန့် အညှောက်တွေကို
အဆင့်ဆင့် ဖြစ်ပေါ်စေလိုက်တဲ့အခါ ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့်
တက်ပြီးနောက် ရင့်ကျက်လာတဲ့ ဝိပဿနာဉာဏ်တွေရဲ့ အဆုံးမှာ အရိယ-
မဂ်ဉာဏ်တွေက အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်ကို အာရုံယူကာ ဖြစ်ပေါ်
လာကြတယ်။ ယင်းအသီးအသီးသော အရိယမဂ်ဉာဏ်တွေက အဆင့်ဆင့်-
သော ဆိုင်ရာဆိုင်ရာ အရိယဖိုလ်ဆိုတဲ့ အသီးတွေကို သီးစေကြတယ်။ အဲဒီ
အရိယဖိုလ်အသီးတွေက ပဋိသမ္ဘိဒါဉာဏ်လေးပါး အဘိညာဉ် ခြောက်ပါး
ဆိုတဲ့ ဂုဏ်ထူးတွေကိုပါ သယ်ဆောင်လာကြတယ်။ ဒါကြောင့် ဘုရားရှင်က
ဝစ္ဆဂေါတ္တသုတ္တန် နိဂုံးမှာ —

**အနုပုဗ္ဗေန နိဗ္ဗာနံ၊ အဓိဂစ္ဆန္တိ ပဏ္ဍိတာ။**

ထိုပညာရှိသူတော်ကောင်းတွေဟာ အစဉ်သဖြင့် နိဗ္ဗာန်သို့ ဆိုက်ရောက်
ကြရကုန်၏ – လို့ မိန့်ကြားတော်မူခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျောင်းဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့-
လည်း သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် သံဃိကကျောင်းဆောင်ကို
ဆောက်လုပ်လှူဒါန်းတာ ဖြစ်သည့်အတွက် သာသနာ့လယ်ယာမြေကောင်း-
မှာ သဒ္ဓါတရားတည်းဟူသော မျိုးစေ့ကို ကြဲချစိုက်ပျိုးလိုက်ကြခြင်းပဲ ဖြစ်ပါ-
တယ်။ ယင်းသဒ္ဓါမျိုးစေ့မှ အောက်အဖို့တွင် သီလတည်းဟူသော အမြစ်-
တွယ်ပြီးနောက် အထက်အဖို့တွင် သမထ-ဝိပဿနာ အညွန့် အညှောက်တွေ
အောင်အောင်မြင်မြင် ထွက်ပေါ်လာအောင် ကျင့်ကြံကြိုးကုတ် ပွားများအား-
ထုတ်နိုင်ကြပါစေ၊ အဆင့်ဆင့်သော ဝိပဿနာဉာဏ်များ ရင့်ကျက်အောင်
ကြိုးစားအားထုတ်နိုင်ကြပါစေ၊ ထိုသို့ အားထုတ်နိုင်ကြသဖြင့် အရိယမဂ်ဉာဏ်
တည်းဟူသော နို့ရည်ကို သောက်သုံးနိုင်ကြပါစေ။ ထိုသို့ သောက်သုံး နိုင်သ-

ဖြင့် အဆင့်ဆင့်သော အရိယဖိုလ်သီးတို့ကို ရရှိနိုင်ကြပါစေ။ ထိုသို့ အဆင့်ဆင့်သော အရိယဖိုလ်သီးတို့ကို ရရှိသည်အထိ အားထုတ်သွားတော်မူကြသော ရှေးသူဟောင်းတို့၏ ထုံးကို နှလုံးမူကာ အတုလိုက်ကာ ကျင့်ကြံကြိုးကုတ်ပွားများ အားထုတ်နိုင်ကြပါစေဟု တိုက်တွန်းလျက် တရားသိမ်းကြစို့ . . .

**ဟိတွာ ကာမေ ပဗ္ဗဇိံသု၊ သန္တော ဂမ္ဘီရစိန္တကာ။**
**တေ တုမှေပျနုသိက္ခာဝှေါ၊ ပဗ္ဗဇိတာ သုပေသလာ။**

**သန္တော** ▪ ဘုရားအလျာ ပစ္စေကာနှင့် အရိယာနွယ်လောင်း ဟိုတို့ရှေ့ကသူတော်ကောင်းတို့သည်။

**ဂမ္ဘီရစိန္တကာ** ▪ နက်နဲသည့် ခတ်သဘောတွေကို နက်နဲစွာ ကြံဆင် အကြံကောင်း ဝင်တော်မူကြကုန်သည်ဖြစ်၍။

**ကာမေ** ▪ ရှေးကပြုဖန် ကုသိုလ်ကံတို့ စီမံထောက်မ လက်ရောက်ရသား များလှဇနီးသည် ကြီးကြီးငယ်နှင့် နှီးနွယ်ရောယှက်ကိုယ်တော်တို့ ပိုင်သသည့် ကာမဝတ္ထုအစုစုတို့ကို။

**ဟိတွာ** ▪ ငါတို့ပိုင်ငြား ဤကာမတရားတို့သည် အများနှင့် ဆက်ဆံဘေးတွေက ဝန်းရံ ရန်တွေက မြောက်မြား တကယ်ကိုကြောက်လန့်ဖွယ်တွေပါတကားဟု ကြောက်အားတော်ဉာဏ်ကြွယ် လွတ်လွတ်ကြီး စွန့်ပယ်တော်မူကြကုန်သည်ဖြစ်၍။

**ပဗ္ဗဇိံသု** ▪ ဃရာဝါသ သမ္ဗာဓဟု ကိစ္စများမြောင် လူတို့ဘောင် ဝဋ်နှောင်ကို လွတ်အောင်ကြိုးလျက် ရုန်းကန်ထွက်၍ နှစ်သက်ရွှင်လန်း ရှင်ရဟန်း ပြု၍ တောထွက်တော်မူကြလေကုန်ပြီ။

**တုမှေပိ** ▪ မြတ်နေကွ္ခမ္မ ခတ်အာသယဟု ဆန္ဒကိန်းအောင်း သင်သူတော်ကောင်းတို့သည်လည်းပဲ။

**ပဗ္ဗဇိတာ** ▪ ဝတ္ထုကာမ ဟူသမျှမှ မရအရ ကြိုးလျက် ရှန်းကန် ထွက်ကြကုန်သည်ဖြစ်၍။

**သုပေသလာ** ▪ စာမရီသား မြီးဖျားခုံမင် ပုံအသွင်သို့ ချစ်ခင်လေးမြတ် နှစ်သက်အပ်သော သီလ ကိုယ်စီကိုယ်င ရှိကြကုန်သည်ဖြစ်၍။

**တေ** ▪ ထိုဘုရားအလျာ ပစ္စေကာနှင့် အရိယာနွယ်လောင်း ဟိုတို့ရှေ့က သူတော်ကောင်းတို့ကို။

**အနုသိက္ခာဝှေါ** ▪ အတုလိုက်ကာ ကျင့်တတ်ရာကို ကျင့်ကာမသွေ . . အားထုတ်နိုင်ကြပါစေကုန်သတည်း . . . ။

(သာဓု သာဓု သာဓုပါဘုရား . . . )

**ဖားအောက်တောရဆရာတော်**

စိတ္တလတောင်ကျောင်း
ဖားအောက်တောရ
မော်လမြိုင်မြို့နယ်
မွန်ပြည်နယ်။

# မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွှန်း

## အက္ခရာစဉ်အညွှန်း – မာတိကာ


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | ၃၄၆ |
| [ အာ ] | ၃၄၇ |
| [ ဤ ] | ၃၄၇ |
| [ ဥ ] | ၃၄၇ |
| [ ဧ ] | ၃၄၇ |
| [ ဩ ] | ၃၄၇ |
| [ က ] | ၃၄၇ |
| [ ခ ] | ၃၄၈ |
| [ ဂ ] | ၃၄၈ |
| [ ဃ ] | ၃၄၈ |
| [ င ] | ၃၄၈ |
| [ စ ] | ၃၄၈ |
| [ ဆ ] | ၃၄၈ |
| [ ဇ ] | ၃၄၈ |
| [ ည ] | ၃၄၈ |
| [ တ ] | ၃၄၈ |
| [ ထ ] | ၃၄၉ |
| [ ဒ ] | ၃၄၉ |
| [ ဓ ] | ၃၄၉ |
| [ န ] | ၃၄၉ |
| [ ပ ] | ၃၄၉ |
| [ ဖ ] | ၃၅၀ |
| [ ဗ ] | ၃၅၀ |
| [ ဘ ] | ၃၅၀ |
| [ မ ] | ၃၅၀ |
| [ ယ ] | ၃၅၀ |
| [ ရ ] | ၃၅၀ |
| [ လ ] | ၃၅၁ |
| [ ဝ ] | ၃၅၁ |
| [ သ ] | ၃၅၁ |
| [ သင်္ချာ ] | ၃၅၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကောင်းဆုံးသော က္ရိယာပုထ် | ၅၁ |
| အကြောင်းတရား ငါးပါး | ၃၀၀ |
| အကြောင်းတရားတွေကို သိမ်းဆည်းပုံစနစ်တစ်ခု | ၃၀၁ |
| အကြောင်းပရိယာယ်တစ်မျိုး | ဥ |
| အကြည်အတုံးအခဲ | ၂၇၇ |
| အကြည်ဓာတ်ဆိုတာ | ၂၇၈ |
| အဂ္ဂိဝစ္ဆသုတ္တန်ကောက်နုတ်ချက် | ဗ |
| အစ-အလယ်-အဆုံး အကုန်-လုံးကို ထင်ထင်ရှားရှား သိအောင် ရှုပါ | ၆၀ |
| အစ-အလယ်-အဆုံးကို ထင်ထင်ရှားရှား သိအောင် ကျင့်ပါ | ၉၁ |
| အစောင့်လေးပါး ကမ္မဋ္ဌာန်း | ၁၄၆ |
| အဆင့်မြင့်သော သုညတ သဘာဝ | ၃၃၄ |
| အဇာတသုတ္တန် | တ |
| အဇ္ဈတ္တကာယ + ဗဟိဒ္ဓကာယ | ၂၉၅ |
| အညိုရောင်ကသိုဏ်း + အဝါရောင်ကသိုဏ်း | ၁၆၆ |
| အဋ္ဌကထာ၏ရှင်းလင်းချက် | ဋ |
| အဋ္ဌကထာကြီးများ၏ ရှင်းလင်းချက် | ၈၇ |
| အတိတ်ဇာတ်လမ်း | ၂၄၂ |
| အတိတ်မှ အတိတ်သို့ | ၃၀၉ |
| အဓိဋ္ဌာနဝသီဆိုတာ | ၁၃၃ |
| အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်ရ-ခြင်း၏ အကြောင်းရင်း | ၃၂၅ |
| အနိမိတ္တစေတောသမာဓိ | ၂၂၉,၃၁၅ |
| အနုပ္ပါဒနိရောဓ | ၃၁၁, ၃၁၂ |
| အနုလောမပဋိစ္စသမုပ္ပါဒ် | ၂၉၅ |
| အနုသိက္ခာဝေါ | ၃၄၄ |
| အပရိဇာနနသုတ္တန် | ၂၉၄ |
| အပရိဇာနနသုတ္တန် ကောက်နုတ်ချက် | ၁၂၆ |
| အဖြူရောင် အတုံးအခဲ | ၂၇၆ |
| အဘိဇ္ဈာ | ၅၆ |
| အဘိသင်္ခေယိတတရား | ၃၂၄ |
| အရည်သညာ | ၃၂ |
| အရိယာနွယ်လောင်း | ၃၄၄ |
| အရူပပရိဂ္ဂဟ | ၂၉၄ |
| အရှင်အာနန္ဒာ သိရှိတော်မူတဲ့ သုညတ | ၂၈ |
| အရှည်, အတို | ၅၈ |
| အလွန်မြတ်ဆုံးသော သုညတ | ၃၃၅ |
| အသဿာသပဿာသ | ၁၀၂ |

**အက္ခရာစဉ်** **စာမျက်နှာ**

## [ အာ ]


အာကာသကသိုဏ်း =
ကောင်းကင်ကသိုဏ်း ၁၈၆
အာကာသဓာတ်ဆိုတာ ၂၈၄
အာကာသာနဉ္စာယတန-
ဈာန်စိတ် ၁၉၀
အာကာသာနဉ္စာယတနဈာန်
ရရှိရေးအတွက်
ဆင်ခြင်ရန် ၁၈၇
အာကာသာနဉ္စာယတနဈာန်-
သို့ ၁၈၃
အာကိဉ္စညာယတနသညာသို့ ၂၀၄
အာဂန္တုကစိတ် ၁၆
အာနာပါနကမ္မဋ္ဌာန်းပိုင်း ၄၉
အာနာပါနနိမိတ်၏
ပေါ်စအချိန် ၉၅
အာပေါကသိုဏ်း =
ရေကသိုဏ်း ၁၈၄
အာလောကကသိုဏ်း =
အလင်းရောင်ကသိုဏ်း ၁၈၆
အာဝဇ္ဇနဝသီ ၁၃၂
အာသဝက္ခယသုတ္တန် ၀
အာဟာရလေးပါး ၃၀၀
အာဠာရရသေ့နှင့်
ဥဒကရသေ့ ၂၁၇


**အက္ခရာစဉ်** **စာမျက်နှာ**

## [ ဤ ]


ဤသို့ မကြာခဏ ဆင်ခြင်ပါ ၁၀၇


## [ ဥ ]


ဥဂ္ဂဟနိမိတ် ၁၀၁
ဥဒယဗ္ဗယဉာဏ် (၅၀) ၂၉၇
ဥပစာရသမာဓိနှင့် အပ္ပနာဈာန်
သမာဓိတို့၏ ထူးခြားချက် ၁၂၃
ဥပ္ပါဒနိရောဓ ၃၁၁


## [ ဧ ]


ဧကဂ္ဂတာ ဆိုတာ ၁၂၃
ဧကဒေသ = တစ်စိတ်-
တစ်ဒေသဟုသည် ၂၃၉


## [ ဩ ]


ဩဒါတ = အဖြူရောင်
ကသိုဏ်း ၁၆၂


## [ က ]


ကကစူပမာ = လွှဥပမာ ၆၂
ကာလဒေဝိလရသေ့ ၂၂၄
ကိလေသပရိနိဗ္ဗာန် ၃၁၂
ကုမ္မောပမသုတ္တန် ၁၀၉
ကူဋ္ဌာဂါရသုတ္တန် ၈၀
ကံလို့ ခေါ် ၃၀၀

**အက္ခရာစဉ်** — **စာမျက်နှာ**

ကြည်ညိုဖွယ်ရာ
ရဟန်းတော်တစ်ပါး ၃၄၀

**[ ခ ]**

ခဏိကသမာဓိ ၂၃၂
ခန္ဓပရိနိဗ္ဗာန် ၃၁၂
ခန္ဓာကိုယ် အနေအထား ၄၉

**[ ဂ ]**

ဂမ္ဘီရစိန္တကာ ၃၄၃
ဂါဝီဥပမာသုတ္တန် မှတ်ချက် ၁၃၃

**[ ဃ ]**

ဃဋီကာရပြဟ္မာ ၂၁၉
ဃရာဝါသ သမ္ဗာဓ ၃၄၃

**[ င ]**

ငြိမ်သက် သိမ်မွေ့ခြင်း -
ငြိမ်းခြင်း ၉၃

**[ စ ]**

စတုတ္ထစျာန်သို့ ၁၄၂
စာမရီသား မြီးဖျားခုံမင် ၃၄၃
စုတိစိတ် လေးမျိုး ၃၀၈
စူဠသုညတသုတ္တန် နိဒါန်း ၂၁
စေတီ ၁၁၈
စေတီအိမ် ၁၁၉
စွမ်းအားကြီး ငါးခု ၆၆

**[ ဆ ]**

ဆရာဆိုတာ ၁၄၉

**[ ဈ ]**

ဈာန်အင်္ဂါ ၁၂၁
ဈာန်ဆိုတာ ၁၂၀
ဈာန်နှင့် အဘိညာဏ်
ထူးခြားချက် ၁၂၀
ဈာန်လို့ ခေါ် ၁၂၁

**[ ဉ ]**

ဉာဏတရား ၃၂၆
ဉာတဆိုတာ ၃၂၆
ဉာတပရိညာဆိုတာ ၁၂၈
ဉာဏ်ရောင်ဆိုတာ ၁၁၃

**[ တ ]**

တတိယဈာန်သို့ ၁၄၀
တရားအားထုတ်တဲ့
ပုဂ္ဂိုလ်ဆိုတာ ၁၈၂
တီရဏပရိညာဆိုတာ ၁၂၈
တေဇောကသိုဏ်း =
မီးကသိုဏ်း ၁၈၅
တိုက်တွန်းချက် ဥယျောဇဉ် ဤ
တစ်ခုတည်းသော ပူပန်မှု ၁၇၉

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ထ ]** | |
| ထိုင်တိုင်း သမာဓိကို ထူထောင်ပါ | ၂၆၃ |
| ထောက်ကန် | ၂၆၈ |
| **[ ဒ ]** | |
| ဒုက္ခသစ္စာ | ၂၃၂ |
| ဒုတိယစျာန်သို့ | ၁၃၅ |
| ဒုတိယနိဗ္ဗာနပဋိသံယုတ္တသုတ် | ၈ |
| ဒေသနာစဉ်အတိုင်း ရှုပါ | ၂၇၁ |
| ဒေါမနဿ | ၅၆ |
| **[ ဓ ]** | |
| ဓညမာပက = စပါးခြင်သမား ရေတွက်နည်း | ၆၄ |
| ဓမ္မဓိဋ္ဌာန်ပိုင်း | ၂၄၆ |
| ဓားမနောက်ပိတ်ခွေး | ၁၂၁ |
| ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်း | ၂၃၆ |
| ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာများ | ၂၆၁ |
| ဓာတ်သဘောတရား (၁၂)ခုကို ရှုပုံ | ၂၆၄ |
| **[ န ]** | |
| နာမရူပပရိစ္ဆေဒဉာဏ် | ၂၃၃ |
| နိရောဓသစ္စာ | ပ |
| နီလကသိုဏ်း + ပီတကသိုဏ်း | ၁၆၆ |
| နေဝသညာနာသညာယတန-သညာသို့ | ၂၁၁ |
| နာမ်ကမ္မဋ္ဌာန်းပိုင်း | ၂၈၉ |
| နွားလားဥသဘ၏ သွားရေပမာ | ၁၇၅ |
| **[ ပ ]** | |
| ပစ္စယပရိဂ္ဂဉာဏ် | ၂၉၆ |
| ပဋိကူလမနသိကာရဆိုတာ | ၁၅၄ |
| ပဋိကူလမနသိကာရလမ်း | ၁၅၄ |
| ပဋိစ္စသမုပ္ပါဒ်ရှုကွက် သမ္မုတိ သစ္စာနှင့် ပရမတ္ထသစ္စာ | ၂၉၈ |
| ပဋိဘာဂနိမိတ် | ၁၀၂ |
| ပဋိလောမပဋိစ္စသမုပ္ပါဒ် | ၂၉၇ |
| ပဋိသန္ဓေစိတ် | ၂၉၃ |
| ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်သည့် ဉာဏ်ရောင်တော် | ၂၈၁ |
| ပထမစျာန်သို့ | ၁၃၀ |
| ပထမနိဗ္ဗာနပဋိသံယုတ္တသုတ် | ၉ |
| ပထဝီကသိုဏ်း | ၁၇၁ |
| ပထဝီသညာ | ၄၂, ၁၇၃ |
| ပပါတသုတ္တန် | ဟ |
| ပရမတ္ထသစ္စာဆိုတာ | ၂၉၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပရိကမ္မနိမိတ်-ဥဂ္ဂဟနိမိတ် | ၁၀၁ |
| ပဟာနပရိညာဆိုတာ | ၁၂၈ |
| ပီတိဆိုတာ | ၁၂၃ |
| ပုဗ္ဗယောဂကျင့်စဉ် | ၁၀ |
| ပုဗ္ဗာရုံကျောင်း၏ သုညတသဘာဝ | ၃၀ |
| ပူပန်မှုတွေ ငြိမ်းအေး ရပ်စဲသွားပြီ | ၁၇၈ |
| ပယ်ရှားရမည့်အင်္ဂါ (၂)ရပ် | ၅၆ |
| ပြိုးပြိုးပြက် တလက်လက် တောက်ပလတ်သော် | ၁၀၅ |
| ပြည့်စုံရမည့် အင်္ဂါ (၃)ရပ် | ၅၂ |
| **[ ဖ ]** | |
| ဖောင်ဥပမာရှိသောတရား | ၉၀ |
| **[ ဗ ]** | |
| ဗဟိဒ္ဓ သက်မဲ့လောကသို့ | ၁၆၈ |
| ဗောဇ္ဈင် (၇)ပါး ညီမျှရေး | ၁၃၈ |
| **[ ဘ ]** | |
| ဘဝင်စိတ် | ၂၉၃ |
| ဘဝင်မနောအကြည်ဆိုတာ | ၁၁၃ |
| ဘုရားရှင်၏ တိုက်တွန်းတော်-မူချက် | ၃၃၆ |
| **[ မ ]** | |
| မညနှာ | ၂၅၁ |
| မနောဒွါရ = ဘဝင်မနော-အကြည်ဆိုတာ ဘာလဲ? | ၁၁၃ |
| မရှိတဲ့ပူပန်မှုနှင့် ရှိတဲ့ပူပန်မှု | ၃၁၇ |
| မဟာဂေါပါလကသုတ္တန်အဆို | ၂၅၆ |
| မဟာနိဒါနသုတ္တန် | ၈၃ |
| မုခ်ဦးကြီး သုံးခုဆိုတာ | ၁၅၂ |
| မာန်မာနကို ချိုးနှိမ်ရန် | ၂၄၄ |
| မြတ်သော အသက်ရှုခြင်း | ၅၇ |
| **[ ယ ]** | |
| ယောနိသောမနသိကာရ တစ်မျိုး | ၁၇၀ |
| **[ ရ ]** | |
| ရဟန္တာအရှင်မြတ်တို့ နေထိုင်နေတဲ့ နယ်ပယ် | ၂၅၁ |
| ရူပပရိဂ္ဂဟ | ၂၉၄ |
| ရူပါရူပပရိဂ္ဂဟ | ၂၉၄ |
| ရူပပုဒါနက္ခန္ဓာ | ၇၅ |
| ရိုင်းစိုင်းတဲ့ အပြုအမူ | ၂၄ |
| ရုပ်ကမ္မဋ္ဌာန်းပိုင်း | ၂၃၅ |
| ရုပ်ဃန = ရုပ်တုံးရုပ်ခဲကို ဖြိုခွဲပါ | ၂၈၇ |
| ရုပ်တရား (၁၁)မျိုး | ၇၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ရုပ်တရားဆိုတာ | ၆၈, ၂၅၇ |
| ရုပ်တို့ရဲ့ သက်တမ်း | ၇၀ |
| ရုပ်ပရမတ်တွေကို စတင် သိမ်းဆည်းပုံ | ၂၈၅ |
| ရုပ်ဟူသည် | ၆၈ |
| ရွာဟူသောအမှတ်သညာမှ ဆိတ်သုဉ်းမှုသဘော | ၃၅ |
| ရှေးခေတ် ယဉ်ကျေးမှု | ၂၄ |
| ရှင်သေမင်း မမြင်နိုင်သူ | ၂၀ |

[ လ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| လက္ခဏာဟာရနေတွတ်နည်း | ၂၄၈ |
| လူသတ်သမားကြီး | ၂၅၀ |
| လူဟူသော အမှတ်သညာမှ ဆိတ်သုဉ်းမှုသဘော | ၃၅ |
| လောကကို သုညဆိုက်- အောင်သာ ကြည့်ပါ | ၁ |
| လောကကို သုညဖြစ်အောင် ကြည့်ပါ | ၃ |
| လောဟိတ = အနီရောင် ကသိုဏ်း | ၁၆၇ |
| လင်းရောင်ခြည်ဆိုတာ | ၂၈၀ |
| လမ်းနှစ်သွယ်ဆိုတာ | ၂၃၃ |
| လမ်းသုံးသွယ် | ၁၅၂ |

[ ဝ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဝယမ္မောနုပဿီပိုင်း | ၃၁၁ |
| ဝသီဘော် ငါးတန် | ၁၃၂ |
| ဝါယောကသိုဏ်း = လေကသိုဏ်း | ၁၈၅ |
| ဝါယောဓာတ်က စရှုပုံ | ၂၆၂ |
| ဝိစာရဆိုတာ | ၁၂၃ |
| ဝိညာဏဉ္စာယတနသညာ ဆိုတာ | ၁၉၇ |
| ဝိညာဏဉ္စာယတနသညာသို့ | ၁၉၇ |
| ဝိတက်ဆိုတာ | ၁၂၃ |
| ဝိပဿနာဆိုတာ | ၂၃၁ |
| ဝိပဿနာပိုင်း | ၂၃၁ |
| ဝိပဿနာရဲ့အခြေပါဒကစျာန် | ၂၆၃ |
| ဝီထိစိတ်ဆိုတာ | ၂၉၃ |
| ဝီထိမုတ်စိတ် | ၂၉၃ |
| ဝင်လေထွက်လေဆိုတဲ့ ကမ္မဋ္ဌာန်းအာရုံပေါ်သို့ | ၅၁ |
| ဝင်လေထွက်လေ ထိသည့်နေရာ | ၆၁ |

[ သ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သဉပါဒိသေသနိဗ္ဗာနဓာတ် + အနုပါဒိသေသနိဗ္ဗာနဓာတ် | ၉ |
| သဉပါဒိသေသနိဗ္ဗာန် | ၃၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သင်္ခါရတရားဆိုတာ | ၂၅၁ |
| သစ္စာလေးပါးကို သိရန် | ၇၂ |
| သစ္စာလေးပါးကို ဟုတ်တိုင်း မှန်စွာ သိရှိရေးအတွက်သာ | ၈၉ |
| သတိကို ဈေးရှုကပ်ထားပါ | ၅၁ |
| သတိပြုရန် အချက်တစ်ရပ် | ၁၃၇ |
| သတိမြဲပါစေ | ၅၇ |
| သဒ္ဓါဆိုတာ | ၆၅ |
| သဘာဝလက္ခဏာကို ဦးစားပေး ရှုပါ | ၂၇၅ |
| သဘာဝလက္ခဏာဆိုတာ | ၂၇၅ |
| သဘောရိုးတယ်ဆိုတာ | ၁၂၄ |
| သမာဓိကို ထူထောင်ပါ | ၆၆ |
| သမာဓိကြောင့် ရရှိတဲ့ အကျိုး ဂုဏ်အင် | ၁၄၇ |
| သမုဒယမဓမ္မာနုပဿီ | ၃၀၆ |
| သမုဒယသစ္စာ | ၇၆, ၇၇ |
| သမ္မပ္ပဓာန် လုံ့လဝီရိယ | ၅၂ |
| သမ္မုတိသစ္စာဆိုတာ | ၂၉၈ |
| သဟမ္မတိပြဟ္မာ | ၂၁၈ |
| သာသနာတော်မှာ သတ်မှတ်ထားတဲ့ ယဉ်ကျေးမှု | ၂၃ |
| သုခဆိုတာ | ၁၂၃ |
| သုညတနှင့် အသုညတ သဘော | ၁၉၃ |
| သုညတပဋိသံယုတ္တကထာ | ၂၉ |
| သုညတသဘောကို သက်ဝင်ပြီး နေထိုင်ခြင်း | ၂၉ |
| သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ် | ၂၃၄ |
| သုပေသလာ | ၃၄၃ |
| သောတာနုဂတသုတ္တန် ကောက်နုတ်ချက် | ၁၁ |

**[ သင်္ချော ]**

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (၃၂)ကောဋ္ဌာသသို့ | ၁၄၇ |


**မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွှန်း ပြီး၏။**

✧✧✧